

ကုန်းကြွယ်
လက်နက်သားကောင်
သိုင်းထွဋ်ခေါင်
ပ+၃
ဇာတ်သိမ်း






လွင်စာပေ
အမှတ် ၁၅/၁၃၈၊ မြေသစ်
ဖုန်း ၂၁၃၄၈

# ကွန်းကြွယ်

လက်နက်သားကောင်
သိုင်းထွင့်ခေါင်

ဓာတ်သိမ်း

## အခန်း (၁၇)

တင်ဟိုင်မြို့ဆီသို့ ဦးတည်၍ ချန်းလီမြင်းကိုအသေ့နှင်ခရီးဆက်လာသည်။ သူ၏ဆရာ စင်းချန် လုပ်ကြံခံရသည်မှာ နှစ်အတော်ကြာခဲ့ပြီ၊ ထိုအတောအတွင်း ချန်းလီသည်သိုင်းလေ့ကျင့်မှုများကို မရပ်မနား လေ့ကျင့်ခဲ့သည်။

ဆရာမရှိသော်လည်း ဆရာ့စကားကို မြေဝယ်မကျ နားထောင်ခဲ့သည်။ သိုင်းလေ့ကျင့်ခြင်းဖြင့်သာ အချိန်ကုန်ခဲ့သဖြင့် ဆရာ့ကိုလုပ်ကြံသွားသူ၏သတင်းကို အစအနပင်မရခဲ့ပေ။

ယခုအခါ ဆရာစကားအတိုင်း အသက် တစ်ဆယ့်ရှစ်နှစ်ပြည့်ခဲ့ပြီ။ ထို့ကြောင့်ပင် လူသတ်သမား အဆိပ်အပ်ရှင်ကို စုံစမ်းရှာဖွေရန် ထွက်ခွာခဲ့ခြင်းဖြစ်သည်။ ယခုမှ သူ၏ခရီး အစပင်ရှိသေးသည် အဆိပ်အပ်ရှင်၏လက်နက်ကို စတင်၍ တွေ့ရှိရလေပြီ။

သူထွက်ခွာရာလမ်းတွင် အဆိပ်အပ်ဖြင့် လူတစ်ယောက် လုပ်ကြံခံရခြင်းမှာ တိုက်ဆိုင်မှုပင်လား၊ ရန်သူက မိမိကိုသိနေပြီလား။





သို့မဟုတ် တမင်ပင် သတိပေးလိုက်ခြင်းလား။ ချန်းလီ စဉ်းစားရခက်နေတော့သည်။ ကိုယ်မသိသေးမသာရန်သူက မိမိကိုသူနေလျှင်တော့မလွယ်၊ ကိုယ့်သေတွင်း ကိုယ်တူးသလိုဖြစ်မည်။

အရာရာကို သတိထားမှ ဖြစ်တော့မည်။ နဂါးပတ်အဆိပ်အပ်ပိုင်ရှင်။

သူကား မည်သူနည်း။ ဆရာ၏ပြောစကားအရဆိုလျှင်တော့ သူသည် အဆင့်မြင့်သိုင်းသမားတစ်ယောက်မဟုတ်။

မိန်းမကျင့်မိန်းမကြံ ကြံကာ အဆိပ်အပ်ဖြင့် အလစ်တွင် ပစ်ခတ်၍ လုပ်ကြံတတ်သူ ရန်ငြိုးရန်စကြောင့် အဆိပ်အပ်ရှင်ကလုပ်ကြံနေသည်တော့မဟုတ်၊ မည်သည့်အတွက်ကြောင့်ပေနည်း။

စိတ္တဇဝေဒနာသည်လား။

သည်လိုတော့လည်း မဟုတ်နိုင်ပြန် စိတ္တဇဝေဒနာသည်ဆိုလျှင်တော့ အဆင့်မြင့်သိုင်းပညာရှင်များ၏ လက်နက်များကို ယူစရာအကြောင်း မရှိနိုင်ပေ။ ဟုတ်ပြီ၊ တွေးလို့ရပြီ။

နဂါးပတ်အဆိပ်အပ်ရှင်ဆိုသူသည် အဆင့်မြင့် လက်နက်များကို လိုက်လံတိုက်ခိုက်နေသူပင်ဖြစ်ရမည်။

အဆင့်မြင့် သိုင်းပညာရှင် အဖွဲ့ခေါင်းဆောင်ကြီးများကို ယှဉ်ပြိုင်တိုက်ခိုက်ပြီး သူတို့၏ အဆင့်မြင့်လက်နက်များကို ရယူရန် မလွယ်ကူပေ။

ထို့ကြောင့်ပင် ကောက်ကျစ် ယုတ်မာသောနည်းဖြင့် အဆိပ်အပ်နှင့် တိတ်တဆိတ်လုပ်ကြံကာ လက်နက်ပုန်းများကို ရယူနေခြင်း ဖြစ်ပေလိမ့်မည်။

လောလောဆယ်တွင် မိမိကိုနဂါးပတ်အဆိပ်အပ်ရှင်သည် သတ်လိမ့်မည်မဟုတ်။ မိမိကိုလည်း ဂရုစိုက်လိမ့်မည်မဟုတ်။ မိမိကို သူမသိနိုင်သေးချေ။ မိမိကသာ သူ့ကိုသိအောင် လုပ်ရမည်။ ဒါမှသာ ဆရာ့အတွက် လက်စားချေနိုင်လိမ့်မည်။

အသူရိန်နေမင်းကား တဖြည်းဖြည်း တောင်စွယ် နေကွယ်ချေတော့မည်။ ချန်းလီသည် မြင်းကိုဒုန်းစိုင်းပြေး၍ အပြင်းနှင်လျက်ရှိသည်။ စိတ်ထဲတွင်မူ ဆရာ့အတွက် လက်စားချေရန် စိတ်စောနေသည်။ ထို့ကြောင့် ထင်ဟိုင်သို့ အလျင်အမြန်သွားရောက်ချင်နေတော့သည်။ ထင်ဟိုင်မြို့သို့ ရောက်လျှင် သူ၏ကိစ္စပြီးမြောက် အောင်မြင်လိမ့်မည်ဟုယုံကြည်နေသည်။

ထင်ဟိုင်ကား ထူးခြားစည်ကားသော မြို့တစ်မြို့ဖြစ်လေသည်။ သိုင်းလောကသားများကျက်စားရာ မြို့တစ်မြို့ ဖြစ်သည်။ ဒုစရိုက်မှုများ ထူပြောရာ မြို့ကြီးဖြစ်ကြောင်းကိုလည်း ချန်းလီ ကောင်းစွာနားလည်ထားသည်။

ထင်ဟိုင်မြို့သို့ရောက်လျှင် သိုင်းလောကသားများနှင့်တွေ့ရမည်။ ဒုစရိုက်မှုများကို ကျူးလွန်တတ်ကြသည့် သူခိုး





ဓားပြ၊ ကြေးစားလူသတ်သမားများနှင့် ထိပ်တိုက် တွေ့ရလိမ့်မည်။

ထိုအခါ မိမိစုံစမ်းသောကိစ္စလည်း သူတို့ထံမှတစ်ဆင့် သိရှိလာနိုင်မည် မဟုတ်လား။

မိမိ၏ဆရာကို မိန်းမကျင့်မိန်းမကြံ ကြံကာ ရက်ရက်စက်စက် လုပ်ကြံခဲ့သောသူ မည်သူနည်း။

ဤသည်ပင် ချန်းလီအဖို့ ကြီးကျယ်လေးနက်သော ပြဿနာကြီးတစ်ရပ်ပင် ဖြစ်လေတော့သတည်း။

ညသည် တဖြည်းဖြည်းချင်း မှောင်စပြုလာပြီဖြစ်သည်။ ကျေးငှက်ကလေးများ အိပ်တန်းတက်နေကြလေပြီ။ နှင်းငွေ့ကလေးများပင် ချန်းလီ၏ ကိုယ်ပေါ်သို့ လွှမ်းခြုံနေသည်ဟု ထင်ရသည်။

ချန်းလီ၏ ခရီးစဉ်သည် အတော်အတန်ရောက်လာခဲ့ပြီ ဖြစ်သည်။ ထိုစဉ်....ခပ်လှမ်းလှမ်းဆီမှ မီးတုတ်ကိုင် လူတစ်စုကို ချန်းလီ လှမ်းမြင်လိုက်ရသည်။ ချန်းလီ မြင်းကို ရပ်တန့်လိုက်သည်။ ထို့နောက် မြင်းပေါ်မှ ဆင်းလိုက်ပြီး မြင်းကို သစ်ပင်တစ်ပင်တွင် ချည်နှောင်လိုက်သည်။ ချန်းလီသည် မီးတုတ်ကိုင်လူတစ်စု၏ လှုပ်ရှားမှုကို အကဲခတ်ကြည့်သည်။

ချန်းလီသည် မှောင်ရိပ်မှ မီးတုတ်ကိုင် လူတစ်စု၏ လှုပ်ရှားမှုအားလုံးကို အတိုင်းသား မြင်တွေ့နေရသည်။ သူတို့ မည်သူတွေလဲ၊ မည်သည့်အတွက်ကြောင့် မီးတုတ်များ

ကိုင်၍ မြို့စွန်သို့ တွက်ခဲ့ကြသနည်း။ ချန်းလီမှာ အကဲခတ်ရင်း စဉ်းစားနေသည်။ ထိုသို့ စဉ်းစားနေရင်းမှ....

'အလို'

ချန်းလီ အာမေဋိတ်သံပြုလိုက်သည်။ အဘယ်ကြောင့်ဆိုသော် ထိုလူစုသည် ဖျာလိပ်ဖြင့် ပတ်ထားသော လူသေအလောင်းတစ်လောင်းကို စုပေါင်းထမ်းလျက် အသုဘချရန် သင်္ချိုင်းကုန်းတစ်ခုသို့ ရှေးရှုသွားနေကြောင်း တွေ့မြင်ရလေသည်။

မီးတုတ်ကိုင်လူစုသည် ချန်းလီ၏ အနားမှ ဖြတ်လျှောက်သွားကြသည်။ ချန်းလီသည် ၎င်းတို့၏ အခြေအနေကို သိလိုသဖြင့် ထိုလူစုနှင့်အတူ ရော၍ အသုဘပို့ လိုက်ခဲ့ပါလေသည်။ တဖြည်းဖြည်းဖြင့် လျှောက်လာကြရာ သုသာန်သို့ ရောက်ရှိလာသည်။

မီးတုတ်ကိုင်လူစုသည် ၎င်းတို့ ထမ်းလာသော အလောင်းကို မြေပြင်ပေါ်သို့ချလိုက်ကြသည်။ ကျန် မီးတုတ်ကိုင်လူအချို့ကမူ အလောင်းကို မြေမြှုပ်ရန်အတွက် မြေကျင်းတစ်ကျင်းကို တူးဆွကြသည်။

ချန်းလီက ထိုလူစုနှင့်ရောပြီး အခြေအနေကို စောင့်ကြည့်သည်။ ထိုအချိန်၌ ထိုလူစုသည် ဘုရားစာများကို ရွတ်ဖတ်နေကြသဖြင့် ချန်းလီသည် အလောင်းကို သေချာစွာ အကဲခတ်ခွင့်ရလိုက်သည်။





သေဆုံးနေသူမှာ အသက်ခြောက်ဆယ်ကျော်အရွယ် လူကြီးတစ်ဦးဖြစ်သည်။

ထိုစဉ်....

မြေကျင်းတူးအဖွဲ့မှ....

'ကျင်းတူးပြီးပြီဗျို့'

အသိပေး အော်ဟစ်လိုက်သည်။

မီးတုတ်ကိုင်လူစုသည် ဘုရားစာရွတ်ဆိုခြင်း အမှုကို ရပ်ဆိုင်း၍ အလောင်းကိုဝိုင်းမကာ ၁ကျင်းရှိရာသို့ဘယ်ဆောင်လာခဲ့ကြသည်။

'ဒီလူကြီး ဘာရောဂါနဲ့ သေဆုံးသနည်း။'

တစ်စုံတစ်ယောက်၏ သတ်ဖြတ်ခြင်းကို ခံရတာလားဟူသော အတွေးများသည် ချန်းလီ၏ ခေါင်းထဲသို့ စုပြုံ၍ ဝင်ရောက်လာသည်။ ထို့နောက် ချန်းလီသည် လူစုနှင့်အတူ ရော၍ မြေကျင်းရှိရာသို့ ရောက်လာခဲ့သည်။ သူရောက်ရှိပြီး မကြာခင်မှာပင် အလောင်းကို မလာသည့် လူအချို့သည် ကျင်းနားသို့ရောက်လာကာ အလောင်းကို မြေဖို့လိုက်ကြ၏။

မီးတုတ်ကိုင်လူစုသည် အလောင်းကို မြေမြှုပ်ပြီးနောက် သုသာန်မှ အလျှိုလျှိုပြန်၍ ထွက်ခွာသွားကြလေသည်။ ချန်းလီမှာ မယောင်မလည်နှင့် နောက်ချန်နေရစ်ခဲ့ပြီး သုသာန်ကုန်းရှိသစ်ပင်တစ်ပင် နောက်ကွယ်တွင် ဝင်ရောက်ပုန်းခိုနေလိုက်သည်။

သုဿာန်ကုန်းသည်ပြန်လည် တိတ်ဆိတ်သွားသည်။ ချန်းလီသည် သစ်ပင်အကွယ်မှ ထွက်လိုက်သည်။ ပြီးနောက် သုဿာန်ကုန်းသို့ ပြန်လျှောက်လာကာ စောစောကမြှုပ်သွားသော အလောင်းကို ပြန်လည်တူးဖော်သည်။

ထိုစဉ်...သူ့နားထဲသို့ လေချွန်သံတစ်ခုလိုလို ကြားလိုက်သည်။ ထိုအရာသည်ကား သက်နက်ပုန်းအသေးစားတစ်ခု သူ့ထံသို့ အရှိန်ပြင်းစွာ ဝင်ရောက်လာခြင်းပင်။

ချန်လီသည်ရုတ်တရက် ကျင်းထဲမှ ခုန်ထွက်ကာ ဘေးသို့ အသာရှောင်လိုက်သည်။ လက်နက်ပုန်း အသေးစားကလေးသည် ချန်းလီဘေးမှ ဖြတ်ထွက်သွားသည်။

'ဝှီး...ဝှီး ဝှီး...ဝှစ်'

ချန်းလီသည် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ရှုလိုက်သည်။

ပတ်ဝန်းကျင်သည် တိတ်ဆိတ်ငြိမ်သက်နေပြန်သည်။ ချန်းလီသည် ရန်သူကို စိတ်ထဲမှ ကျိန်ဆဲမိသည်။ ဒေါသလည်း ထွက်၍လာသည်။

'ဟိတ်...သတ္တိရှိရင် ထွက်လာခဲ့၊ ခိုးကြောင်ခိုးဝှက်နဲ့ တိုက်ခိုက်တဲ့အလုပ်က ယောကျ်ားတွေရဲ့ အလုပ်မဟုတ်ဘူးကွ၊ မိန်းမမဟုတ်ဘူးဆိုရင် မြင်ကွင်းကို ထွက်ခဲ့ပြီး တိုက်ခိုက်ပါ'

ချန်းလီ အော်ဟစ်ပြောလိုက်သည်။





ထိုအခါကြမှ အသံလွင်လွင်တစ်ခု ပေါ်၍လာသည်။

'ဒီမယ်ရှင့်၊ ရှင်ကမှ တကယ့်ယောကျ်ားမပီသတဲ့ လူရှင့်၊ အလောင်းကို ခိုးကြောင်ခိုးဝှက်ဖော်နေတာ ယောကျ်ားမပီသလို့ပေါ့၊ နေပါဦး၊ ရှင်က ဘာဖြစ်လို့ အလောင်းကို ပြန်ဖော်နေရတာလဲ'

သစ်ပင်တစ်ပင်ထက်မှ အရိပ်သဏ္ဌာန်တစ်ခု ထိုးကျလာသည်။ ထိုအခါကျမှ ထိုအရိပ်သည် မိန်းကလေးတစ်ယောက်ဖြစ်ကြောင်းကို ချန်းလီ တအံ့တဩတွေ့လိုက်သည်။

'မင်းက ဘယ်သူလဲ'

'ရှင်ကကော ဘယ်သူလဲ'

'ကျုပ်က ခရီးသွား တစ်ယောက်ပါ'

ချန်းလီက ပြောလိုက်သည်။

မိန်းကလေးသည် ချန်းလီကိုခြေဆုံးခေါင်းဆုံးကြည့်ကာ အကဲခတ်လိုက်သည်။

တစ်ယောက်နှင့်တစ်ယောက် မဝေးကွာလှပေ။

တစ်ယောက်ကိုတစ်ယောက် လရောင်အောက်တွင် မှုန်ဝါးဝါး တွေ့မြင်နေရသည်။

ညသည် ယခင်ညထက်ပို၍ အေးစိမ့်သည်ဟု ထင်ရလေသည်။ အချိန်သည်လည်း တစ်စထက်တစ်စ မိုးချုပ်လာသည်။

'ဒီမှာ...ရှင် အလောင်းကိုဖော်ပြီး ဘာလုပ်မလို့လဲ'

မိန်းကလေးက မေးသည်။

‘အလောင်းကိုယ်ပေါ်မှာ ဒဏ်ရာရှိနေသလားလို့ ကြည့်ချင်လို့ပါ’

ချန်းလီ ပြန်ပြောသည်။

မိန်းကလေးသည် တအံ့တဩဖြစ်သွားကာ ချန်းလီကို အတန်ကြာစိုက်ကြည့်နေသည်။

အတန်ကြာသောအခါမှ သူမထံမှစကားသံ ထွက်ပေါ်လာသည်။

‘ရှင်က ဘယ်သူလဲ၊ ကျွန်မရှင့်ကိုအကဲခတ်ကြည့်နေတာကြာပြီ၊ ရှင်ဟာ ကျွန်မအဖေကိုသတ်တဲ့လူသတ်သမားလား’

‘ကျုပ်ကို အဲဒီလိုတော့ မထင်ပါနဲ့ဗျာ၊ ကျုပ်ကဧည့်သည်ပါ၊ ကျုပ်က စင်ချန်မြို့ကပါ၊ ဒါထက် ခင်ဗျားကို ကျုပ်မသိပါလား၊ ဘယ်အချိန်ကစပြီး ကျုပ်ကို အကဲခတ်နေတာလဲ’

‘အသုဘချပြီးကတည်းကပဲ’

‘ဒါဖြင့် ခင်ဗျားက အသုဘပို့တဲ့လူတွေနဲ့ ပါလာတယ်ပေါ့ ဟုတ်လား’

‘ဟုတ်တယ်....ရှင် အခုဖော်နေတဲ့အလောင်းက ကျွန်မအဖေပေါ့’

‘ဗျာ’

ချန်းလီ ထိတ်လန့်သွားသည်။





‘ဟုတ်တယ်....ကျွန်မအဖေအလောင်းပဲ၊ ရှင် ကျွန်မအဖေကို သတ်လိုက်တာလား’

‘မဟုတ်ပါဘူးဗျ၊ ကျွန်တော်လူသတ်သမားမဟုတ်ပါဘူး၊ ခရီးသွားတစ်ယောက်ပါ’

‘ဒါဖြင့် ရှင်အလောင်းကို ဘာလို့ဖော်ရတာလဲ’

‘အလောင်းကိုယ်ပေါ်က ဒဏ်ရာကိုကြည့်ချင်လို့ပါ’

‘ဒဏ်ရာတွေ့ရင် ရှင်ကဘာလုပ်မလို့လဲ’

‘ထူးဆန်းတဲ့ဒဏ်ရာများဖြစ်နေမလားလို့ပါ၊ ကျွန်တော့်ကို ဘယ်လိုမှမထင်ပါနဲ့ဗျာ’

ချန်းလီသည် မိန်းကလေးကို ပျာပျာသလဲ တောင်းပန်စကား ပြောလိုက်သည်။

မိန်းကလေးက ခေတ္တမျှတွေဝေနေပြီးနောက်....

‘ရှင်ထင်သလိုပဲ ကျွန်မအဖေရဲ့ဒဏ်ရာက အထူးအဆန်း ဒဏ်ရာတစ်ခုပါပဲရှင်’

မိန်းကလေးသည် မျက်နှာညှိုးငယ်စွာဖြင့် ချန်းလီကိုပြောသည်။ ချန်းလီသည် ထူးဆန်းသောဒဏ်ရာဟု ကြားလိုက်ရသဖြင့် အလွန်စိတ်ဝင်စားသွားသည်။

‘ဒီမှာ မိန်းကလေး မင်းအဖေရဲ့ ညာဘက်ရင်အုံမှာ အဝါရောင် ဒဏ်ရာတစ်ခုရပြီး သေဆုံးခဲ့တာလား’

ချန်းလီထံမှ ထိုစကား ကြားလိုက်ရသောအခါ မိန်းကလေးသည် အလွန်ထိတ်လန့်သွားပြီးလျှင်ပါးစပ်အဟောင်းသား ဖြစ်သွားတော့သည်။

'ကျွန်တော်ပြောတာ မှန်နေရင်တော့ ခင်ဗျားအဖေကို သတ်တဲ့လူသတ်သမားဟာ ကျွန်တော့်ဆရာကိုသတ်တဲ့လူသတ်သမားပဲဗျ၊ ကျွန်တော် သူ့ကိုရှာဖို့ ခရီးထွက်လာခဲ့တာပဲ၊ ခုသူဘယ်မှာလဲ ခင်ဗျားသူ့ကို မှတ်မိလား'

မိန်းကလေးသည် အတန်ကြာငြိမ်နေပြီးနောက်....

'ကျွန်မ ခရီးသွားတုန်း အဖေ ဆုံးသွားတာဖါပဲရှင်၊ ကျွန်မ လူသတ်သမားကို ဘယ်လိုလုပ်ပြီး သိနိုင်ပါ့မလဲ'

မိန်းကလေးသည် ပြောရင် မျက်ရည်များဝေ့တက်လာသည်။ ချန်းလီသည် မိန်းကလေးကိုကြည့်ရင်းစိတ်မကောင်းဖြစ်သွားမိသည်။

'ဒါဆိုရင် ခင်ဗျားအဖေဟာ ကျွန်တော် ပြောသလိုပဲ ညာဘက်ရင်အုံမှာအဝါရောင်ဒဏ်ရာနဲ့ သေဆုံးခဲ့တယ်ဆိုတာ သေချာသွားပြီပေါ့ ဟုတ်လား'

မိန်းကလေးက ခေါင်းကိုဆတ်ခနဲညိတ်လိုက်သည်။

'ဟုတ်ပါတယ်ရှင်'

'ကျွန်တော်စိတ်မကောင်းပါဘူးဗျာ၊ ကျွန်တော့် ဆရာလဲ ခင်ဗျားရဲ့အဖေသေသလို သေခဲ့ရတာပါပဲခင်ဗျာ၊ ဒီလူသတ်သမားဟာ သိုင်းလောကထဲက ဟုတ်ရဲ့လားဗျာ'





ချန်းလီက မိန်းကလေးကိုပြောရင်းမှ နောက်ဆုံး စကားအပိုဒ်သို့ ရောက်သော် တစ်ကိုယ်တည်း ရေရွတ်သလိုရေရွတ်ကာ ညည်းညူလိုက်သည်။

'ဒါထက် ရှင်ကဘယ်ကိုသွားမလို့လဲ'

'ကျွန်တော်ထင်ဟိုင်ကိုသွားမလို့ပါ'

'ရှင့်ရဲ့နာမည်က ဘယ်လိုခေါ်ပါသလဲ ဘာကိစ္စနဲ့သွားမှာလဲ'

'ကျွန်တော့်ရဲ့နာမည်က ချန်းလီလို့ခေါ်ပါတယ်၊ ထင်ဟိုင်ကိုသွားရမယ့်ကိစ္စကတော့ နဂါးပတ်အဆိပ်အပ် သိုင်းသမားကို ရှာဖို့အတွက်ပါပဲ၊ ဒါနဲ့ ခင်ဗျားနာမည်ကကော'

'ကျွန်မနာမည်က ကူးချင်လို့ခေါ်ပါတယ်'

'နေတော့ကော ဘယ်မှာနေတာလဲ'

'ဝမ်လီရွာကပါ'

'ဝမ်လီရွာဆိုတာ ဘယ်နားမှာလဲ'

'ရှင်က အဲဒီရွာကိုသွားမလို့လား'

'ကျွန်တော် တစ်ညလောက်တည်းခိုချင်လို့ပါ၊ ညကြီးမိုးချုပ် ခရီးသွားရတာ အဆင်မပြေလို့ပါ၊ မနက်ကျမှခရီးဆက်သွားရင် ပိုပြီးကောင်းမယ်ထင်လို့ပါ'

'ရှင့်ကိုကျွန်မ အကူအညီပေးလို့ရပါတယ်၊ ဒါပေမယ့်'

ကူးချင်သည် စကားကိုခေတ္တရပ်ပြီး ချန်းလီကိုအကဲခတ်ကြည့်သည်။

‘ဒါပေမယ့် ဘာဖြစ်သလဲ ဆက်ပြောပါဦး’

‘ရှင်ဟာ လူဆိုးလား လူကောင်းလားဆိုတာ ကျွန်မ ဘယ်လိုလုပ်သိနိုင်မလဲ၊ ယုံကြည်ရမှာလဲ’

‘ကျွန်တော်က လူကောင်းတစ်ယောက်ပါဗျာ၊ ခင်ဗျား ယုံကြည်အောင် ကျွန်တော်ဘယ်လိုသက်သေပြရမလဲပြောပါ’ ကူးချင်က ဟက်ခနဲရယ်မောလိုက်သည်။

‘ဘာလဲ ခင်ဗျားက ကျုပ်ပြောတာ မယုံလို့လား’

ကူးချင် ခေါင်းညိတ်လိုက်သည်။

‘ဟုတ်တယ်....ကျွန်မ ရှင့်ကိုမယုံကြည်ဘူး’

‘ဒါဆိုရင်လဲ ခင်ဗျားတို့ဆီ လိုက်မဘည်းတော့ပါဘူးဗျာ၊ ထင်ဟိုင်ကိုပဲ ဆက်သွားတော့မယ်’

ချန်းလီမှာ ပြောသာပြောလိုက်ရသော်လည်း မိမိသွားရမည့် လမ်းခရီးမှာ ညမှောင်နေသည်ကတစ်ကြောင်း၊ လမ်းခရီးတွင် အန္တရာယ်များ ရှိသည်က တစ်ကြောင်းကြောင့် ထင်ဟိုင်သို့ ဆက်မသွားဘဲ ဝမ်လီရွာတွင် တည်းခိုလိုသည်။

‘ထင်ဟိုင်ကိုရောက်ဖို့က အဝေးကြီးလိုသေးတယ်၊ လမ်းမှာ သုံးညလောက်အိပ်ပြီးမှ ရောက်နိုင်မှာရှင့်’

‘ခင်ဗျားကထင်ဟိုင်ကို ရောက်ဖူးလို့လား’

‘ရောက်ဖူးတာပေါ့၊ ထင်ဟိုင်ကို မရောက်ဖူးတဲ့ လူဟာ သိုင်းလောကသား မပီသဘူးရှင့်’

‘ဪ....ဒီလိုလား’





ချန်းလီသည် ထိုသို့ပြောပြီး သူမကိုကျောခိုင်း၍တွက်ခွာသွားလေတော့သည်။

ချန်းလီ၏ ခြေလှမ်းများသည် အလွန် သွက်လက်စွာဖြင့် သူ၏မြင်းချည်ထားရာသစ်ပင်ကြီးဆီသို့ ရှေးရှုထွက်ခွာသွားနေသည်။

ကူးချင်သည် သူ့နောက်ကလိုက်ပါလာသည်။

အတော်ကလေးလျှောက်မိသောအခါ နောက်မှ ခေါ်သံကို ကြားလိုက်ရသည်။

‘ဟေး....ဟေး....ခဏနေပါဦး’

ချန်းလီသည် မကြားဟန်ပြုလျက် ဆက်လျှောက်သည်။ ထိုစဉ် လေတိုးသံတစ်ခုကို ကြားလိုက်ရပြီးနောက် အံရိပ်သဏ္ဍာန်တစ်ခုသည် ချန်းလီရှေ့မှောက် ဖုတ်ခနဲ ကျရောက်လာသည်။

‘ဒီလိုထွက်သွားလို့ ဘယ်ဖြစ်မလဲရှင့်’

‘ဒီလိုမထွက်သွားလို့ ကျွန်တော်က ဘယ်လိုထွက်သွားရမှာလဲ၊ ကျွမ်းထိုးပြီးထွက်သွားရမှာလား’

ချန်းလီက ငေါ့တော့တော့ ပြန်ပြောလိုက်သည်။

‘ဒီမှာ ရှင့် ငေါ့တော့တော့ မပြောပါနဲ့’

‘နေပါဦး၊ ခင်ဗျားက ကျွန်တော့်ရှေ့က ကာဆီး ကာဆီးနဲ့ ဘာလုပ်နေတာလဲ၊ ကျွန်တော့်ကို အနှောင့်အယှက်ပေးနေတာလားဗျ’

ကူးချင်သည် မျက်နှာကို ချက်ချင်း တည်ပစ်လိုက်သည်။ ထိုအခိုက်မှာပင် သူမ၏ခေါးအိမ်အတွင်းမှ အလင်းတန်းရှည်တစ်ခုသည် ရုတ်တရက် လျှင်မြန်စွာ ထွက်ပေါ်လာလေ၏။ အမျိုးအစားကောင်းသည့် ဓားရှည်တစ်လက်ပင် ဖြစ်၏။

'ဩြော်....ခင်ဗျားက ကျွန်တော့်ကို ရန်သူတစ်ယောက်လို သဘောထားပြီး တိုက်ခိုက်တော့မယ်ပေါ့ ဟုတ်လား'

'ဟုတ်တယ်'

'ကျွန်တော်ကြောက်ရမယ့်လူ ဒီကမ္ဘာမှာ မပေါ်ပေါက်သေးပါဘူးဗျာ၊ ဒါပေမယ့် ခင်ဗျားကိုတော့ ကျွန်တော် မသတ်ရက်ပါဘူးဗျာ'

'အဟင်း....ဟင်း....ဟင်း....ရှင်ကတော်တော်လေကျယ်တဲ့ လူတစ်ယောက်ပဲ'

'လေမကျယ်ပါဘူး၊ ကျွန်တော်က အမှန်ပြောတာပါ'

'ရှင့်ကိုလဲ ကျွန်မက ကြောက်မယ်ထင်လို့လား၊ လာပါ စမ်းကြည့်ရအောင်ပါ'

'မလုပ်ပါနဲ့ဗျာ၊ ခင်ဗျားနဲ့ကျွန်တော်က ဘဝတူ လူချင်းတွေပါဗျာ၊ ခင်ဗျားအဖေလဲ အဆိပ်အပ်မိပြီး သေရတယ်၊ ကျွန်တော့်ဆရာလဲ အဆိပ်အပ်သင့်ပြီး သေတယ်၊ အကောင်းဆုံးဖြစ်သင့်တာက ခင်ဗျားနဲ့ကျွန်တော်....'

'ခင်ဗျားနဲ့ကျွန်တော်ဘာဖြစ်သလဲ ဆက်ပြောစမ်းပါဦး'





'ဩြော်....ခင်ဗျားနဲ့ကျွန်တော် ဒီအချိန်မှာရင်းရင်းနှီးနှီး ရှိဖို့လိုတယ်လို့ ပြောမလို့ပါ'

ကူးချင် နှာခေါင်းရှုံ့လိုက်သည်။

'လုပ်မနေစမ်းပါနဲ့ရှင်၊ ရှင်က ကျွန်မကို ကြောက်နေလို့ ဒီစကားကို ပြောတာလား'

'ဝေးပါသေးတယ်'

'ဒါဆိုရင် ရှင့်ဓားကို ထုတ်လိုက်လေ'

'ဘာလုပ်မလို့လဲ'

'သိုင်းကွက် ငါးဆယ်လောက် တိုက်ကြည့်ချင်လို့ပါ၊ ကျွန်မကို ရှင်နိုင်ရင် ကျွန်မအိမ်မှာ ရှင့်ကိုတည်းခွင့်ပြုမယ်'

'မိန်းကလေးက လိုအားနေတယ်ဆိုတော့ ကျုပ်ကလဲ အဖော်ပြုပေးရသေးတာပေါ့'

'ကောင်းပြီ၊ ဒီလိုဆို စမ်းကြည့်ကြမယ်'

ထိုအခါ ချန်းလီသည် နောက်တစ်လှမ်းဆုတ်ပြီး ဓားကို ဓားအိမ်ထဲမှ ဝှစ်ခနဲ ဆွဲထုတ်လိုက်လေသည်။

ကူးချင်သည် အသင့်အနေအထားဖြင့် ချန်းလီကို စိုက်ကြည့်နေသလို ချန်းလီကလည်း မျက်တောင်မခတ်ဘဲ ကူးချင်၏ လှုပ်ရှားလာမည့်အခြေအနေကို စောင့်ကြည့်နေ၏။

'ကဲ....စတော့'

ကူးချင်က ပြောလိုက်သည်။

'ခင်ဗျားက အမျိုးသမီးပဲ ခင်ဗျားအရင်စလိုက်ပါ'
ချန်းလီ ပြန်ပြောသည်။

'ဘာအကြာ'

ထိုစဉ် အသံတစ်သံ ထွက်ပေါ်၍လာသည်။ ထိုအသံမှာ သူတို့ဘေးဘက်မှ ထွက်ပေါ်လာသည့်အသံဖြစ်သည်။

ချန်းလီနှင့် ကူးချင်တို့သည် အသံလာရာဆီသို့ ဖြတ်ကနဲ လှည့်ကြည့်လိုက်ကြသည်။

ပတ်ဝန်းကျင်တစ်ခုလုံးသည် မည်းမှောင်နေသဖြင့် ဘာမှ မမြင်ရ။

ချန်းလီငြိမ်သက်သွားသည်။ ကူးချင်းမှာ ထိတ်လန့်သွား၏။

ချန်းလီနှင့် ကူးချင်းတို့သည် ပတ်ဝန်းကျင်ကို အကဲခတ် လိုက်ပြီး အသံရှင်ကို ရှာဖွေကြသည်။ ရှာ၍မတွေ့ဖြစ်နေ၏။

ပတ်ဝန်းကျင်မှာ အမှောင်ထုအောက်တွင် လူသေကောင် ကဲ့သို့ မလှုပ်မယှက် ငြိမ်သက်စွာ ရှိနေသည်။

ပတ်ဝန်းကျင်မှာ မထင်မှတ်ဘဲ ကျောက်တုံးကြီးတစ်တုံး သည် ချန်းလီတို့နှစ်ဦးကြားသို့လိမ့်ကာကျလာပြီး ရုတ်တရက် ရပ်တန့်သွားသည်။

ချန်းလီနှင့် ကူးချင်တို့သည် အထိတ်တလန့်ဖြင့် နောက်သို့ တစ်လှမ်းစီ ခုန်ရှောင်လိုက်ကြသည်။

အမှန်တွင် ထိုကျောက်တုံးကြီးမှာ တကယ့်ကျောက်တုံး မဟုတ်ပေ၊ လူတစ်ယောက်သာလျှင် ဖြစ်လေသည်။ ထိုလူ





သည် ခေါင်းကို ပေါင်နှစ်လုံးထဲသို့ ငုံ့လျှိုးပြီး ကျောက်တုံး ကြီးတစ်တုံးကဲ့သို့ ကိုယ်ကိုလိမ့်၍ ရောက်လာခြင်း ဖြစ်လေ၏။

ချန်းလီတို့ကြားသို့ ရောက်မှ သူက ရုတ်တရက် မတ်တတ် ရပ်လိုက်သည်။

'အလို....ခင်ဗျား ဘယ့်နှယ်ဟာတုန်း'
ချန်းလီက လှမ်းမေးလိုက်သည်။

'မကြောက်ပါနဲ့ဗျာ၊ ကျုပ် လူတစ်ယောက်ပါအချို့က ကျုပ်ကို ကျောက်တုံး သိုင်းသမားလို့ ခေါ်ကြတယ်ဗျ၊ ဟား....ဟား....ဟား....အဟွတ်....အဟွတ်'

ကျောက်တုံးသိုင်းသမားသည် ရင်းသို့ပြောပြီး စကား အဆုံးတွင် ရယ်မောရင်း ချောင်းတဟွတ်ဟွတ်ဆိုးနေလေ တော့သည်။

'ခင်းဗျားက ကျုပ်တို့ဆီ ဘာကိစ္စနဲ့ ရောက်လာတာလဲ'
ချန်းလီက မေးလိုက်သည်။

'ရှင်နဲ့ မဆိုင်ဘူး၊ ဘေးဖယ်နေပါ'

ကူးချင်က ခတ်ဆတ်ဆတ်လေး ပြောလိုက်သောအခါ ကျောက်တုံးသိုင်းသမားဘွဲ့ခံ လူထူးလူဆန်းကြီးသည် ပါးစပ် ပိတ်၍ သွားလေသည်။

'ဟုတ်တယ်....ခင်ဗျား အသာနေ'
ချန်းလီက ဆက်ပြောလိုက်လျှင် သူက....

'မင်းတို့ရန်ပွဲကိုမတားတော့ဘူး၊ အဲ....တစ်ခုတော့ရှိတယ်'

'အဲဒီ တစ်ခုက ဘာလဲ'

ချန်းလီက မေးလိုက်သည်။

'ငါ ဒီရန်ပွဲမှာ ဒိုင်လုပ်မယ်၊ ဘယ်သူ့ဘက်မှ ဘက်မလိုက်ဘူး၊ သမာသမတ် ဆုံးဖြတ်ပေးမယ်၊ ဘယ်လိုလဲ'

ချန်းလီနှင့် ကူးချင်တို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

ဘယ့်နှယ်လဲဟူသော အကြည့်မျိုး ကူးချင်က ခေါင်းညိတ်ပြသည်။ ချန်းလီကလည်း သဘောတူသည့်အနေဖြင့် ခေါင်းညိတ်ပြလိုက်သည်။

'ခင်ဗျား မှန်မှန်ကန်ကန် ဒိုင်လုပ်ပေးမယ်ဆိုရင် ကျုပ်တို့လက်ခံမယ်'

'ငါကမမှန်တာဆိုရင် တစ်စက်ကလေးမှ လက်ခံတဲ့ကောင်မဟုတ်ဘူး ငါ့ သဘောထားကို မင်းတို့ကို လက်တွေ့ မြင်ရစေမယ်'

'ကောင်းပါပြီဗျာ'

'ကဲ....ဒီလိုဆိုရင် ပြိုင်ပွဲ စတော့'

ကျောက်တုံးသိုင်းသမားကြီးက ပြိုင်ပွဲ စတင်နိုင်ပြီဖြစ်ကြောင်း ကြေငြာလိုက်၏။

တိုက်ပွဲစလျှင်စခြင်း ကူးချင် စတင်တိုက်ခိုက်လေသည်။ ချန်းလီသည် ခံစစ်အနေအထားမှ ခုခံကာကွယ်သည်။

'ဒလန်'





'ဒန်'

ဓားချက်များကား ဆူညံ၍သွားသည်။

'ဝှစ်....ဝှစ်....ဒန်....ဒန်'

တဖြည်းဖြည်းနှင့် ယှဉ်ပြိုင်လာကြရာ သိုင်းကွက်အစိတ်သို့ပင် ရောက်ရှိလာသည်။ ထိုအခါကြမှသာ ချန်းလီသည် ခံစစ်ကိုမသုံးဘဲ တိုက်စစ်ကို သုံးစွဲလာတော့သည်။

ချန်းလီ၏ သိုင်းကွက်များမှာ တိဘက်သိုင်းကွက်နှင့် ရှောင်လင်သိုင်းကွက်များကို ပေါင်းစပ်ထားသောကြောင့် ကူးချင်မှာ ဟန်ချက်ပျက်ပြီး ဖရိုဖရဲ ဖြစ်လာသည်။

ကူးချင်းသည် ပထမပိုင်းတွင် ချန်းလီ သူ၏ဓားတိုက်ကွက်များကို မခံနိုင်ဟုထင်ကာ အတင်းဖိတိုက်သည်။ ချန်းလီသည် ခံစစ်မှ တိုက်စစ်သို့ ပြောင်းလဲတိုက်ခိုက်သောအခါမှ ချန်းလီ၏ သိုင်းပညာကို မလှန်နိုင်မှန်း ရိပ်မိလာသည်။

တိုက်ခိုက်ကြရင်း သိုင်းကွက်လေးဆယ် ရောက်သောအခါ ကူးချင်မှာ တဆုတ်တည်းဆုတ်နေရတော့၏

တိုက်ကွက်လေးငါးဆယ်သို့ ရောက်လာသည်။ ထိုအခါ ချန်းလီ၏ တိုက်စစ် တိုက်ကွက်များမှာ ပိုမို ပြင်းထန်လာသကဲ့သို့ သွက်လက်လျှင်မြန်မှုမှာလည်း အံ့ဩထိတ်လန့်တွယ် ကောင်းလောက်အောင် သွက်လက်မြန်ဆန်လာသည်။ ပတ်ဝန်းကျင် တစ်ခုလုံး လင်းလက်သွားသည်။ လေမုန်တိုင်းများ ကျရောက်နေသကဲ့သို့ ထင်ရသည်။ အလင်းတန်းများမှာ

ဆင့်ပွားဆင့်ပွားကာ လင်းကနဲလက်ကနဲ ဖြစ်ပေါ်လာကာ ကူးချင်အား လွှမ်းမိုးရစ်ပတ်သွားလေတော့၏။

'ဒီပွဲမှာ မင်းနိုင်တယ်၊ ငါသွားမယ်'

ကျောက်တုံး သိုင်းသမားကြီးသည် ယင်းသို့ပြောဆိုပြီးနောက် ရုတ်တရက် ကြောက်တုံးအသွင်သို့ ပြောင်းကာ လှိမ့်၍ ပြေးထွက်သွား လေတော့သည်။

ငမ်လီရွာသည် ငှရင်ရွာထက် အိမ်ခြေပိုမိုများလေသည်။ ချန်းလီနှင့် ကူးချင် ရွာထဲကို ဝင်လိုက်သည်နှင့် မီးတုတ်ကိုင် လူစုဝေးကြီးကို တွေ့လိုက်ရလေသည်။

'ဟာ....ဟိုမှာ ဘာဖြစ်နေကြတာလဲ'

ချန်းလီက လူစုလူဝေးကြီးကိုကြည့်ကာ အထိတ်တလန့်ဖြင့် မေးလိုက်သည်။

'ဟုတ်တယ်၊ လူသတ်မှုတစ်ခု ဖြစ်ပြန်ပြီနဲ့တူတယ်'

ချန်းလီတို့ နှစ်ယောက်သား ရွာထဲသို့ ပြေးဝင်လာကြသည်။ မီးတုတ်ကိုင်လူများသည် ကူးချင်ကို တွေ့လိုက်သည်နှင့်....

'ဟေး....ကူးချင်၊ နင်ပျောက်နေလို့ ဝိုင်းရှာနေကြတာ'

လူအုပ်ထဲမှ လူကြီးများက ဝိုင်းပြောကြသည်။

ကူးချင်က သူသာန်ကုန်းမှလာကြောင်း ပြောပြမှ သူတို့စိတ်အေးသွားကြသည်။ သို့သော် သူတို့သည် ချန်းလီကို အကဲခတ်ကြသည်။ အတန်ကြာ အကဲခတ်ပြီးမှ....





'ကူးချင်၊ သူက ဘယ်သူလဲ၊ ဘယ်ကလဲ'

ရွာ၏အကြီးအကဲဟုထင်ရသော လူကြီးက ကူးချင်အားမေးလိုက်သည်။

'သူက ကျွန်မပိတ်ဆွေပါ၊ သူက စချင်းတောင်ကပါ၊ နာမည်ကတော့ ချန်းလီလို့ခေါ်ပါတယ်ဘဘ'

'ဪ....အေး....အေး'

'သူငယ်....တို့ကို တာမှ အားမနာနဲ့၊ လိုအပ်တဲ့အကူအညီရှိရင် ပြောပါကွယ်၊ ကူးချင် မိတ်ဆွေဆိုတော့လဲ ဘဘတို့ဧည့်သည်ပဲပေါ့ကွယ်'

လူကြီးက ချန်းလီအား ဖော်ရွေစွာ ပြောဆိုလေသည်။

'ဟုတ်ကဲ့ဘဘ၊ ကျေးဇူးတင်ပါတယ်'

'ခအေးကွယ် မင်းတို့လဲ အေးအေးဆေးဆေး အနားယူကြတော့ကွယ်၊ ဘဘတို့သွားတော့မယ်'

'ဟုတ်ကဲ့ ဘဘ'

လူကြီးနှင့် မီးတုတ်ကိုင်လူစုတို့သည် ကူးချင်နှင့် ချန်းလီတို့အား နှုတ်ဆက်၍ အသီးသီး ထွက်ခွာသွားကြသည်။

ကူးချင်၏အိမ်သို့ရောက်ရှိလာကြသည်။ အိမ်ဆောင်ကြီးကခန်းနားထည်ဝါသည်။ အလွန်ကြီးကျယ်နေသည်။ ခြံဝင်းကြီးမှာလည်း အလွန်ကျယ်သည်။ ခြံကြီးအတွင်းဝယ် သစ်ပင်များနှင့် ဝါးရုံတောများ ရှိလေသည်။ ရောင်စုံပန်းကလေးများကိုလည်း စိုက်ပျိုးထားသေးသည်။

ခြံဝင်းကြီးအတွင်း ရောက်ရှိနေရသည်မှာ အလွန် စိတ်ချမ်းသာစရာကောင်းပြီး နေချင်စဖွယ်လည်း ဖြစ်ရလေ၏။

နှစ်ယောက်သား အိမ်ထဲသို့ ဝင်ရောက်လာကြသည်။ ဧည့်ခန်းတစ်ခုသို့ ရောက်သည်နှင့်....

'ထိုင်....အစ်ကိုချန်းလီ'

'ဟုတ်ကဲ့'

ချန်းလီသည် ကုလားထိုင်တစ်ခုတွင် ထိုင်လိုက်သည်။ ဧည့်ခန်းအတွင်းဝယ် မီးအိမ်များထွန်းထားသဖြင့် လင်းလင်းထိန်ထိန် ဖြစ်နေ၏။ မီးအလင်းရောင်ကြောင့် သူမကို ကောင်းစွာ အကဲခတ်မိသည်။ သူမသည် ဝတ်စုံစိမ်းကိုဝတ်ထား၏။ အသက်မှာလည်း သူနှင့် မတိမ်းမယိမ်းအရွယ်ခန့်ရှိမည်။ ချောမောသော မိန်းကလေးတစ်ဦးပင် ဖြစ်သည်။

ချန်းလီ၏အကြည့်ရဲရဲကြောင့် ကူးချင် ရှက်ပြီး ခေါင်းငုံ့သွားသည်။

ခဏကြာမှ ခေါင်းပြန်မော့လာပြီး....

'အစ်ကိုချန်းလီ ဒီမှာခဏထိုင်ဦးနော်၊ ကျွန်မ ရှင့်အတွက် စားသောက်စရာတစ်ခုခု လုပ်လိုက်ဦးမယ်'

ကူးချင်ကပြောပြီး နောက်ဖေးဆောင်သို့ ပြေးဝင်သွားလေတော့သည်။ ချန်းလီမှာ ဟန့်တားချိန်ပင် မရလိုက်။

သူမ၏ အလှရေယဉ်ကျောတွင် ချန်းလီ နစ်မျောနေခဲ့၏။ သူမ၏အလှသည် ချန်းလီ၏ရင်ထဲတွင် စူးနစ်သွားစေခဲ့လေ၏။





'အို....ငါ့နှယ်ကွာ'

ချန်းလီ အလွန်နောင်တရသွားလေသည်။

'ငါ့အကြည့်တွေ သူ့ကို သိပ်ရိုင်းသွားသလားမသိဘူး'

ဟု မိမိကိုယ်မိမိ အပြစ်တင် ဝေဖန်မိလေသည်။ သို့သော်လည်း ဘာမှမတတ်နိုင်တော့ချေ။

ချန်းလီသည် ဧည့်ခန်းတွင်ထိုင်ရင်း ကူးချင်၏အကြောင်းနှင့် ပတ်သက်၍ စဉ်းစားနေမိသည်။

'အိမ်မှာလဲ ရှင်းလို့ပါလား'

'ကူးချင် တစ်ယောက်တည်းနေတယ်နဲ့တူတယ်'

'သူ့မိဘမောင်ဘွားတွေလဲ မမြင်ပါလား'

ထိုသို့တွေးနေစဉ်မှာပင် သူ၏မျက်လုံးက ရှေ့တည့်တည့်ရှိ နံရံတစ်ခုပေါ်သို့ ရောက်ရှိသွားလေသည်။

'အို....နံရံပေါ်မှာ စာတွေ ရေးထားပါလား၊ ဘာတွေများပါလိမ့်'

ချန်းလီသည် နံရံ၌ရေးထားသောစာကိုလှမ်းဖတ်နေမိ၏။

'ငါ့နားရွက်ကို ဖြတ်ခဲ့သူကို သင်လိုက်ရှာပါ၊ တွေ့လျှင် သူ့နားရွက်ကို ပြန်ဖြတ်ပါ၊ နားရွက်တစ်ဘက်အစား လက်တစ်ဘက်ကို မဖြတ်ပါနှင့်' ဟူ၍ ဖြစ်လေသည်။

'အလို ဒီစာက ဘယ်လိုအဓိပ္ပာယ်ပါလိမ့်'

ချန်းလီသည် ထိတ်လန့်စွာ တွေးလိုက်မိသည်။

ထိုစဉ် ကူးချင် ဧည့်ခန်းထဲသို့ ပြန်ရောက်လာသည် အရက်နှင့် အမြည်းများ ပါလာသည်။

အရက်နှင့်အိုးနှင့် ပေါက်စီများ စားပွဲပေါ် သို့ချလိုက်ပြီး နောက် ကူးချင်က....

'ရှင် နံရံကစာတွေ ဖတ်ပြီးပြီလား'

'ဩော်....ဟုတ်ကဲ့၊ ဖတ်ပြီးပါပြီ'

သူမသည် အလွန်လေးနက်သော အပြုံးတစ်ခု ပြုံးလိုက်၏။

'အစိပ္ပာယ်က ရှင်းပါတယ်နော်'

'မရှင်းဘူး၊ ကျွန်တော်သဘောမပေါက်ဘူး'

ကူးချင်သည် ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေ၏။

သို့သော် သူ၏အပြုံး၌ အသက်မပါပါ။

ခြောက်ကပ်ကပ်နိုင်သည်ဟု ချန်းလီထင်သည်။

'နံရံပေါ်ကစာတွေကို ဘယ်သူရေးထားတာလဲ'

'ကျွန်မရေးထားတာပါ'

'ဘာအဓိပ္ပာယ်နဲ့ ရေးထားတာလဲ၊ ကျွန်တော် မသိရဘူးလား'

ကူးချင် မျက်နှာကို တည်ပစ်လိုက်သည်။

အလွန်ချောမောလှပသောမျက်နှာပြင်ပေါ်တွင် အလွန်ကြောက်စရာကောင်းသော အငွေ့အသက်များ ဖုံးလွှမ်းထားသည်ဟု ချန်းလီ ထင်မြင်လိုက်သည်။

'ကျွန်မအဖေဟာ လုပ်ကြံခံရတယ်၊ အဲဒီတော့ ကျွန်မ





အဖေကို သတ်ခဲ့တဲ့လူကိုလဲ ကျွန်မက ပြန်သတ်ရလိမ့်မယ်'

'ဩော်....'

'ဟုတ်တယ်၊ အဲဒီအဓိပ္ပါယ်မျိုးနဲ့ ကျွန်မအသဲထဲမှာစွဲအောင်ရေးသားထားတာပါ'

ချန်းလီက ခေါင်းညိတ်လိုက်သည်။

ယခုမှ ချန်းလီ သဘောပေါက်သွားလေသည်။

'ခင်ဗျား အမေနဲ့ ညီအစ်ကိုမောင်နှမတွေလဲ မမြင်ပါလား'

'ခုတော့ ကျွန်မ ဘဝဟာ တစ်ကောင်ကြွက် ဖြစ်နေပါပြီ'

'ဗျာ'

ချန်းလီ အံ့ဩသွားလေသည်။ သူလည်း မိမိလိုပါပဲလား ဟု ကောက်ချက်ချလိုက်မိသည်။

ထိုနောက် သူမသည် စားပွဲပေါ်မှ အရက်အိုးကို လှမ်းယူလိုက်ပြီး....

'ကဲ....အရက်သောက်လိုက်ပါဦး၊ နောက်ပြီးမှ စကားဆက်ပြောကြတာပေါ့'

'ဟာ....အိမ်မှာ လူကြီးတွေမရှိဘဲ ကျွန်တော်အိပ်လို့ ဖြစ်ပါ့မလား ဗျာ'

ချန်းလီမှာ စကားထစ်ထစ်ငေါ့ငေါ့ဖြင့် ပြောလေသည်။ ထိုအခါ ကူးချင်သည် ဟက်ကနဲ တစ်ချက်ပြုံးလိုက်ပြီး....

'ရှင်က ကိုယ့်စိတ်ကိုယ် မနိုင်ဘူးလား'

ထိုအခါ ချန်းလီ မျက်လုံး ပြူးသွားသည်။

ကူးချင်းက ဆက်ပြောလေသည်။

'သိုင်းလောကထဲကို ဝင်တော့မယ်လို့ စိတ်ဆုံးဖြတ်ထားရင်၊ ပထမဦးဆုံး စိတ်ကို အရင်နိုင်အောင် ကြိုးစားရတယ်ရှင့်'

'ကျွန်တော်က အခုမှ ဒီလောကထဲကို ဝင်ဖို့ ကြိုးစားနေတဲ့ သူပါ၊ ဒါတွေကို နားမလည်သေးပါဘူး၊ နောက်ပြီး ခင်ဗျားကိုလည်း ကျွန်တော် အားနာတယ်'

'ဘာဖြစ်လို့ အားနာရမှာလဲရှင်'

'အဲဒါကို ကျွန်တော် မပြောတတ်ဘူး'

ကူးချင်သည် ချန်းလီကိုကြည့်ကာ ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြန်သည်။

'ဟား....ဟား....ဟား'

'ရှင်ဟာလေ ကောင်တော်အတဲ့ လူတစ်ယောက်ပဲ၊ ဒါနဲ့များ သိုင်းလောကထဲကို ဝင်ဦးမလို့တဲ့ ၊ အင်း....ရှင်တော့မလွယ်ဘူး၊ သိုင်းလောက အင်မတန် ရှုတ်ထွေးတယ်နော်၊ ရှင် စဉ်းစဉ်းစားစားလဲ လုပ်ဦး'

'ဟုတ်ကဲ့၊ ဒီလောကတော့ ကျွန်တော် သဘောပေါက်ပါတယ်၊ ကျွန်တော် သိုင်းလောကထဲ ဝင်ချင်တဲ့ကိစ္စကလဲ မကောင်းသူကိုပယ် ကောင်းသူကိုကယ်တင်ပြီး ကျွန်တော့်





ဆရာကို လုပ်ကြံသတ်ဖြတ်သွားတဲ့လူကို ရှာဖွေ သုတ်သင်ဖို့ပါ၊ ကျွန်တော် ဒီလောက်တောင် မအပါဘူးဗျာ'

ချန်းလီမှာ ကူချင်းကို မခံချင်စိတ်ဖြင့် ပြန်လည် ချေပလိုက်သည်။

ထိုအခါ ကူးချင်မှာ သဘောကျစွာရယ်မောလိုက်ပြန်၏။

'ဟက်....ဟက်....ဟက်'

'ခင်ဗျားက ဘာကိုရယ်တာလဲ'

'ရှင် အပြောကြီးလို့ ပေါ့'

'ကျွန်တော်က အပြောကြီးတယ် ဟုတ်လား'

'ဟုတ်တယ်'

ချန်းလီ နှုတ်ဆိတ်သွားသည်။

စိတ်ထဲတွင်လည်း မိန်းကလေးတစ်ယောက်က သူ့ကို လှောင်နေသောကြောင့် မခံမရပ်နိုင် ဖြစ်လာနေလေသည်။ ထို့နောက် ကူးချင်လှမ်းပေးသော အရက်အိုးကို လှမ်းကာ တကျိုက်ကျိုက်ဖြင့် မော့သောက်နေတော့သည်။

'ဟေ့....အစ်ကို အရမ်းမသောက်နဲ့လေ၊ ဒီအရက်ကအရမ်းပြင်းတယ်၊ ဒုက္ခရောက်တော့မှာဘဲ'

ကူးချင်က တားရင်း အရက်အိုးကို လုယူလိုက်သည်။ ထိုသော် သူမ နောက်ကျသွားလေသည်။ အရက်အိုးထဲတွင် အရက်တစ်စက်မျှပင် မကျန်တော့ချေ။

'ဟာ.... ဒုက္ခပါဘဲ၊ ရှင်တော့ အရမ်းမူးနေတော့မှာဘဲ'

ချန်းလီသည် ကူးချင်းကို စိုက်ကြည့်၍နေသည်။

'အစ်ကိုချန်းလီ....အစ်ကိုချန်းလီ၊ အို....အို....'

ချန်းလီ၏ ခန္ဓာကိုယ်သည် နတ်ဝင်သည်တစ်ဦးလိုယိမ်းထိုးလှုပ်ရမ်းကာနေသည်။ စိတ်ကိုမူ သတိမလစ်သွားစေရန်အတွင်းအားဖြင့် ထိန်းချုပ်ထားလေသည်။

'ခင်ဗျား ကျုပ်ကို အဆိပ်ခတ်တယ်ပေါ့၊ ခင်ဗျားတော်တော်ရက်စက်ယုတ်မာတဲ့ မိန်းကလေးပဲ'

ချန်းလီသည် ထိုသို့ပြောပြီးနောက် ထိုင်ရာမှ မတ်တပ်ရပ်ရန် ကြိုးစားနေသည်။ သို့သော် သူထနိုင်စွမ်းမရှိတော့ချေ။

အောက်ပိုင်းကို ကျောက်ဆွဲထားသလို ချန်းလီ၏အောက်ပိုင်းတစ်ခုလုံး လေးလံ၍နေသည်။

'အို....မဟုတ်ဘူး၊ မဟုတ်ပါဘူးရှင် ကျွန်မ ရှင့်ကို အဆိပ်မခတ်ပါဘူး ရှင်မူးနေတာပါ'

ထိုနောက်ကူးချင်စကားအဆုံးတွင် ရယ်မောသံထွက်ပေါ်လာပြီး လူတစ်ယောက် ဧည့်ခန်းတွင်းသို့ ခုန်ဝင်လာသည်။

ဧည့်ခန်းအတွင်းသို့ခုန်ဝင်လာသူမှာ ဝတ်စုံအနက်ကို ဝတ်ဆင်ထားပြီး မျက်နှာကိုလည်း မျက်နှာဖုံးစွပ်ထားလေသည်။

ချန်းလီသည် ဖရိုဖရဲဖြစ်နေသောစိတ်ကို အတတ်နိုင်ဆုံးကြိုးစားပြီး ထိန်းနေလေသည်။ ထိုစဉ် သူ၏နားထဲသို့ အသံများ တိုးဝင်လာကြ၏။





'မင်းတို့အရက်အိုးကို အဆိပ်ခတ်လိုက်တာ ငါပဲကွ'

'ဟဲ....ဟဲ.... မိန်းကလေး မင်းသိပ်ပြီး ကံကောင်းတယ်မှတ်ပါ၊ ဟိုကောင်ကတော့ နောက် နာရီဝက်အတွင်းမှာ တမလွန်ဘဝကို ကူးပြောင်းသွားရတော့မှာ သေချာတယ်'

'ဟင် ရှင်....ရှင် ဘယ်သူလဲ'

'ဒီမှာမိန်းကလေး၊ ငါဘယ်သူပဲဖြစ်ဖြစ်မင်းမေးဖို့မလိုဘူး'

'ကျွန်မအာဖေကိုသတ်သွားတာ ရှင်လား'

'ဟား....ဟား....ဟား.... ဒါလဲမင်းမေးဖို့မလိုဘူး'

ထိုအခါ ချန်းလီသည် အခြေအနေမဟန်တော့မှန်း နားလည်လိုက်လေသည်။ ထို့ကြောင့် သူသည် ဝဲဘက်ပခုံးပေါ်ရှိ သွေးကြောတစ်ခုကို လက်ဖြင့် စမ်းကာ ပိတ်လိုက်ပြီး ညာဘက် လက်မကို ပါးစပ်ဖြင့် ကိုက်ဖောက်ပစ်လိုက်လေသည်။

၎င်းလုပ်ရပ်မှာကား အဆိပ်ဖြေနည်းတစ်ရပ်ပင် ဖြစ်လေသည်။ အဆိပ်သင့်နေသော သွေးများသည် လက်မအပေါက်မှ ယိုစိမ့်ထွက်လာသည်။

ခဏအကြာတွင် အဆိပ်များပြေ၍သွားလေတော့၏။

ဝဲဘက်ပခုံးမှ တင်ကျုံးသွေးကြောကို ပြန်ဖွင့်ပြီး သွေးကြော ပြေသွားသောအခါ ချန်းလီသည် လူကောင်းပကတိအတိုင်း ပြန်ဖြစ်သွားလေတော့သည်။ ဦးခေါင်းထဲတွင်လည်း မူးခြင်းမေ့ခြင်းကား လုံးဝမရှိတော့၊ စိတ်ဓာတ်မှာ ပြန်၍လည်၍ လန်းဆန်းလာသည်။

'အင်း...မင်းမိတ်ဆွေတော့ မကြာခင် သေတော့မယ်၊ မင်းပဲ ကျန်တော့မယ်'

မျက်နှာဖုံး စွပ်ထားသောသူသည် ထိုသို့ ပြောလိုက်ပြီးနောက် ဓားကို ဓားအိမ်မှဆွဲထုတ်ကာ ကူးချင်အား အလစ်တွင် ခုတ်ချလိုက်တော့သည်။

'ချွင်'

အရက်တစ်အိုးက ဓားရှေ့၌ ဆီးကာခံထားလိုက်သည်။ ဓားချက်သည် ကူးချင်ကို ထိမိခြင်း မရှိချေ။ 'ချွင်'ဟု မြည်ကာ ဓားမှာ ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွားသည်။

'ဒေါက်'

မျက်နှာဖုံးနှင့်လူမှာရုတ်တရက်ထိတ်လန့်သွားကာ နောက်သို့ သမင်လည်ပြန်ကြည့်လိုက်သည်။ ထိုစဉ် အရိပ်သဏ္ဍာန်တစ်ခုသည် ရိပ်ကနဲ သူ့အနားသို့ ရောက်လာပြီး ကန်ထည့်လိုက်ရာ မျက်နှာဖုံးနှင့်လူသည် ကြမ်းပြင်ပေါ်သို့ 'ဝုန်း'ကနဲလဲကျသွားလေသည်။

'တင်....မင်း....မင်း....'

'ဟုတ်တယ်၊ ကျုပ် ချန်းလီပါ၊ ခင်ဗျားပြောသလို ကျုပ်မသေပါဘူးဗျ'

ထို့နောက် ချန်းလီသည် မျက်နှာဖုံးနှင့်လူကို အကြောပိတ်လိုက်ပြီး ဆွဲထူလိုက်သည်။ မျက်နှာဖုံးနှင့်လူမှာ ချန်းလီအကြောပိတ်လိုက်သောကြောင့် ပျော့ခွေကာနေသည်။





ချန်းလီ ဆွဲယူလိုက်စဉ်မှာပင် အလင်းတန်းတစ်ခုသည် မျက်နှာဖုံးစွပ်နှင့်လူ၏ ညာဘက်ရင်အုံကိုလာရောက် ထိမှန်သွားသည်။ မျက်နှာဖုံးစွပ်နှင့်လူသည် ပါးစပ်မှ 'အား'ဟု တစ်ချက် ညည်းလိုက်ပြီးနောက် လဲကျကာ သေဆုံးသွားလေတော့သည်။

ချန်းလီသည် ဧည့်ခန်းမှ ပြေးထွက်သွားပြီး နှုတ်ပိတ်လိုက်သူ၏နောက်သို့ အတင်းပြေးလိုက်သော်လည်း အရိပ်အရောင်ကိုမျှပင် မတွေ့ရတော့ချေ။

ထို့နောက် ချန်းလီသည် စိတ်ပျက်လက်ပျက်ဖြင့် ဧည့်ခန်းအတွင်းသို့ ပြန်ဝင်လာသည်။

'သူ့ကိုတွေ့လိုက်သေးလား'

ကူးချင်က မေးလိုက်သည်။

'တော်တော်ကိုယ်ဖော့ပညာကောင်းတဲ့လူတစ်ယောက်ပဲ အရိပ်တောင် မတွေ့လိုက်ရဘူးဗျ'

ထိုအခါ ချန်းလီသည် မျက်နှာဖုံးစွပ်ထားသူ၏မျက်နှာဖုံးကို ဆွဲကာချွတ်လိုက်သည်။

'အလို....'

ချန်းလီ ထိတ်လန့်သွားသည်။ ထို့အတူ ကူးချင်လည်း ထိတ်လန့်သွားလေသည်။ အဘယ်ကြောင့်ဆိုသော် ကျောက်တုံး သိုင်းသမား ဖြစ်နေသောကြောင့်ပင် ဖြစ်သည်။

'အင်း....ဒီလူဟာ သူလျှိုတစ်ယောက်ပဲဗျ'

'ဟုတ်တယ်၊ သူသေသွားတာ တော်တော်နစ်နာတာပဲ၊ နို့မို့ဆိုရင် ကျွန်မအဖေကို သတ်တဲ့သူကို သူထုတ်ဖော်ပြောပြနိုင်မှာ သေချာတယ်'

'အင်း....ဟုတ်တယ်'

ထို့နောက် ချွန်းလီသည် ကျောက်တုံး သိုင်းသမား၏ အလိုကိုချွတ်ကာ ညာဘက်ရင်အုံမှ ဒဏ်ရာကို ကြည့်လိုက်၏။

သူမျှော်လင့်ထားသလိုပင် အဝါရောင် အဆိပ်သင့်နေသော ဒဏ်ရာတစ်ခုကို တွေ့လိုက်ရလေသည်။

'သူကို နှုတ်ပိတ်လိုက်တဲ့ လူဟာ နဂါးပတ် အဆိပ်အပ် သိုင်းသမားတစ်ယောက်ဆိုတာ သေချာသွားပြီဗျ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီမှာကြည့်စမ်း သူရင်ဘတ်ကဒဏ်ရာကို'

ကူးချင် ကြည့်လိုက်သည်။ အဝါရောင် သမ်းနေသော ဒဏ်ရာကို တွေ့လိုက်ရလေ၏။

'အင်း....ဒီလူသတ်သမားဟာ ဘာဖြစ်လို့များ လူတွေကို လျှောက်ပြီး သတ်နေတာပါလိမ့်၊ အင်း....အခုလဲ လူတစ်ယောက်ကို သတ်သွားပြန်ပြီ၊ ဒါကတော့ ထားလိုက်ပါတော့ သူ့ရဲ့လျှို့ဝှက်ချက်တွေ ပေါ်မှာစိုးလို့ နှုတ်ပိတ်သွားတာ ကိစ္စမရှိပါဘူး၊ အဲ....ကျန်တဲ့လူတွေကို သူက ဘာလို့ လျှောက်သတ်နေရတာလဲ'

'ကျွန်မအထင်တော့ သူဟာ ကိုယ့်ထက်သာမနာလိုဆိုတဲ့ သဘောနဲ့များ လူတွေကို လျှောက်သတ်နေတာလားမသိဘူး'





'ဒီလိုတော့ မဟုတ်နိုင်ဘူး၊ ဒါထက် ခင်ဗျားအဖေက သိုင်းအဆင့် ဘယ်လောက်ရှိပြီလဲ'

'ကျွန်မအဖေက အဖွဲ့ခေါင်းဆောင်တစ်ဦးပါ'

'ဘယ်အဖွဲ့ကလဲ'

'ကင်းခြေများ အဖွဲ့ကပါ'

'အလို....အင်မတန် နာမည်ကြီးတဲ့ အဖွဲ့တစ်ဖွဲ့ပဲ'

'ရှင်က ကြားဖူးလို့လား'

'ကြားဖူးတာပေါ့ဗျာ၊ ကျွန်တော့်ဆရာ မသေခင်က တစ်ခါ ပြောဖူးတယ်၊ ဒါဆိုရင် ခင်ဗျားအဖေက ကျင်တိတ်ပေါ့'

'ဟုတ်ပါတယ်ရှင်'

'ဟာဗျာ....ပညာရှင်တစ်ယောက်လုံးလုံး ဆုံးရှုံးသွားတာ ကျွန်တော် တကယ်ပဲ စိတ်မကောင်းပါဘူး'

'ရှင် အဆိပ်ပြေသွားပြီလား'

'ဟုတ်ကဲ့၊ ပြေသွားပါပြီ'

'ဘယ်လိုလုပ်ပြေသွားတာလဲ'

'ကျွန်တော် ပြောပြလို့ ဘယ်ဖြစ်မလဲဗျ'

'ခင်ဗျားနဲ့ကျွန်တော် ရင်းနှီးမှုမရှိသေးဘူးလေ၊ တော်ကြာ ခင်ဗျားက ကျွန်တော့်ရဲ့ လျှို့ဝှက်ချက်တွေကို သိသွားရင် ဘယ့်နှယ်လုပ်မလဲဗျ'

'ရှင်က ကျွန်မကို မိတ်ဆွေမဖွဲ့ချင်ဘူးလား'

'ခင်ဗျားက ကျွန်တော့်ကို ယုံမှမယုံဘဲ'

'ရှင်ကကော ကျွန်မကို ယုံလို့လား'

'ကျွန်တော်က ခင်ဗျားကို ယုံကြည်ပါတယ်'

'ဒါဆိုရင် ရှင့်ကိုလဲ ကျွန်မယုံပါတယ်'

'မိတ်ဆွေတစ်ယောက်လို အားကိုးရမလား'

'အားကိုးလို့ရပါတယ်ရှင်'

ချန်းလီ တစ်ချက်ပြုံးလိုက်လေသည်။

'ရှင်က ဘာကိုပြုံးတာလဲ'

'ချက်ချင်းဘဲ ခင်ဗျားက ကျုပ်ကို ယုံကြည်သွားတယ်ဆိုတာကိုပါ'

'ဒါပြုံးစရာလားရှင့်'

'တကယ်တော့ ပြုံးစရာ မဟုတ်ပါဘူး၊ ဒါပေမယ့် ပြုံးစရာကောင်းနေတယ်၊ ဉပမာ ခင်ဗျားကို ကျွန်တော်က....'

ချန်းလီ စကားစပြတ်သွားသဖြင့်....

'ဆက်ပြောလေ ကျွန်တော် ဘာဖြစ်သလဲ'

'ကျွန်တော်က ခင်ဗျားကို ဟိုလို စော်ကားသွားရင် ဘယ့်နှယ်လုပ်မလဲ၊ ကျွန်တော်က လူကောင်းတစ်ယောက် မဟုတ်ဘူး ဆိုရင်ကောဗျ'

'ကျွန်မက ရှင့်ကို ယုံပါတယ်၊ ဒါကြောင့်လဲ အိမ်ကို ဖိတ်ခေါ်ခဲ့တာပေါ့'





ထိုနောက်တွင်' ချန်းလီသည် သူအဆိပ်မြေခဲ့ရသည့် ဖြစ်ရပ်ချက်များကို ကူးချင်းအား ပြောပြလေတော့၏။

'ရှင်ဟာ သိုင်းပညာ တော်တော်ကောင်းပါတယ်'

'ခင်ဗျားလဲ တော်တော်ကောင်းပါတယ်၊ ကျွန်တော့်ကို အသာလွှတ်ကြီး မြှောက်မနေပါနဲ့ဗျာ'

'မမြှောက်ပါဘူးရှင်၊ ဒါနဲ့ ရှင့်ရဲ့ဆရာနာမည်က ဘယ်လိုခေါ်သလဲ'

'သည်းခံပါဗျာ၊ ဒါကိုတော့ ကျွန်တော့်မှာ လုံးဝ ပြောပိုင်ခွင့် မရှိသေးပါဘူး၊ ဒါပေမယ့် ကျွန်တော့်အသက် ၂၅-နှစ် ခြောက်လပြည့်ရင် ခင်ဗျား သိချင်တာတွေအားလုံးကို ကျွန်တော် ပြောပါ့မယ်'

'အခု ရှင့်အသက် ဘယ်လောက်ရှိနေပြီလဲ'

'နှစ်ဆယ့်ငါးနှစ်ပါ'

'နောက်ခြောက်လဆိုရင် ကျွန်မသိရတော့မှာပေါ့'

'ဟုတ်ကဲ့သိရပါတယ်'

ချန်းလီ ခေါင်းညိတ်ပြလိုက်သည်။

'ကဲ....ညဥ့်နက်လှပြီ၊ ကျွန်မတို့ အိပ်ကြစို့'

'ဗျာ'

'အို....ကျွန်မ ပြောတာက အစီအပွါယ်တစ်မျိုးပါ၊ ရှင့်အတွက် အခန်းတစ်ခန်း ပေးမယ်၊ ကျွန်မအခေ အိပ်တဲ့

အခန်းဘဲ အဲဒီမှာ ရှင်အိပ်ပေါ့၊ ကျွန်မက ကျွန်မအခန်းမှာ သွားအိပ်မယ်'

'ဟုတ်ကဲ့....ကျေးဇူးတင်ပါတယ်'

ချန်းလီမှာ ပြုံး၍သာနေလေသည်။

ကူးချင်မှာ ချန်းလီ၏ အပြုံးကြောင့် ရှက်၍နေသည်။

သူ၏မျက်နှာတစ်ခုလုံးမှာ ရှက်လွန်း၍ ထူပူရှိန်းဖိန်းသွားပြီးမျက်နှာတစ်ခုလုံး ရဲသွားသည်။

ကူးချင့်မှာ တောင်တောင်ရှက်ရှာလိမ့်မည်။

ထို့နောက် ကူးချင်က ရှေ့မှထွက်ခွာသွားသဖြင့် ချန်းလီသည် သူမ၏နောက်မှ ခပ်ကုပ်ကုပ်ကလေးလိုက်ပါသွား၏။

ညဥ့်သည် အတော်နက်သထက်နက်၍လာလေသည်။ အပြင်မှာလည်း မဲမှောင်ကာ တိတ်ဆိတ်နေသည်။

တစ်ခါတစ်ရံ ခွေးအူသံများကို ကြားနေရလေသည်။ လေတိုးသံကြောင့် သစ်ရွက်အချင်းချင်း ထိခတ်သံများကိုလည်း ကြားနေရလေတော့သည်။



## အခန်း (၁၈)

အဝေးဆီမှ အုံးမောင်း ခေါက်သံနှင့် ကြက်တွန်သံကို ကြားလိုက်ရသည်။ ထို့နောက် ချန်းလီအိပ်ရာမှ နိုးလာလေသည်။ မျက်လုံးအစုံကို ဖြည်းဖြည်းခြင်းဖွင့်ကြည့်လိုက်၏၊ ပြတင်းပေါက် ကြားကလေးများဆီမှ အလင်းရောင်များ အိပ်ရာထက်ဆီသို့ တိုးဝင်လာကြလေသည်။

ချန်းလီ ပြတင်းပေါက်ကို လှမ်းဖွင့်လိုက်သည်။ ပြတင်းတံခါးဆီမှ အရှေ့ဘက် မိုးကောင်းကင်ကို မော့ကြည့်လိုက်သည်။ အရှေ့ဘက်ဆီမှ နေရောင်သည် ပုဇွန်ဆီရောင်သမ်းလျက်ရှိနေပေသည်။ မကြာမီ အချိန်တွင် အရှေ့ဘက်ရပ်ဝန်းဆီမှ သူရိန်နေမင်းကြီး ထွက်ပေါ်လာပေတော့မည်။

'အစ်ကို....အစ်ကို'

ကူးချင်၏ ခေါ်သံနှင့်အတူ တံခါးခေါက်သံကို ချန်းလီ ကြားလိုက်ရသည်။ ချန်းလီသည် ကုတင်ထက်မှ ရှုတ်တရက် ထလိုက်သည်။

'လာပြီ ခဏနေဦး'

ချွန်းလီ အသံပြုလိုက်သည်။ ပြီးမှတံခါးဆီသို့ လျှောက်လာပြီး တံခါးဖွင့်ပေးလိုက်သည်။

အလွန် ချောမေလှပသော မျက်နှာတစ်ခုကို တွေ့မြင်လိုက်ရသည်။

ကူးချင်၏ မျက်နှာကလေးသည် အလွန်အပြစ် ကင်းစင်သော ကလေးတစ်ယောက်၏ မျက်နှာနှင့်တူနေသည်။

'နိုးတာ စောလှချည်လား'

'မိုးလင်းတော့မယ်ရှင့်'

'နေတောင် မထွက်သေးပါဘူးဗျာ'

'နေဖင်ထိုးမှ ရှင်ကထမှာလား'

'ဒီလိုလဲ မဟုတ်သေးပါဘူး'

'ဒါဖြင့် ဘယ်လိုလဲ'

'ညက တစ်ညလုံးအိပ်မက် လှလှလေးတွေမက်ပြီး အိပ်ရေးမဝဘူးဖြစ်နေလို့ပါ'

'ဘာအိပ်မက်တွေ မက်နေတာလဲ'

'သိပ်ချော သိပ်လှတဲ့မိန်းကလေးတစ်ယောက် တစ်ညလုံး ကျွန်တော့်ကုတင် ဘေးမှာ လာပြီးစကားပြောနေလို့ပါဗျာ'

'ရှင်'... ....'ဟုတ်တယ်'

'တယ်ကမိန်းကလေးလဲ'

'မသိပါဘူးဗျာ၊ ခင်ဗျားနဲ့ တူသလိုလိုတော့ရှိတယ်၊ အင်း....ဒါပေမယ့် မသေချာပါဘူးဗျာ'





'ရှင်....ကျွန်မနဲ့တူဘယ်ဟုတ်လား'

'တူတယ်လို့တော့ ထင်တာပဲ၊ ဒါပေမဲ့မသေချာပါဘူး'

ကူးချင် ခေါင်းကလေးငုံ့သွားသည်။

အိမ်ပြင်မှာ ကျေးငှက်ကလေးများ၏ အော်မြည်သံကို ကြားနေရသည်။ သစ်ရွက်ကလေးများလှုပ်ခတ် နေကြသည်။ လေပြေလေညင်း ကလေးများနှင့်အတူ ပန်းရနံ့ကလေးများသည် မွှေးပျံ့၍လာလေသည်။

ကူးချင် ရှက်သွားပုံရသည်။

'ရှင့်ကို သူက ဘာတွေလာပြောနေလို့လဲ'

ကူးချင်က မေးလိုက်သည်။

'ဘာတွေမှန်းလဲ မသိပါဘူးဗျာ၊ စုံနေတာပဲ'

ချွန်းလီက ရယ်ကျဲကျဲဖြင့်ပြန်ပြောလိုက်သည်။

'ရှင် ညာပြောနေတာပါ'

'တကယ်ပြောတာပါ မယုံဘူးလား၊ ကဲ ဒါတွေထား လိုက်ပါတော့ဗျာ အိပ်မက်ဆိုတာ မက်ချင်တာ မက်တာပါ၊ မနက်မိုးလင်းတော့လဲ ပြီးသွားတာပါပဲ'

ကူးချင်မှာ ချွန်းလီ၏စကားကြောင့် သိပ်ကြွနပ်ပုံမရပေ၊ ချွန်းလီကလည်း ဆက်မပြောတော့ပေ၊ အိပ်မက်အကြောင်းကို ဖြတ်တောက်ပြစ်လိုက်ပြီး အခြားအကြောင်းအရာများကိုဆက်သည်။

'ညက ဘာများထူးခြားမှုရှိသေးလဲ'

'ဘာမှ မထူးခြားပါဘူးရှင်'

နှစ်ယောက်သား ဧည့်ခန်းသို့လျှောက်လာပြီးမှ....

ကူးချင်က....

'ရှင် ကိုယ်လက်သန့်စင်လိုက်ပါဦး' ဟုပြောလိုက်သဖြင့် ချန်းလီ အိမ်နောက်ဖေးဘက်သို့ ထွက်ခွာသွားပြီး ကိုယ်လက် သန့်စင်မှုပြုလေသည်။

ဧည့်ခန်း သို့ပြန်ရောက်သောအခါ သူ့အတွက်မနက်စာက အဆင်သင့်ပြင်ထားနေသည်။

ကူးချင်သည်ကား အလွန်အလိုက်သိတတ်သူဖြစ်ပေသည်။ နံနက်စာကို နှစ်ယောက်အတူစားကြလေသည်။

စားရင်းသောက်ရင်းဖြင့် နှစ်ယောက်သားဆွေးနွေးနေကြသည်။

'ကျွန်တော့် စိတ်ထင် လူသတ်သမားဟာ အဖွဲ့ ခေါင်းဆောင်တွေကိုချည်း ရွေးပြီး လုပ်ကြံနေတဲ့သူများ ဖြစ်နေမလား မသိဘူး'

ထိုအခါ ကူးချင်က

'ကျွန်မကတော့ ဒီလိုမထင်ဘူး'

'ဒါဖြင့် ဘယ်လိုထင်လဲ'

'သူဟာ သူခိုးတစ်ယောက်ပဲ၊ ရိုးရိုးသူခိုးတောင်မဟုတ်ဘူး၊ လူကိုသတ်ပြီး မစ္စည်းခိုးတဲ့ သူခိုးအကြီးစားတစ်ယောက်ပဲ'





'ဆိုပါဦး၊ ခင်ဗျားတို့အိမ်က ဘာပစ္စည်းတွေများ ပါသွားလို့လဲ'

'ကျွန်မတို့ ဘိုးဘွားပိုင် ပတ္တမြားကြီးတစ်လုံးနဲ့ ကျောက်စိမ်းဓားပါသွားလို့ပေါ့'

'ဗျာ'

'ချန်းလီမှာ အာမေဋိတ်သံထွက်၍သွားလေသည်။ ထို့နောက် ကူးချင်က ဆက်၍ပြောလေသည်။

'ဟုတ်တယ်....ပတ္တမြားက အကြောင်း မဟုတ်ပေမယ့် ကျောက်စိမ်းဓားက တော်တော့်ကို တန်ဖိုးရှိတယ်၊ နောက်ပြီး ပြောရဦးမယ်'

'ဟုတ်ကဲ့....ဆက်ပြောပါနားထောင်နေပါတယ်'

'ကျောက်စိမ်းဓားပေါ်မှာ လျှို့ဝှက်ချက်တွေ ရှိတယ်ရှင့်'

'ဟုတ်ကဲ့'

'ဘယ်လိုလျှို့ဝှက်ချက်တွေလဲဆိုတော့ ဓားရွက်ဟာ အနှစ်ငါးဆယ် အဆိပ်ရည်သင့်နေတဲ့ ဓားတစ်ချောင်း ဖြစ်နေလို့ပဲ'

'အနှစ်ငါးဆယ်အဆိပ်ရည်သင့်နေတဲ့ဓား ဟုတ်လား'

'ဟုတ်ပါတယ်'

'ဒါဆိုရင် အဲဒီကျောက်စိမ်းဓားဟာ အဆိပ်ဓားပေါ့နော်'

'ဟုတ်ပါတယ်ရှင်၊ ထိကာနဲ့ အဆိပ်သင့်ပြီး သေနိုင်တဲ့ ဓားတစ်လက်ပါပဲ'

'နေပါဦး၊ သူက ဘယ်လိုလုပ်ပြီး ဒီဓားအကြောင်းကို သိနေရတာလဲ'

'အဖေ့ရဲ့ဘွဲ့က ကျောက်စိမ်းအဆိပ်ဓား ကျင်တိတ်လို့ သိုင်းလောကမှာ နာမည်ကြီးခဲ့တာပဲ၊ ဒါကြောင့် သူသိနေခဲ့တာ ဖြစ်မှာပေါ့'

ချန်းလီသည် ခေါင်းတဆတ်ဆတ်ညိတ်နေသော်လည်း သူ့အတွေးကမူ ပျံ့လွင့်လျက်ရှိ၏။

သူ ဘာတွေတွေးနေပါသနည်း။

သူသည် ကူးချင်ပြောပြနေသည့် လူသတ်သမား သူခိုးကြီးအကြောင်းကို တွေးနေသည်။ သူ၏ဆရာ ရှပ်ပိုလွှာကလည်း သူ၏မျက်လုံးထဲ တဖျပ်ဖျပ် ပေါ်နေသည်။

စိတ်ထဲတွင်လည်း မခံချင်စိတ် ဒေါသစိတ်များ ဖြစ်ပေါ်နေသည်၊ သူ၏လက်များမှာ ကျစ်ကျစ်လျစ် ချစ် ဆုပ်လျက်ရှိနေသည်။ ၎င်းလူသတ်သမား သူခိုးကြီးသည် သူသိသလောက် လူသုံးယောက်ကိုသတ်ခဲ့ပြီးပြီ။

တစ်ယောက်မှာ မိမိဆရာစင်းချန်' ကျန်နှစ်ယောက်မှာ တစ်ယောက်က ငုံရှင်ရွာမှ ယုကျင် (ကလေးနှစ်ယောက်အမေ၏) ခင်ပွန်းသည် တိမ်းတိုက်ပျံမိုးကြိုး ရင်ဖေ့ဖြစ်၍





နောက်တစ်ယောက်မှာမူ ကူးချင်၏ဖခင်ကြီး ကျင်တိတ်ပင် ဖြစ်လေသည်။

'အစ်ကိုချန်းလီ ဘာတွေကိုစဉ်းစားနေတာလဲ'

ချန်းလီ အတွေးပြတ်သွားသည်။

သက်ပြင်းတစ်ချက်ချလိုက်ပြီးနောက်....

'ကျွန်တော် ထင်ဟိုင်ကို သွားတော့မယ်ဗျာ'

'ရှင်....'

'ကျွန်တော် ထင်ဟိုင်ကိုရောက်ရင် နဂါးပတ်အဆိပ်အပ် သိုင်းသမားကို စုံစမ်းမယ်၊ ဟိုမှာက စုံစမ်းရလွယ်လိမ့်မယ်လို့ ထင်တယ်၊ သိုင်းလောကသားတွေဟာ ဒီလိုကိစ္စမျိုးမှာပိုပြီး အကျွမ်းတဝင်ရှိတယ်၊ ဒါကြောင့် ကျွန်တော် ထင်ဟိုင်ကိုပဲ သွားတော့မယ်ဗျာ'

ကူးချင်သည် ချန်းလီကို စိုက်ကြည့်နေသည်။ သူမ၏ နှုတ်ခမ်းအစုံသည် လှုပ်လှုပ်ရွရွဖြစ်နေသည်။ တစ်စုံတစ်ရာကိုဖွင့်ပြောဆိုရန်အတွက် အားယူနေသကဲ့သို့ ရှိသည်။

ခဏအကြာတွင် သူမစကားစလာသည်။

'ကျွန်မလဲ ရှင်နဲ့အတူ ထင်ဟိုင်ကို လိုက်မယ်'

'ဗျာ'

'ကျွန်မ ရှင်နဲ့အတူ ထင်ဟိုင်ကိုလိုက်မယ်'

'မဖြစ်နိုင်ဘူး'

'ဘာဖြစ်လို့လဲ'

'ကျွန်တော် ခင်ဗျားကို တာဝန်မယူနိုင်လို့ပါ'
ထိုအခါ ကူးချင်သည် ရုတ်တရက် ရယ်မောလိုက်သည်။
'ခင်ဗျားက ဘာကိုရယ်တာလဲ'
'ကျွန်မဘာကိုရယ်တယ်ဆိုတာ ရှင်သိချင်သလား'
ချန်းလီ ခေါင်းညိတ်လိုက်သည်။

'သိချင်တယ်'
'ရှင်က ကျွန်မကိုတာဝန်မယူနိုင်ဘူး ဆိုလို့ပေါ့'
'ဟုတ်တယ်လေ၊ ကျွန်တော်မှ ခင်ဗျားကိုတာဝန်မယူနိုင်တဲ့ဟာ'
'ကျွန်မကလဲ ရှင့်ကိုတာဝန်ယူပါလို့ ဘယ်မှာပြောသေးလို့လဲ၊ ဟင်း....ဟင်း....ရှင်ဟာတော်တော်ရယ်စရာကောင်းတဲ့ လူတစ်ယောက်ပဲ'
'ဒါက ဒီလိုရှိပါတယ်၊ ခင်ဗျား ကျွန်တော်နဲ့အတူလိုက်လာရင် ကျွန်တော်က ခင်ဗျား တာဝန်မယူနဲ့ ဆိုပေမယ့် ခင်ဗျားကိုတာဝန်ယူရမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားနဲ့ ကျွန်တော်က မိတ်ဆွေတွေ ဖြစ်သွားကြပြီလေ'
'ကျွန်မအတွက် ရှင် ဘာမှမပူနဲ့'
'မဟုတ်ပါဘူးဗျာ၊ အတူတူသွားမှတော့ ပူရမှာပေါ့'
'မလိုပါဘူး'
'လိုပါတယ်'





'မလိုပါဘူး၊ ရှင့်လမ်းရှင်သွား၊ ကျွန်မကလဲ ကျွန်မလမ်း ကျွန်မသွားမယ်'
ကူးချင် စိတ်ကောက်သွားမှန်း သိသာသည်။
'ဘာလဲ ခင်ဗျားက ကျွန်တော့်ကို စိတ်ဆိုးသွားတာလား'
'မဆိုးပါဘူး'
ချန်းလီ ပြုံးလိုက်သည်။
'အလားကား ပြောတာပါဗျာ၊ ခင်ဗျားလဲ ခင်ဗျားအကြောင်းနဲ့၊ ကျွန်တော်လဲ ကျွန်တော့် အကြောင်းနဲ့၊ အကြောင်းအရာချင်းတူနေတော့ ပေါင်းစည်းသင့်တာပေါ့၊ ကျွန်တော့်နဲ့ အတူတူ လိုက်ခဲ့လေ'
ထိုအခါ ကူးချင် မျက်စောင်းက ချန်းလီ မျက်နှာပေါ်သို့ ခပ်စွေစွေ ကျရောက်လာသည်။
'မျက်စောင်းတော့ မထိုးပါနဲ့ဗျာ၊ ခေါ်သွားပါ့မယ်'
'အံမယ် ရှင့်ကို ခေါ်ပါလို့ ပြောနေလို့လား'
ချန်းလီရယ်မောလိုက်သည်။
'ခင်ဗျားက တစ်မျိုးဘဲ'
'ရှင်လဲ တစ်မျိုးဘဲ'
'ဟုတ်တာပေါ့ တစ်ယောက် တစ်မျိုးစီဘဲ'

## အခန်း (၁၉)

ချန်းလီနှင့် ကူးချင်တို့သည် ငွေကြေးအလုံအလောက်ဖြင့် ခရီးစဉ်တစ်ခုကို ထွက်လာကြသည်။ သူတို့နှစ်ဦး၏ ရင်ထဲတွင် စွဲမြဲနေသည့် နဂါးပတ်အဆိပ်အဖ်ရှင်သိုင်းသမားကို ရှာဖွေ၍ လက်စားချေရန် ဖြစ်သည်။

သူတို့၏ ပထမဆုံး ခရီးစဉ်မှာ ထင်ဟိုပ်သို့ပင် ဖြစ်၏။ ထိုမြို့များမှ ရှာမတွေ့လျှင် အခြားမြို့တစ်မြို့ကို သွား၍ထပ်မံ ရှာဖွေရပေမည်။

'လမ်းခရီးအခြေအနေဘယ်လိုလဲ ကောင်းရဲ့လား'

ခရီးသွားနေရင်းမှ ချန်းလီက မေးလိုက်သည်။

'အင်း....ဟိုအရင်ကတော့ ဝမ်လီရွာနဲ့ ထင်ဟိုင်းကြားမှာ ဓားပြတွေမကြာမကြာ သောင်းကျန်းခဲ့ဖူးတယ်၊ ဒါပေမယ့် အခုတော့ မဟုတ်ပါဘူး၊ လွန်ခဲ့တဲ့ သုံးလေးနှစ်လောက်က ပါ၊ ဘာဖြစ်လို့ မေးတာလဲဟင်'

'ဩော်....ခင်ဗျားမှာက ငွေတွေပါလာလို့၊ နောက်ပြီး တော့ ဒီလောက်ချောမောလှပတဲ့ မိန်းကလေးတစ်ယောက် ကိုဓားပြတွေ ပြန်ပေးဆွဲသွားမှာကို စိုးရိမ်လို့ပါ'





'ဒီမှာ ကျွန်မကတော့ ဓားပြတွေကို မကြောက်ပါဘူး၊ ရှင့်ကိုပဲကြောက်တယ်'

'ဗျာ ကျွန်တော့်ကိုကြောက်တယ်ဟုတ်လားဘာဖြစ်လို့လဲ'

'ရှင်က လူရင်းတစ်ယောက်ဖြစ်နေလို့ပဲ'

'ဒါနဲ့ ဘာဆိုင်လို့လဲ'

'ဆိုင်တာပေါ့ရှင်၊ တော်ကြာ လူရင်းဆိုပြီးတော့ ကျွန်မ ကိုအယုံသွင်းပြီး ကျွန်မငွေတွေလုသွားမှာ စိုးရိမ်လို့ပေါ့'

ကူးချင်၏စကားကြောင့် ချန်းလီမှာမျက်လုံး ပြူး၍သွား ရလေသည်။ ထို့နောက် မြင်းကိုစီးနှင်နေရာမှ ရုတ်တရက် တုံ့ခနဲ ရပ်လိုက်သည်။

'ခင်ဗျား ကျွန်တော့်ကို မယုံကြည်ဘူးဆိုရင် ခင်ဗျားနဲ့ ကျွန်တော် ဒီကနေလမ်းခွဲကြမယ်ဗျာ'

'စိတ်မဆိုးပါနဲ့ရှင်၊ အလကား စတာပါ'

ကူးချင်က ပြုံးစစဖြင့်ပြောလိုက်သည်။

ချန်းလီမှာ မျက်မှောင်ကြုတ်၍ ကူးချင်ကိုစိုက်ကြည့်လိုက် သည်။ ထို့နောက်မှသာ ချန်းလီ၏မျက်နှာမှာ တဖြည်းဖြည်း ပြုံး၍လာလေသည်။

သူတို့နှစ်ဦးသည် တစ်ယောက်ကို တစ်ယောက် နောက် ပြောင်ကျီစယ်ရင်းဖြင့် ခရီးဆက်လာသည်။

သူတို့သည် တောအုပ်ကလေးများကို ဖြတ်ကျော်ခဲ့ရသည် တောင်ကုန်းများကိုလည်း တက်ရသည်။ မြေပြန့်လွင်ပြင်

များကိုလည်း သွားခဲ့ရသည်။ သူတို့ခရီးထွက်လာခဲ့သည်မှာ အချိန်အတော်ပင် ကြာခဲ့ရပြီဖြစ်သည်။

မကြာမီ အချိန်အတွင်းမှာပင် လမ်းနီကလေး တစ်ခုကို ရောက်ရှိလာကြ၏။

'ဒီလမ်းနီကလေးအတိုင်း ရှေ့ကိုဆက်သွားရင် ဘယ်ကို ရောက်နိုင်လဲဗျ'

ချန်းလီက မေးလိုက်သည်။

'ကျိုးကျန်မြို့ကို ရောက်မယ်၊ အဲ...ဟိုကိုရောက်ရင် မိုးလဲ ချုပ်ပြီ'

'ကျိုးကျန်နဲ့ထင်ဟိုင်က ဘယ်လောက်ဝေးသေးလဲ'

'သိပ်တော့ မဝေးတော့ပါဘူး၊ ညအိပ်ခရီးလောက်ဆို ထင်ဟိုင်ကို ရောက်သွားမှာပါ'

ချန်းလီ အလွန်ဝမ်းသာသွားသည်။

သူတို့လမ်းနီကလေးအတိုင်းဆက်ကာ သွားနေကြစဉ် မှာပင် ရှေ့မှသစ်ပင်ကြီးတစ်ပင်ကို တွေ့လိုက်ရသည်။

'အစ်ကိုချန်းလီ၊ ရှေ့ကသစ်ပင်ကြီးအောက်ကိုရောက်ရင် ခဏနားကြမယ်'

ကူးချင်က ပြောလိုက်လေသည်။

'ဘာဖြစ်လို့လဲ၊ ပင်ပန်းနေပြီလား'

'မဟုတ်ပါဘူး၊ တစ်ခုခုစားရင်း အနားယူရတာပေါ့၊ ဗိုက်ဆာနေလို့ပါ'





'ကဲ...ခင်ဗျားသဘောပါပဲဗျာ'

ထိုအချိန်တွင် နေအတော်မြင့်နေပြီဖြစ်သည်။ နေအပူရှိန်မှာလည်း သိသိသာသာ ပူပြင်းစပြုလာသည်။ တစ်ချက်တစ်ချက် လေပူကလည်း တိုက်ခိုက်လိုက်သေးသည်။

ကူးချင်သည် အိမ်မှထွက်လာကတည်းက လမ်းခရီးတွင် စားသောက်နိုင်ရန် ရေဘူး၊ အရက်အိုးနှင့် ဝက်သားခြောက်များ အလုံအလောက်ပါလာခဲ့သည်။

သူတို့သည်သစ်ပင်ကြီးအောက်သို့ ရောက်ရှိလာခဲ့ကြသည်။ မြင်းများကို တုန့်ခနဲရပ်လိုက်ကြပြီး မြင်းပေါ်မှ ကိုယ်စီဆင်းလိုက်ကြလေသည်။ မြင်းများကို အရိပ်ကောင်းသောနေရာတွင် အနားပေးထားပြီး သူတို့နှစ်ဦးလည်း သစ်ပင်ကြီးအောက် အရိပ်၌ထိုင်ချလိုက်ကြလေသည်။

ထိုသစ်ပင်ကြီးအောက်တွင် ထိုင်ချရင်း အမောဖြေနေသည်။ ချွေးများလည်း တဒီးဒီး ကျဆင်းနေလျက်ရှိသည်။

အတန်ကြာ အမောပြေသောအခါမှ....

'ရှင် အရက်သောက်မလား၊ ရေသောက်မှာလား'

'ကျွန်တော် အရက်လဲမသောက်ချင်ဘူး ရေလဲမသောက်ချင်ဘူး'

'ဒါဖြင့် ဘာလုပ်မလဲ'

'ကျွန်တော် မီးမွှေးပြီး ဝက်ခြောက်ကင် စားချင်တယ်'

'ရှင်မဆိုးပါဘူး'

ထိုအခါကူးချင်သည် အသင့်ပါလာသောမီးခတ်ကျောက်ဖြင့် ချက်ချင်း မီးမွေးလိုက်သည်။ ပြီးနောက် ဝက်သားခြောက်ကို တံစို့ထိုးပြီး ကင်လိုက်သည်။

မြင်းနှစ်ကောင်မှာလည်း လွတ်လွတ်လပ်လပ် မြက်များကို စားနေကြသည်။

ဝက်သားခြောက်ကင်မှ မွှေးကြိုင်သောအနံ့ထွက်ပေါ်လာသည်။ ထိုအနံ့ကြောင့် ချန်းလီမှာ သွားရည်ကျလာသည်။

'မပြီးသေးဘူးလားဗျ'

'ဘာလဲ....ရှင်ဆာနေပြီလား'

ထိုအခါ ချန်းလီက....

'မေးရက်လိုက်တာဗျာ'

ကူးချင်ပြုံးလိုက်သည်။

'ကျက်ခါနီးပြီ'

ချန်းလီမှာ ပါးစပ်တပြင်ပြင်ဖြစ်ကာနေသည်။

ကူးချင်မှာ ချန်းလီအဖြစ်ကိုကြည့်ရင်း ရယ်မောလိုက်သည်။

'ရယ်ပါ....ရယ်ပါဗျာ'

'ကဲ....ရော့ရော့၊ ပြီးပြီ'

ချန်းလီဝက်ခြောက်ကင်ကို လှမ်းယူလိုက်ပြီး တစ်ဖဲ့ကိုက်လိုက်သည်။





'အား'

'ဟင်....ဘာဖြစ်သွားတာလဲ'

'အား...လျှာကျက်သွားပြီဗျ'

'ရှင်ကလေ....အစားကို ငမ်းလွန်းတာကိုး'

ချန်းလီမှာ ရှက်ပြုံးပြုံးလိုက်ပြီး....

'ပူလိုက်တာ အရမ်းပဲ'

'ဟင်း....ဟင်း....ဟင်း'

ထိုအခါ ကူးချင်မှာ သဘောကျစွာ ရယ်မောလိုက်သည်။

'လုပ်ပါဦး ကျွန်တော့်ကို အရက်နည်းနည်းလောက်'

'ဒါက ဘယ်လိုဖြစ်သွားရပြန်တာလဲ'

'ခြေဘ်....အရက်နဲ့ဝက်ခြောက်ကင်နဲ့ဆို ပိုပြီးလိုက်ဖက်တာပေါ့ဗျာ'

ကူးချင်က မျက်စောင်းထိုးလိုက်သည်။

'ကဲ....ရော့၊ အကုန်တော့မသောက်နဲ့ဦး'

ချန်းလီ အရက်အိုးကို လှမ်းယူလိုက်လည်။

ထိုအချိန်မှာပင် လှည်းဘီးကြိတ်သံများနှင့်မြင်းခွာသံများကို ကြားလိုက်ရ၏။

'ဟော....မြင်းခွာသံတွေကြားနေရတယ် ရန်သူတွေလားမိတ်ဆွေတွေလား မသိဘူး'

ချန်းလီက သတိပေးပြောဆိုလိုက်သည်။ ထိုအခါကူးချင်က လှမ်းကြည့်လိုက်သည်။

ချောထောက်အဖွဲ့တစ်ဖွဲ့ကို တွေ့လိုက်ရသည်။

'ချောထောက် ရိက္ခာပို့ဆောင်ရေး အဖွဲ့ကပါ၊ ဒီလိုပဲ မကြာခဏ လမ်းမှာဆုံတတ်ပါတယ်'

ဟု ကူးချင်က ပြောလိုက်သည်။

'ဘယ်က ချောထောက်အဖွဲ့လဲ'

'ဟသ်ာပို့ဆောင်ရေး အဖွဲ့ကပါ၊ ဟသ်ာဖို့ ဆောင်ရေး အဖွဲ့ခေါင်းဆောင် ရှာဟုက ကျွန်မနဲ့အင်မတန် ရင်းနှီးတယ်၊ စိတ်ရင်းစေတနာ အင်မတန်ကောင်းမွန်ပြီး သိုင်းပညာလဲ အင်မတန်ကောင်းတယ်ရှင့်'

'ဩော်....'

တစ်ခဏအကြာတွင် မြင်းခွာသံများနှင့် လူသံများကို သဲသဲကွဲကွဲကြားလိုက်ရသည်။ ပြီးနောက် ချောထောက်ပို့အဖွဲ့သည် ချန်းလီတို့နားနေရာ သစ်ပင်ကြီးအောက်သို့ ရောက်ရှိလာကြကာ ရပ်တန့်သွားကြလေသည်။

ကူးချင်သည် ချောထောက်အဖွဲ့ကို ကြည့်ပြီး ဟင်ခနဲ အာမေဍိတ်ပြုလိုက်လေသည်။

'ကူးချင်၊ ဘာထူးခြားလို့လဲဗျ'

'အင်း...ဒီချောထောက်အဖွဲ့က ကျွန်မပြောတဲ့ ဟသ်ာ ချောထောက်အဖွဲ့က မဟုတ်ဘူးရှင့်'





ထိုစဉ်....ချောထောက်အဖွဲ့မှ ခေါင်းဆောင်ဟု ထင်ရသော ဝတ်စုံညိုကို ဝတ်ဆင်ထားသည့် လူတစ်ယောက်က ချန်းလီကို လှမ်းကြည့်၍....

'ဟေး....မင်းတို့က ဘယ်သူတွေလဲကွ၊ ဓားပြတွေလား'

ဟု အော်မေးလိုက်၏။

'ကျွန်တော်တို့က ခရီးသွား ဧည့်သည်တွေပါဗျာ၊ လူကောင်းတွေပါဗျာ၊ လူဆိုး ဓားပြတွေ မဟုတ်ပါဘူး'

ချန်းလီ ပြန်ပြောလိုက်သည်။

အဖွဲ့ခေါင်းဆောင်ဟု ထင်ရသော ဝတ်စုံညိုဝတ်ဆင်ထားသူမှာ အလွန်ကြံ့ခိုင်သန်စွမ်းသော လူတစ်ဦး ဖြစ်ပေသည်။ ထိုသူ၏ အသက်မှာ လေးဆယ်ခန့်ပင် ရှိဦးမည်ဟု ထင်ရသည်။ ထိုသူမှာ အဆင့်မြင့် သိုင်းပညာရှင် တစ်ဦးပင်ဖြစ်သည်။

ထိုလူသည် ချန်းလီကို ကြည့်နေရင်းမှ တစ်ဖန် ကူးချင်ကို အာရုံပြောင်း၍ ကြည့်လိုက်ပြန်သည်။

သူ၏ အကြည့်မှာ မရိုးသားပေ။ ကူးချင်သည် သူ့အကြည့်ကို မခံနိုင်သဖြင့် မျက်နှာကို လွှဲလိုက်သည်။

'ဟော့....ချာတိတ် မင်းဘေးက ကောင်မလေးက ဘယ်သူလဲကွ၊ မင်းနဲ့ဘာတော်သလဲကွ'

ချောထောက်ပို့ တာဝန်ခံ ခေါင်းဆောင်က ချန်းလီကို လှမ်းမေးလိုက်သည်။

ချန်းလီသည် ကူးချင်ကို တစ်ချက်လှမ်းကြည့်လိုက်ပြီး မျှားစုံစိုးရိမ်သွားလေသည်။

ထို့ကြောင့် သူက ကူးချင်အား ဘေးဥပါဒ်တစ်စုံတစ်ရာ ကျရောက်စေခြင်း မရှိစေရန်အလို့ငှာ ပရိယာယ်ဆင်၍....

'သူက ကျွန်တော့် မိန်းမပါ'

ဟု ပြောလိုက်လေသည်။

ချန်းလီ ထိုသို့ပြောလိုက်သဖြင့် ကူးချင်မှာ မျက်နှာအနည်းငယ် ပျက်၍သွားပြီးလျှင် ချက်ချင်းပင် မျက်နှာတစ်ခုလုံး ရဲရဲနီ၍သွားလေတော့သည်။

သူမ ရှက်သွားကြောင်း ချန်းလီ မြင်တွေ့လိုက်ရသလို ချောထောက်အဖွဲ့ တာဝန်ခံ အဖွဲ့ခေါင်းဆောင်ကလည်း ရိပ်စားမိပုံရသည်။

ထို့ကြောင့် ချောထောက်တာဝန်ခံ ခေါင်းဆောင်က မထီမဲ့မြင် တစ်ချက်ပြုံးလိုက်ပြီး ချန်းလီအနားသို့ လျှောက်လာလေသည်။

ထိုလူ၏ နောက်လိုက်သုံးယောက်ကလည်း သူ၏ နောက်မှ ကပ်၍ လိုက်ပါလာသည်။

၎င်းတို့သုံးဦးမှာလည်း လွန်စွာသန်မာထွားကြိုင်းသူများဖြစ်လေသည်။

သိုင်းပညာရပ်၌ ခေမည့်သူများမဟုတ်ဟု ထင်ရလေ၏။





ချန်းလီ အနားရောက်လျှင် ချောထောက် တာဝန်ခံက ချန်းလီအား လှမ်းမေးလိုက်၏။

'မင်းနာမည် ဘယ်လိုခေါ်သလဲ'

'ကျွန်တော့် နာမည် ချန်းလီပါ၊ ခင်ဗျား နာမည်ကော ဘယ်လို ခေါ်သလဲ'

ချန်းလီက ဆက်၍ဖြေရင်း မေးလိုက်သည်။

'ကျုပ်ရဲ့နာမည်က ချင်းစုလို့ ခေါ်တယ်၊ ကျားလေးဖော် ချောထောက်အဖွဲ့ တာဝန်ခံ တစ်ယောက်ပဲ၊ ဟိုမိန်းကလေး နာမည်ကကော ဘယ်လိုခေါ်သလဲ'

ထိုလူသည် တစ်ဆက်တည်းပင် ကူးချင်ကို ကြည့်ကာ ချန်းလီကို မေးလိုက်သည်။

'သူ နာမည်ကတော့ ကူးချင်းလို့ ခေါ်ပါတယ်'

'အင်း....မိန်းကလေးကတော့ တော်တော်ချောတာပဲ'

ချင်းစုစကားကြောင့် ကူးချင် မနေတတ်အောင် ဖြစ်နေသည်။

သူမ၏ မျက်နှာ အမူအရာသည် ရှက်ဒေါသများကို အလွန် ထိန်းသိမ်းနေရမှန်း ချန်းလီ သိနေသည်။ ယခုကိစ္စတွင် မိမိကသာ မခံမရပ်နိုင်ဖြစ်ပြီး မချေမငံပြောဆိုလိုက်လျှင် ပြဿနာ အကြီးအကျယ် တက်နိုင်မည်မှာ သေချာသည်။

ထို့ကြောင့် ကူးချင်မှာ ပြဿနာတက်မည်စိုး၍ စိတ်ကို ထိန်းထားရခြင်း ဖြစ်လေဟန်တူသည်။

ထိုအခါ သူမသည် ချက်ချင်းပင် မျက်နှာပိုးသတ်ကာ ရင်းနှီးဟန်ဖြင့်....

'အစ်ကိုကြီး ချင်းစုက ကျားလေးဖော် ချောထောက် အဖွဲ့ကဆိုရင်ဟယ်ဒ်ပို့ဆောင်ရေးအဖွဲ့က အစ်ကိုကြီးရှာဟုကို သိမှာပေါ့နော်'

'ဟာ....သိပ်သိတာပေါ့၊ အစ်ကိုရှာဟုန်နဲ့ ငါက အင်မတန် ရင်းနှီးတာ၊ ဒါပေမယ့် သူမရှိတော့ဘူး သေသွားပြီ'

'ရှင်....သေသွားပြီ ဟုတ်လား'

'ဟုတ်တယ်၊ သေသွားပြီ၊ လျှို့ဝှက်တဲ့ လူသတ်သမား တစ်ယောက်က သူ့ကို နဂါးပတ် အဆိပ်အပ်နဲ့ ပစ်သတ်သွားတာပဲ၊ ထူဆန်းတာက သူ့ရဲ့ ညာဘက် ရင်အုံမှာ အဝါရောင် ဒဏ်ရာတစ်ခုနဲ့ သေဆုံးခဲ့ရတာပဲကွ'

ချန်းလီသည် ရုတ်တရက် ထခုန်မတတ် ထိတ်လန့်သွားလေသည်။ နဂါးပတ်အဆိပ်အပ် လူသတ်သမားကို စိတ်ဝင်စားသောကြောင့် ဖြစ်သည်။

'အင်း....ဒီလူသတ်သမားဟာ ဘာကြောင့်များ ညာဘက် ရင်အုံကိုမှ ရွေးပြီး ပစ်သတ်ရတာလဲ၊ ဒါဟာ သူ့ရဲ့ ထူးခြားချက် တစ်ရပ်ပဲ'

'အင်း'

ချန်းလီလည် အထက်ပါအတိုင်း တွေးနေမိ၏။

ထိုစဉ် ချင်းစုက စကားစလာပြန်သည်။





'အင်း ... အခုတလော သိုင်းလောကမှာ တော်တော်လေး ဂယက်ထလာတယ်၊ သိုင်းအဖွဲ့အသီးသီးကလည်း နဂါးပတ်အဆိပ်အပ်ရှင်ကို မြေလှန်ပြီး ရှာနေကြတယ်'

'သူက ဘယ်အဖွဲ့ကလဲအစ်ကိုကြီး၊ တွေ့ကောတွေ့ပြီလား'

ချန်းလီက မေးလိုက်သည်။

'သူက ဘယ်အဖွဲ့ကမှန်းမသိဘူး၊ ဖမ်းလို့လဲမရသေးဘူး'

'နဂါးပတ်အဆိပ်ရှင်ဟာ မန်ချူးအဖွဲ့ကများလား မသိဘူး အစ်ကိုကြီး'

'အင်း....စဉ်းတော့ စဉ်းစားစရာပဲ'

ထိုအခါ ချင်းစုသည် မျက်မှောင်ကြုတ်ကာ စဉ်းစားနေလေသည်။ ထို့နောက် သူက ချန်းလီနှင့် ကူးချင်တို့ကို အကဲခတ် ကြည့်နေရင်းမှ....

'နေပါဦး မင်းတို့နှစ်ယောက်က အမှန်ပဲ လင်မယားတွေလား၊ ဘယ်ကိုသွားကြမလို့လဲ'

ဟု မေးလိုက်ရာ ချန်းလီက....

'ကျွန်တော်တို့နှစ်ယောက်က ညားကာစ လင်မယားတွေပါခင်ဗျာ၊ ထင်ဟိုင်ကိုသွားမလို့ ထွက်လာခဲ့ကြတာပါ'

ဟုဖြေလေသည်။ ချင်းစုက တစ်ချက်မျှပြုံးလိုက်ပြီးလျှင်....

'မင်းအဖြေနှစ်ခုထဲက တစ်ခုကိုပဲ ငါယုံတယ်၊ မင်းတို့နှစ်ယောက်က လင်မယားတွေ မဟုတ်ပါဘူး၊ ထင်ဟိုင်ကို သွားမယ်ဆိုတာတော့ ငါက လက်ခံတယ်၊ ယုံကြည်တယ်'

ချန်းလီသည် ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့ ဆိုသည့်ထုံးကို လက်ကိုင်ပြုလျက်....

'ကျွန်တော် အမှန်တွေပြောနေတာပါခင်ဗျာ၊ ညာပြောနေတာ မဟုတ်ပါဘူး၊ မယုံရင် သူ....အဲ....ကျွန်တော့်မိန်းမကို မေးကြည့်ပါ'

ထိုအခါ ကူးချင်ဘက်သို့ မေးငေါ့ပြပြီး ချန်းလီက ချင်းစုကို ပြောလိုက်သည်။

ယခုအခါတွင် ကူးချင်သည် အလွန်ဒုက္ခရောက်နေလျက် ချန်းလီမှာမူ ဒုက္ခမရှိဘဲ ဖြစ်နေလေသည်။

မဟုတ်မမှန်သောစကားကို လုပ်ကြံ၍ ပြောနေရသောကြောင့် ကူးချင်ကိုလည်း သူများစွာ အားနာနေသည်။

ချန်းလီ ဒုက္ခမရ ဖြစ်နေခြင်းသည်ပင် ချင်းစုအတွက် သံသယဝင်စရာဖြစ်၍နေတော့သည်။

'ငါ့ညီက ညာပြောတတ်တာပဲ'

ထိုသို့ပြောဆိုရင်း ချင်းစုက ရယ်မောလိုက်လေသည်။ ထို့နောက် ချင်းစုကပင် ကူးချင်ကို....

'သူပြောတာတွေ အမှန်ပဲလား ညီမလေး'

ကူးချင်မှာလည်း မထူးတော့ပြီမို့ ချင်းစုကို ခေါင်းညိတ်ပြလိုက်လေသည်။

'ဟုတ်ကဲ့၊ ကျွန်မက အစ်ကိုချန်းလီရဲ့ ဇနီးပါရှင်'

'ဟား....ဟား....ဟား'

တက်လမ်း စာပေ



ထို့နောက် ချင်းစုသည် ရုတ်တရက် ရယ်မောလိုက်လေသည်။ ပြီးမှ....

'ကဲ....ထားပါတော့လေ၊ ညီမလေးကူးချင်က ဘယ်သူ့သမီးလဲ'

'ကျွန်မရဲ့အဖေက သိုင်းဆရာကြီး ကျင်တိတ်ပါရှင်'

ထိုအခါ ချင်းစုသည် ကျင်တိတ်ဟူသော အမည်ကို ကြားလိုက်ရသဖြင့် ရုတ်တရက် ထိတ်လန့်၍သွားလေတော့သည်။

'အစ်ကိုကြီးက ကျွန်မရဲ့အဖေကို သိလို့လား'

'ဘယ့်နှယ်မသိဘဲနေရမလဲ၊ ဆရာကြီးကျင်တိတ်က ငါ့ရဲ့ကျေးဇူးရှင်ပဲ၊ လက်စသတ်တော့ မိန်းကလေးက ဆရာကြီးကျင်တိတ်ရဲ့ သမီးကိုး ဒါကြောင့် မိန်းကလေးမျက်နှာက ဆရာကြီးမျက်နှာနဲ့ ဆင်နေတာကိုး၊ အင်း....ထင်တော့ ... သားပဲ၊ ဒါနဲ့ ဆရာကြီးကော ဘယ့်နှယ်လဲ ကျန်းမာချမ်းသာရဲ့လား'

ထိုအခါ ကူးချင်သည် မျက်နှာညှိုးကျသွားပြီး သူမ၏ဖခင် လုပ်ကြံခံရသည့်အကြောင်းကို ချင်းစုအား တစ်လုံးမကျန် ပြန်လည်၍ ပြောပြလိုက်လေသည်။

ချင်းစုမှာ ထိုအကြောင်းကို ကြားလိုက်ရသဖြင့် များစွာစိတ်မကောင်းဖြစ်၍သွားတော့သည်။

စောစောက ကူးချင်အား ဆရာကြီးကျင်တိတ်၏ သမီးမှန်း မသိခဲ့သောကြောင့် စိတ်ဖြင့် ပစ်မှားမိခဲ့လေသည်။

ယခု အကြောင်းစုံကို သိခဲ့ရသောကြောင့် သူသည် သူ့ကိုယ်သူ ရှက်၍ နောင်တရကာနေတော့သည်။ ကူးချင်ကိုလည်း နှမလေး တစ်ယောက်လို သနားလာနေလေသည်။

'ဒီ နဂါးပတ် အဆိပ်အပ်ပိုင်ရှင်ဟာ တော်တော့်ကို သော်င်းကျန်းနေပြီပဲ၊ ဒီလျှိုဝှက်အဖွဲ့ကိုတော့ ရှာဖွေပြီး ချေမှုန်းပစ်ရမယ်၊ ဒါမှ သိုင်းလောကကြီးတစ်ခုလုံး သန့်စင်သွားမှာ၊ ကဲ…ညီမလေးကူးချင်တို့လဲ ခရီးဆက်စရာ ရှိသေးတယ်မဟုတ်လား၊ ငါတို့လဲ တာဝန်တွေရှိသေးတယ်၊ ငါ တစ်ဟိုင်ကို လာခဲ့မယ်၊ အဲဒီအခါကျမှ ရှေ့ဆက်လုပ်ရမယ့် လုပ်ငန်းစဉ်တွေကို ဆက်ဆွေးနွေးကြတာပေါ့ကွယ်'

'ကဲ… ငါတို့ သွားကြမယ်ဟေ့၊ အားလုံး မြင်းပေါ်တက်ကြ'

ချင်းစုသည် ထိုသို့ ပြောဆိုပြီးနောက် မြင်းပေါ်သို့ တက်၏၊ သူတို့အဖွဲ့သည် သစ်ပင်ကြီးအောက်မှ ထွက်ခွာသွားကြလေတော့သည်။

သစ်ပင်ကြီးအောက်တွင် ချန်းလီနှင့် ကူးချင် နှစ်ယောက်သား ကျန်ရစ်ခဲ့ကြလေသည်၊ ထိုအခါ ကူးချင်သည် ချန်းလီအား…

'ရှင် ချင်းစုတို့ကို ဘယ်လိုပြောလိုက်တာလဲ'

'ဘာကိုပြောလိုက်လို့လဲ'

'ရှင် ဘာအခုမှမသိချင်ယောင်ဆောင်နေတာလဲ'





'ဩြ…မင်းကိုကျုပ်ရဲ့ဇနီးလို့ ပြောလိုက်လို့လား၊ ဒါကလည်း အခြေအနေပေါ်မူတည်ပြီး ပြောလိုက်ရတာပါ၊ မင်းကကောဘာလို့ခေါင်းညိတ်လိုက်ရတာလဲ'

ထိုအခါ ကူးချင်မှာ မျက်နှာရဲကနဲဖြစ်သွားကာ ခေါင်းငုံ့၍သွားလေသည်။

ခေါင်း ငုံ့သွားရင်းမှ…

'ဒါကတော့ ရှင့်အတွက်အန္တရာယ်ဖြစ်မှာစိုးလို့ပါ'

ထို့နောက် ကူးချင်ကပင် စကားလမ်းကြောင်းလွှဲ၍…

'ကဲ…ရှင်အရက်နဲ့ ဝက်ပေါင်ခြောက်ကင်စားလိုက်ပါဦး ပြီးရင် ခရီးဆက်ကြမယ်လေ'

ချန်းလီသည် ပြုံးစစနှင့် ကူးချင်ကို ခေါင်းညိတ်ပြလိုက်လေသည်။

ထိုအချိန်တွင် လေပြေတစ်ချက်ဝှေ့ယမ်း တိုက်ခတ်မှုကြောင့် သစ်ရွက်ခြောက်ကလေးများကြွေကျလာပြီး လေထဲတွင်လွင့်ပျံနေသည်။ နေလုံးနီနီသည်လည်း အနောက်ဘက်ဂေါယာကျွန်းသို့ ထမ်ရွှေ့ရွှေ့၊ ရွှေ့ရွှေ့လျှားနေသည်။

…❁…

## အခန်း (၂၀)

ကူးချင်နှင့် ချန်းလီတို့သည် ထင်ဟိုင်မြို့သို့ နောက်တစ်နေ့ နေ့လည်ပိုင်းတွင် ချောမောစွာဖြင့် ရောက်ရှိကြသည်။ ထင်ဟိုင်မြို့သည် လူဦးရေ အလွန်ထူထပ်ပြီး အလွန်စည်ကား လှသော မြို့ကြီးတစ်မြို့ဖြစ်သည်။ ချန်းလီသည် အလွန်စည် ကားသော မြို့ကြီးသို့ ရောက်နေရသဖြင့် အလွန်အံ့ဩကာ နေလေသည်။ သို့သော်လည်း ၎င်း ထင်ဟိုင်မြို့ကို ရောက်လာ ခြင်းသည် လာရောက်လည်ပတ်ခြင်း မဟုတ်ပဲ ဆရာ့အတွက် လက်စားချေရန် နဂါးပတ်အဆိပ်အပ်ရှင်ကို လာရောက် ရှာဖွေခြင်းပင်လျှင် ဖြစ်လေသည်။

သူတို့နှစ်ဦးသည် တစ်ခုသော စားသောက်ဆိုင်တစ်ခုတွင် ဝင်ရောက် တည်းခိုကြသည်။ ထိုစားသောက်ဆိုင်ကြီးမှာ နှစ်ထပ်ဖြစ်ပြီး လွန်စွာမှ ကြီးကျယ်ခန်းနားလှပေသည်။ အပေါ်ထပ်တွင် ခရီးသွားဧည့်သည်များအတွက် နားနေခန်း များ ဖွင့်လှစ်ပေးထားပြီး၊ အောက်ထပ်တွင် စားသောက် ဆိုင် ဖွင့်လှစ်ထားလေသည်။ ထိုစားသောက်ဆိုင်မှာ လူအ များ အလွန် စည်ကားလေသည်။





ချန်းလီတို့သည် ဧည့်ခန်းနှစ်ခန်းကို ရလိုက်သဖြင့် အဆင် ပြေသွားသည်။ ပို၍ အဆင်ပြေသွားသည်က ချန်းလီအခန်း နှင့် ကူးချင်အခန်းကပ်လျက် ရလိုက်သောကြောင့် ဖြစ်သည်။ သို့မှသာ ကူးချင်ကို အနီးကပ် စောင့်ရှောက်နိုင်မည်ဖြစ်သည်။

ယခု သူတို့ နှစ်ယောက်သည် အောက်ထပ်စားသောက် ဆိုင်ရှိ တစ်ခုတည်းသော ထောင့်ကျကျ စားပွဲတွင် (သီးသန့်စားပွဲ) နေ့လည်စာ စားသောက်နေကြလေသည်။

'ကူးချင် ကျွန်တော် ကိုစိတ်များကောက်နေတုန်းပဲလား ကျွန်တော် ခင်ဗျားကို တောင်းပန်ရဦးမယ်'

'အလို ဘာများပါလိမ့်'

'ဟို....ဟို'

ချန်းလီသည် ရုတ်တရက်စကားပြောမထွက်ဘဲ ထစ်ငေါ့ နေလေသည်။

'ပြောလေ....အစ်ကိုချန်းလီ၊ ဘာပြောချင်လို့လဲ'

'ကူးချင်ကို ပြောရမှာတောင် အားနာနေတယ်ဗျာ'

'အားနာဖို့ မလိုပါဘူးရှင်၊ ကျွန်မနဲ့ရှင်ဟာ တစ်လှေ တည်းစီး တစ်ခရီးတည်း သွားနေသူတွေပဲ ပြောပါ ရပါ တယ်'

ထိုအခါ ချန်းလီသည် လူမအား ပြောသင့်မပြောသင့်ကို စဉ်းစား၍နေလေသည်။ အတန်ကြာစဉ်းစားပြီးနောက် အရဲ စွန့်ကာ ပြောလိုက်လေသည်။

'ကျွန်တော်ခင်ဗျားကို လမ်းမှာပြောခဲ့တဲ့စကားတွေဟာ ခင်ဗျားကို နှစ်နာစေချင်တဲ့ဆန္ဒနဲ့ ပြောခဲ့တာမျိုး မဟုတ်ပါဘူး၊ ကျွန်တော်တို့နှစ်ယောက်စလုံး အန္တရာယ်ကျမှာစိုးလို့ ကာကွယ်တဲ့သဘောမျိုးနဲ့ ပြောခဲ့တာပါကူးချင်၊ ကျွန်တော့်ကို ဘယ်လိုမှမထင်ပါနဲ့နော်'

'ကျွန်မ နားလည်ပါတယ်ရှင်'

ချန်းလီမှာ လမ်း၌ဖြစ်ခဲ့သော ကိစ္စတစ်ရပ်ကို သူမအား ပြောပြလေသည်။

ယင်းကိစ္စမှာ ဟန်ဆောင်လင်မယား လုပ်ခဲ့ရသည့် ကိစ္စတစ်ရပ်ပင်ဖြစ်လေသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ကူးချင်လည်း သဘောပေါက် နားလည်မှုရှိသောကြောင့် အဆင်ပြေ၍သွားလေသည်။

ချန်းလီနှင့် ကူးချင်တို့ စကားပြောနေစဉ်မှာပင် ဆိုင်အတွင်းသို့ ဝတ်ရုံဖြူဝတ်ဆင်ထားသော လူရွယ်တစ်ဦး ဝင်ရောက်လာပြီး ချန်းလီတို့ရှိရာ စားပွဲသို့ တန်းတန်းမတ်မတ် လျှောက်လာလေသည်။

ထိုဝတ်ရုံဖြူနှင့်လူရွယ်သည် ချန်းလီနှင့် ကူးချင်ကို တစ်လှည့်စီကြည့်လိုက်ပြီးနောက် တည်ငြိမ်အေးဆေးသောလေသံဖြင့် ကူးချင်ကိုမေးလိုက်သည်။

'ခင်ဗျားရဲ့နာမည် ကူးချင်လား'

'ရှင်'





ကူးချင်သည် ထိုလူရွယ်အား ဘအံ့တကြ ကြည့်နေလေသည်။ အကြောင်းမှာ မိမိမသိသော လူတစ်ယောက်က မိမိနာမည်ကို သိနေသောကြောင့်ဖြစ်သည်။

ထို့နောက် ထိုလူရွယ်က မိမိကိုယ်မိမိ မိတ်ဆက်လေသည်။

'ကျွန်တော့်နာမည်က လျုံမန်းပါ၊ ဒေသအုပ်ချုပ်ရေးမှူးရုံးက လက်ထောက်အုပ်ချုပ်ရေးမှူးတစ်ယောက်ပါခင်ဗျား၊ ထိုင်ခွင့်ပြုပါခင်ဗျာ'

'ဟုတ်ကဲ့....ထိုင်ပါခင်ဗျာ၊ ရပါတယ်'

ချန်းလီက လျုံမန်းအား တလေးတစား ဝင်ပြောလိုက်သည်။ ထိုအခါ လျုံမန်းလည်း ကုလားထိုင်တစ်လုံးကို ဆွဲယူကာ ချန်းလီတို့ဝိုင်းတွင် ထိုင်လိုက်သည်။ကူးချင်မှာ လျုံမန်းအား ယခုအချိန်အထိ နားမလည်နိုင်သောအကြည့်ဖြင့် စိုက်ကြည့်နေတုန်းပင်ဖြစ်သည်။

'ဒီမှာ....ကျွန်မကို ကူးချင်မှန်း ရှင်ဘယ်လိုလုပ် သိနေတာလဲ'

လျုံမန်းသည် ဆတ်ခနဲ တစ်ချက် ရယ်မောလိုက်သည်။

'ဪ....ကူးချင်၊ မင်းဘယ်လိုမှစိတ်မရှိပါနဲ့ကွာ၊ ဒီလိုပါ ကျွန်တော် ချင်းစုနဲ့တွေ့ပြီးပြီ၊ ဝမ်လီရွာကိုလဲရောက်ခဲ့ပြီးပြီ၊ ခင်ဗျားရဲ့အဖေ လုပ်ကြံခံရတဲ့သတင်းနဲ့ ပတ်သက်ပြီး စုံစမ်းနေတဲ့ လူတစ်ယောက်ပါ၊ အကူအညီလိုရင်လဲပြောကြပါ ကျွန်တော် တတ်နိုင်သလောက် ကူညီပါ့မယ်'

ထိုသို့လျှမန်းက ပြောပြလိုက်မှသာလျှင်ကူးချင်သဘော ပေါက်နား လည်သွားရသည်။ ချန်းလီမှာလည်း သူတို့ အတွက် မိတ်ဆွေကောင်းတစ်ယောက် တိုးလာရသည့်အတွက် ဝမ်းသာ၍နေသည်။ ထိုနောက် ကူးချင်က....

'ဟုတ်ကဲ့....ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မအဖေအတွက် အခုလို အကူအညီပေးတာကိုလဲ ဝမ်းသာလို့ မဆုံးပါဘူး၊ ဒါထက် နဂါးပတ်အဆိပ်အပ်ရှင် လူသတ်သမားဟာ ဘယ်သူလဲဆိုတာ စုံစမ်းလို့ရပြီလား'

'ကျွန်တော် ဒီကိစ္စကို လိုက်နေဆဲပါပဲ ခင်ဗျာ၊ ဒါပေမယ့် ကိစ္စမရှိပါဘူး၊ ရာဇဝတ်ဘေးဆိုတာ ပြေးလို့လွတ်ရိုး ထုံးစံမရှိပါဘူး၊ တစ်နေ့နေ့တော့ မိရမှာပေါ့ဗျာ'

ထိုသို့ပြောဆိုနေစဉ် ဆိုင်အတွင်းသို့ သိုင်းသမား ငါး ယောက် ဝင်လာကြသည်။ သူတို့သည် ချန်းလီတို့ဝိုင်းနှင့် မျက်စောင်းထိုး စားပွဲတစ်ခုတွင်ဝိုင်းထိုင်လိုက်ကြပြီး ချန်းလီ တို့အဖွဲ့ကို အကဲခတ်ကြည့်ရှုနေကြလေသည်။

သူတို့သည် ဝတ်စုံစိမ်းများကို ဝတ်ဆင်ထားကြသည်။ ခေါင်းဆောင်ဟုထင်ရသောလူမှာ မုတ်ဆိတ်မွေး၊ နှုတ်ခမ်း မွေးများနှင့် အသက်လေးဆယ်ကျော်ခန့်ရှိ ထင်ရသည်။

ထိုစဉ် သူသည် ရုတ်တရက် ထိုင်နေရာမှ ထရပ်လိုက်ပြီး ချန်းလီတို့၏ဝိုင်းဘက်သို့ ကူးလာပြီးနောက် ချန်းလီကိုမေး လိုက်သည်။





'ဟော့ကောင်....မင်းဘယ်သူလဲ၊ ဒီထင်ဟိုင်မြို့မှာ မင်းကို ငါတစ်ခါမှ မမြင်ဖူးသေးဘူးကွ'

ထိုအခါ ချန်းလီသည် ယဉ်ကျေးသိမ်မွေ့စွာဖြင့်ပြန်ဖြေ လိုက်သည်။

'ဟုတ်ကဲ့....ကျွန်တော်ထင်ဟိုင်မြို့က မဟုတ်ပါဘူးခင်ဗျာ'

'ဒါဖြင့် မင်းဘယ်ကလဲ'

'ဘယ်ကဖြစ်ဖြစ်ပေါ့ကွာ၊ မင်းတို့နဲ့ ဘာဆိုင်လို့လဲ၊ ဟော့ကောင် မင်းကရော ငါ့ကိုသိလို့လား'

လျှမန်းက စိတ်မရှည်ဟန်ဖြင့် ကြားမှဝင်၍ ပြောလိုက် သည်။

'အေး....မင်းကိုလဲငါမသိဘူး'

ဝတ်စုံစိမ်းနှင့်လူသည် မျက်မှောင်ကိုတစ်ချက်ကြုတ်လိုက် ပြီး လျှမန်းကို အကဲခတ်ကြည့်နေလေသည်။

နဂိုကတည်းကပင် မျက်ပေါက်ကျဉ်းရသည့်အထဲ ယခုလို မျက်မှောင်ပါကြုတ်လိုက်သောအခါ မျက်လုံး နှစ်လုံးမှာ မျက်ခုံးအောက်တွင် ပျောက်ကွယ်နေလေတော့သည်။

'ဒီမှာ....ခင်ဗျား မြဲမြဲမှတ်ထားပါ၊ ကျုပ်နာမည် လျှမန်း၊ မင်းနာမည်ကကောကွာ'

'ငါ့နာမည်က ထန်ရှောင်'

'ငါ မင်းကိုသိတယ်၊ နဂါးနက်အဖွဲ့က လုရင်ရှဲတပည့် မဟုတ်လား'

'မင်း စောစောကပြောတော့ ငါ့ကိုမသိဘူးဆို'

'အေး....ဟုတ်တယ်၊ စောစောကပြောတော့ မင်းဘာလုပ်ချင်လဲ'

ထိုသို့ပြောဆိုပြီးနောက် လျှမ်းသည် ရုတ်တရက် ထိုင်ရာမှ ထရပ်လိုက်သည်။

'ဩော်....ဩော် မင်းက အလာကြီးပါလား၊ ဟား....ဟား....ဟား....နဂါးနက်အဖွဲ့ရဲ့ လက်စွမ်းကို မင်းသိအောင် ပြရဦးမှာပေါ့ကွာ'

'မင်းတို့ နဂါးနက်အဖွဲ့ဟာ သိုင်းလောကမှာ တော်တော် နာမည်ကြီးနေတယ်ဆိုတာ ငါသိပါတယ်ကွာ'

ထိုအခါ ဝတ်စုံစိမ်းခေါင်းဆောင်က....

'ကဲကွာ....ဘယ်လို နာမည်ကြီးနေတယ်ဆိုတာ ပြောပြစမ်းပါဦး'

ဟု ရိသဲ့သဲ့ဖြင့် ပြန်မေးလိုက်သည်။

'ဟဲ....ဟဲ၊ မင်းတို့အဖွဲ့က မတရားမှုတွေ ကျူးလွန်နေပြီး လူတကာပေါ်မှာ ဗိုလ်ကျ စိုးမိုးနေတယ်ဆိုတဲ့ သတင်းကို မကြားချင်မှ အဆုံးပဲ'

'နေစမ်းပါဦး၊ မင်းကရော ဘယ်အဖွဲ့ကလဲ'

ထန်ရှောင်ဆိုသူက မေးလိုက်သည်။

'ကျုပ်က ဘယ်အဖွဲ့ကမှမဟုတ်ဘူး၊ အေး....တစ်ခုတော့ ရှိတယ်၊ မတရားမှုဆိုရင်တော့ လုံးဝ လက်မခံတတ်တဲ့ကောင်





မဟုတ်ဘူးကွ၊ ငါ့သေးက နိုပါတယ်ကွ၊ ဟား....ဟား....ဟား'

'အလို....ဘယ်ဆိုတဲ့စာပါလား၊ ငါ့ကို ဒီနယ်မြေမှာယှဉ်ပြိုင်ဖို့မပြောနဲ့ မော်တောင်ကြည့်ရဲတဲ့ကောင် မရှိဘူးကွ၊ ဟား....ဟား....ဟား

ထန်ရှောင်က ငေါ့တော့တော့ ပြန်လည်ပြောဆိုလိုက်သည်။ချုန်းလီနှင့် ကူးချင်တို့မှာ အခြေအနေကို စောင့်ကြည့်အကဲခတ်နေလေသည်။

အခြေအနေမှာလည်း တစ်စထက်တစ်စဆိုးသလို ပိုမိုတင်းမာလာသည်။ ထိုစဉ်မှာပင် ထန်ရှောင်သည် လျှမ်းအား လက်ဝါးသိုင်းဖြင့် ရုတ်တရက်တိုက်ခိုက်လိုက်သည်။

'ဗြုံ....ဗြုံ'

'ဖြောင်း....ဖြောင်း....ဖြောင်း'

လျှမ်းမှာ နဂိုကတည်းကပင် အသင့်ပြင်ဆင်ထားရာ တစ်ဘက်မှ လက်ဝါးသိုင်းကွက်ကို ကိုယ်ကလေးယို့ကာ နောက်သို့ ခြေတစ်လှမ်းဆုတ်ပြီး ရှောင်တိမ်းလိုက်သည်။ လက်နှစ်ဖက်ကလည်း ရှေ့သို့ဆန့်တန်းလိုက်ပြီး ကာရိုက်ပြန်၍ရိုက်ချလိုက်သည်။

ထန်ရှောင်၏လက်ဝါးသိုင်းကွက်မှာ လျှမ်း၏လက်ချက်ကြောင့် အချိုးအနှိုးဖြစ်သွားသည်။

နောက်တစ်ကျော့ ထန်ရှောင်ထပ်ဝင်လာပြန်သည်။

ဒုတိယတိုက်ကွက်မှာ....

'နတ်မြင်းပြန် တိမ်ကောက်' ဓားသိုင်းကွက်ဖြစ်သည်။

ထိုသိုင်းကွက်မျိုးမှာ နဂါးနက်အဖွဲ့မှ အဆင့်မြင့်သိုင်းကွက်တစ်ခုဖြစ်ကြောင်း လျံမန်း သဘောပေါက်ထားသည်။

မြင်းတစ်ကောင် ကဆုန်ပေါက်သလို ထန်ရှောင်သည်ခုန်ဝင်လာပြီးနောက် အထက်စီးမှနေ၍ လျံမန်းအားမြင်းကန်နည်းစနစ်ကို သုံးလိုက်သည်။

'ဖြောင်း'

ထန်ရှောင်၏ စုံဝင်လာသောခြေနှစ်ချောင်းကို လျံမန်းကဖြတ်ရိုက်ချလိုက်သည်။ ပြင်းထန်သောထိခိုက်မှု တစ်ရပ်ဖြစ်ပေါ်ကာ ထန်ရှောင် ကြမ်းပြင်ပေါ်သို့ အရှပ်ကြီးပြုတ်လဲကျသွားသည်။ နောက်ပြန်ထရန် ကြိုးစားနေစဉ်မှာပင်....

လျံမန်း၏ 'တောင်စွဲ မြေညို' သိုင်းကွက်ကရုတ်တရက်လှုပ်ရှားလာသည်။

ထိုသိုင်းကွက်မှာ လက်သီးသိုင်းကွက်ဖြစ်သည်။ အလွန်ပြင်းထန်သည်။

တောင်စွဲမြေညို လက်သီးသိုင်းကွက်က ထန်ရှောင်၏မျက်နှာပေါ်သို့ မိုးရွာချသလို အဆက်မပြတ်ကျရောက်သွား၏။

ထန်ရှောင်မှာ လျံမန်း၏တိုက်ကွက်ကို မခံနိုင်တော့ချေ။

ကြမ်းပြင်ပေါ်မှ ထရန်ကြိုးစားနေသော ထန်ရှောင်သည် ကြမ်းပြင်ပေါ်သို့ပင်ပြန်၍ ပြိုလဲကျသွားပြန်သည်။





'ဟိတ်ကောင်တွေ မင်းတို့လူကိုလာခေါ်'

'ဩော်.... ထန်ရှောင် ထန်ရှောင် ငါကရေမြွေလိုနေတဲ့ကောင်ကွ၊ ငါ့ကိုလာထိလို့ကတော့မြွေပွေး မြွေဟောက်ပဲကွ၊ ဒီလို လာစမ်းလို့ဘယ်ရမလဲကွ၊ ငါ့ကိုနိုင်ဖို့ ကြိုးစားကြစမ်းပါဦးကွာ ဟား....ဟား....ဟား'

အခြားစားပွဲဝိုင်းတွင် ထိုင်နေကြသော ထန်ရှောင်၏လူများသည် လျံမန်းအား ကြောင်၍ကြည့်နေကြသည်။ လျံမန်း၏သိုင်းပညာရပ်ကိုလည်း တစ်စေ့တစ်စောင်း အကဲခတ်မြင်တွေ့ရသည်။ ထို့ကြောင့် လျံမန်း၏ သိုင်းပညာကိုသူတို့သဘောပေါက်ထားပြီးဖြစ်သည်။ သူတို့ကိုယ်တိုင်လည်းမယှဉ်နိုင်ကြောင်း သဘောပေါက်ထားကြလေသည်။

'ဟေ့ကောင်တွေ....မင်းတို့ဆရာကိုလာခေါ်လေ'

'ငါပြောနေတာ မကြားဘူးလားကွ'

ထိုအခါမှထန်ရှောင်၏လူလေးယောက်သည် ပျာပျာသလဲဖြစ်ကာ ထန်ရှောင်အားဝိုင်း၍ မ,ချီကာ ဆိုင်အတွင်းမှခပ်မြန်မြန် ထွက်ခွာသွားကြလေသည်။

နောက် တစ်ခဏအကြာတွင် လျံမန်းသည်ချန်းလီအားနှုတ်ဆက်ကာ ထွက်ခွာသွားလေတော့သည်။

စားသောက်ဆိုင်အတွင်းမှ လူများသည် ပထမပိုင်းတွင် ရှုတ်စုရှုတ်စုဖြစ်နေကြသည်။ ရန်ပွဲပြီးဆုံးသွားသောအခါနဂိုအတိုင်း ပုံမှန်ပြန်ဖြစ်သွားလေတော့သည်၊ ချန်းလီနှင့်ကူးချင်

မှာလည်း ကြောင်အမ်းအမ်းဖြစ်ကာကျန်ရစ်နေတော့သည်။ သူတို့သည် စားသောက်ဆိုင်စားပွဲထိုးအား ခေါ်ယူ၍ကုန်ကျစရိတ် ရှင်းလိုက်သည်။

ထို့နောက် ချန်လီက ကူးချင်အား....

'ကဲ....ကိုယ့် ကိုယ့်အခန်းကိုပြန်ပြီး အနားယူကြရအောင်ဗျာ၊ ကဲ....သွားကြမယ်'

ချန်းလီနှင့် ကူးချင်တို့သည် ထိုသို့ပြောဆိုပြီးနောက် သူတို့၏ အခန်းရှိရာ အပေါ်ထပ်သို့ တက်ရောက်သွားကြလေတော့သည်။

....



## အခန်း ( ၂၁ )

'အင်း....ညဉ့်တောင်အတော်နက်နေပြီပဲ'

ကူးချင်မှာ ညည်းတွားလိုက်သည်။

အမှန်ပင် စားသောက်ဆိုင်တစ်ခုလုံးမှာလည်း မီးကိုရေဖြင့်ငြိမ်းသတ်လိုက်သလို ငြိမ်သက်၍သွားလေပြီ။ အပြင်ဘက်မှာလည်း မည်းမှောင်၍နေသည်။ လူရိပ်လူခြေပင်မမြင်တွေ့ရတော့ပေ။ ဟိုးအဝေးဆီမှ အုန်းမောင်းခေါက်သံ ဆယ့်နှစ်ချက်ကိုလည်း ကြားလိုက်ရသည်။

'အစ်ကိုချန်းလီ မအိပ်သေးဘူးလား'

'စောပါသေးတယ်၊ ကူးချင် အိပ်ချင်နေပြီလား'

ချန်းလီက ကူးချင်အားမေးလိုက်လေသည်။

ချန်းလီနှင့် ကူးချင်တို့မှာ တည်းခိုဆောင်သို့မရောက် ဖြစ်ကြသေး။ အောက်ထပ်စားသောက်ဆိုင်ရှိ တစ်ခုသောစားပွဲတွင် စကားလက်ဆုံကြနေကြသည်။

'အစ်ကိုချန်းလီမအိပ်သေးဘူးဆိုရင် ကျွန်မလဲမအိပ်သေးဘူး၊ စကားပြောကြတာပေါ့'

သူတို့သည် ညစာစားသောက်ပြီးကတည်းက ထိုင်နေကြသည်မှာ ယခုအချိန်တိုင်အောင်ပင်ဖြစ်သည်။ စကားလုံးပေါင်း သိန်းသန်းကုဋေပင် မကတော့ချေ။

'အစ်ကို့ဆရာအတွက်အစ်ကိုကလှုပ်ရှားနေရတယ်ဆိုတော့ အစ်ကို့ဆရာမသေခင်က နဂါးပတ်အာဆိပ်အပ်ရှင်အကြောင်းနဲ့ ပတ်သက်ပြီး ဘာတွေများ အစ်ကို့ကို မှာခဲ့သေးလဲ၊ နဂါးပတ်အဆိပ်အပ်ရှင်က ဘယ်သူလဲဆိုတာကို အစ်ကို့ကို မပြောပြခဲ့ဘူးလား'

ကူးချင်သည် သူသိလိုသော ကိစ္စတစ်ရပ်ကိုသွယ်ဝိုက်မနေတော့ဘဲ တဲ့တိုးပင် မေးမြန်းလိုက်လေသည်။

'အင်း....ဘာမှ ပြောမသွားလို့ ခက်နေတာပေါ့ဗျာ၊ ပြောပြခဲ့ရင် ခုလိုဘယ်ဖြစ်မလဲ၊ ချက်ချင်းသူ့ဆီသွားပြီး စိန်ခေါ်လိုက်မှာပေါ့၊ ကျွန်တော့်ဆရာက လူတစ်မျိုးဗျ'

'အင်း....ဆိုစမ်းပါဦး၊ ဘယ်လိုသဘောမျိုးလဲ'

'ကျွန်တော့်ဆရာကပြောတယ်၊ ကိစ္စတစ်ရပ်ကိုလွယ်လွယ်ကူကူနဲ့ လုပ်လို့ရတဲ့ကိစ္စမျိုးဖြစ်နေရင် အဲဒီကိစ္စကို ဘယ်တော့မှ မလုပ်လေနဲ့တဲ့၊ ဆရာမသေခင်က အဲဒီအတိုင်း မှာထားခဲ့တယ်၊ ဒါကြောင့် အဆိပ်အပ်ရှင်လူသတ်သမားကိုလဲပြောမပြခဲ့တာ ဖြစ်လိမ့်မယ်'

ကူးချင်က အင်းတစ်လုံး ချလိုက်သည်။

ပြီးနောက် ဆက်၍မေးလေသည်။





'အစ်ကို့ဆရာက အစ်ကို့ကို ဘာသိုင်းပညာရပ်တွေ သင်ပေးခဲ့တာလဲ'

'တိဘက်သိုင်းပညာနဲ့ ရှောင်လင် သိုင်းပညာရပ်တွေကို သင်ကြားပေးခဲ့တယ်၊ ဆရာမသေခင်က မှာကြားခဲ့တာတစ်ခု ရှိသေးတယ်၊ အဲဒါက ဘာလဲဆိုတော့ ကျွန်တော့်ကို ကိစ္စဝိစ္စအားလုံးပြီးရင် တိဘက်ပြည်မှာရှိတဲ့ ဆရာဆီကိုသွားပြီး ပညာဆက်သင်ဖို့ မှာကြားခဲ့သေးတယ်'

'ဒါဆိုရင်အစ်ကိုကတိဘက်ကိုဆက်သွားရဦးမှာပေါ့နော် ဟုတ်လား'

'ဟုတ်တယ်....ဒါပေမယ့် ကိစ္စဝိစ္စတွေ အားလုံးပြီးသွားမှပါ'

'အင်း'

စားသောက်ဆိုင်ထဲတွင် သူတို့နှစ်ဦးသာ ရှိနေလေသည်။

'ကဲ....ကျွန်တော်တို့ အခန်းကိုပြန်ကြမယ်'

'ဟုတ်ကဲ့'

'ဒေါက်....ဒေါက်....ဒေါက်'

အိပ်ပျော်ခါစပင်ရှိသေးသည်။ တံခါးခေါက်သံကြောင့် ချန်းလီသည် အိပ်ရာမှ အတ်ခနဲနိုးလာသည်။ ခုတင်ပေါ်မှ ဆင်းကာ တံခါးနားသို့လျှောက်လာပြီး အပြင်ကိုလှမ်းမေးလိုက်သည်။

'ဘယ်သူလဲ'

'ကျွန်မပါ

'ကူးချင်လား'

'မဟုတ်ဘူး'

အိပ်မှုန်စုတ်မွှားနှင့်မို့ ချန်းလီ ဇဝေဇဝါ ဖြစ်နေမိသည်။ အပြင်မှ ခေါ်သံသည် မိန်းကလေးတစ်ယောက်၏ အသံမှန်း သိသည်။ ထိုအသံရှင်ကိုလည်း ကျက်မိဖူးသလိုရှိသည်။ ခဏ ကြာမျှ စဉ်းစားလိုက်သည်။ ထိုနောက်တွင် ချန်းလီပြုံးလိုက် မိသည်။ စိတ်ထဲမှလည်း ကြိတ်၍ဝမ်းသာသွားလေတော့၏။

'အင်း....လီဝါ....လီဝါ'

ချန်းလီသည် ဝမ်းသာအားရဖြစ်ကာ တံခါးကို လျင် မြန်စွာ ဆွဲဖွင့်ပေးလိုက်သည်။ သူ၏ အထင်မှာ မှန်ကန်၍ သွားပါသည်။

လီဝါပဲ။ မျက်နှာလေးကို သူဘယ်မေ့နိုင်ပါမည်နည်း။

'မင်း....ငါ့နောက် လိုက်ခဲ့တာလား'

ချန်းလီ၏ အမေးစကားကို သူချက်ချင်း မဖြေသေးပဲ ငူငူကြီးရပ်ကာ ချန်းလီကို စိုက်ကြည့်နေသည်။

ထိုသို့ကြည့်နေရင်းမှ မျက်ရည်များ ကျလာသဖြင့် ချန်းလီ လန့်သွားသည်။

'ဟေး....ညီမလေး လီဝါ။ ဘယ်လိုဖြစ်တာလဲ၊ လာလာ'

ချန်းလီသည် လီဝါ၏ လက်ကိုဆွဲကာ အောက်ထပ်သို့ ဆင်းလာခဲ့သည်။





စားသောက်ဆိုင်မှာ ညလုံးပေါက် ဖွင့်ထားသောကြောင့် အဆင်ပြေပါ၏။

'ကဲ....ပြောစမ်းပါဦး၊ အစ်ကို ဒီစားသောက်ဆိုင်မှာ ရှိနေ တယ်ဆိုတာ ညီမ ဘယ်လိုလုပ် သိတာလဲ'

စားပွဲတွင် ထိုင်မိကြသောအခါ အထက်ပါအတိုင်း ချန်းလီက လီဝါအား မေးလိုက်ခြင်းဖြစ်သည်။

'အစ်ကို ထင်ဟိုင်ကိုရောက်ရင် ဒီဆိုင်မှာ တည်းမယ်ဆို တာ ညီမသိတယ်'

'နေပါဦး၊ ညီမက ထင်ဟိုင်ရောက်တိုင်း ဒီစားသောက် ဆိုင်မှာ တည်းဖူးလို့လား'

ထင်ဟိုင်ကိုလည်း မရောက်ဖူးဘူး၊ ဒီစားသောက်ဆိုင်မှာ လဲမတည်းဖူးဘူး'

'ဒါနဲ့ အစ်ကိုဒီမှာတည်းတယ်ဆိုတာဘယ်လိုလုပ်ပြီးသိလဲ'

'စုံစမ်းရတာပေါ့ရှင်'

အမှာ...ဘယ်ဟုတ်ပါလား၊ နေပါဦး၊ မင်းစောစောက ဘာလို့ငိုနေတာလဲ'

'အစ်ကိုက မိန်းကလေး အဖော်တစ်ယောက်နဲ့ ဒီဆိုင်မှာ တည်းခိုနေတယ်ဆို၊ ဒါ အဟုတ်လားဟင်'

'မင်းကို ဘယ်သူ ပြောလို့လဲ'

'မလိမ်ပါနဲ့အစ်ကိုရယ်၊ ကျွန်မကို ဧည့်စာရင်း တာဝန်ခံ ပြောခဲ့ပြီးပြီ'

'ဟုတ်ပါတယ် လီဝါ၊ ဒါပေမယ့် တို့က ရိုးရိုးသားသား ပါကွာ၊ မင်း တလွဲမထင်ပါနဲ့'

ထိုအခါ စားပွဲထိုးတစ်ယောက် ရောက်လာသဖြင့် ချန်းလီက လီဝါအား....

'ဘာစားမလဲ'

ဟု မေးလိုက်သည်။

လီဝါက သူဘာမှ မစားလိုကြောင်း ပြန်ပြောသည်။

'ကဲကွာ....ငါ့အတွက် အရက်တစ်အိုးပေး'

စားပွဲထိုးကို အရက်တစ်အိုး မှာလိုက်သည်။

စားပွဲထိုးလူရွယ်သည် ချက်ချင်းပင် ချန်းလီတို့အနားမှ ထွက်ခွာသွားသည်။

ချန်းလီက လီဝါအား ဆက်ပြောလိုက်၏။

'မင်း အခန်းရပြီလား လီဝါ'

'ရပါတယ်'

'မင်းတစ်ယောက်ထဲ ထွက်လာတာလား၊ အင်း...မင်း အဖေကော မပါဘူးလား'

'တစ်ယောက်ထဲလာတာ အဖေက အိမ်မှာ ကျန်ခဲ့တယ်'

'မင်း အဖေကော ကျန်းကျန်းမာမာပဲလား'

'အဖေ နေကောင်းပါတယ်'

မေးခွန်းနှစ်ခုစလုံးကို လီဝါဖြေလိုက်သည်။

ပြီးနောက်....သူမသည် ခေါင်းကို ငုံ့၍ ရှိုက်ငိုနေလေ၏





'ဒါက ဘယ်လို ဖြစ်ရပြန်တာလဲကွာ'

လီဝါမှာ ဘာမှ ပြန်မပြောဘဲ၊ ဆက်၍သာ ငိုနေသဖြင့် ချန်းလီက မေးလိုက်သည်။

'မင်းဘာဖြစ်နေတာလဲ၊ ဦးနှဲ့ကော စကားများသလား စိတ်ဆိုးပြီး ထွက်လာတာလားဟင်၊ မှန်မှန်ပြောစမ်း'

သူမသည် ချန်းလီ၏ အမေးကို မဖြေဘဲဆက်၍သာငိုနေသဖြင့် ချန်းလီ ဘာဆက်လုပ်ရမှန်း မသိတော့ချေ။

စားပွဲထိုးကလေးမှာ အရက်တစ်အိုးနှင့် ပြန်ရောက်လာသည်။ အရက်အိုးကို စားပွဲပေါ်တင်ထားပြီး ပြန်ထွက်သွားမှ ချန်းလီ လီဝါကို စကားဆိုသည်။

'ငါ့ကို စိတ်ညစ်အောင် မလုပ်ပါနဲ့ကွာ တိတ်ပါလီဝါရယ်'

ထိုအခါ လီဝါက....

'အစ်ကို သူ့ကို ချစ်နေသလား'

လီဝါ၏ မထင်မှတ်သော စကားကြောင့် ချန်းလီမျက်လုံးပြူးသွားရသည်။

'ဩော်....မင်းက အထင်မှားနေတာကိုး၊ လက်စသတ်တော့ ငိုတာ ဒါကြောင့်ကိုး'

'ဟုတ်တယ်....ဟုတ်တယ်'

ထိုအခါ ချန်းလီက သဘောကျစွာ ရယ်မောလိုက်သည်။

'ငါ မင်းကိုပြောပြမယ်၊ မင်းစိတ်ဆိုးမလား'

'အစ်ကိုချန်းလီက ဘာပြောချင်လို့လဲ'

ချန်းလီသည် ဘေးဘီဝဲယာကို ခေတ္တ အကဲခတ် ကြည့်ရှုလိုက်သည်။ ပြီးမှ လီဝါကို လေသံခပ်တိုးတိုးဖြင့်ပြောသည်။

'ငါ မင်းလေးကို ချစ်တယ်'

'အို....'

ချန်းလီ၏ မထင်မှတ်သော စကားကို ကြားလိုက်ရသည့်အတွက် အံ့သြသွားရသည်။

'ဟုတ်တယ်၊ မင်းလေးကို ငါချစ်နေတာ ကြာပြီ'

လီဝါ၏မျက်လုံးအိမ်အတွင်းမှမျက်ရည်များ ခန်းခြောက်သွားသည်။ သူ၏ရင်ထဲတွင် တဒိတ်ဒိတ်ခုန်နေသည်။ သူ့ရင်ထဲတွင် အပျော်စိတ်များ ဝင်လာသည်။

'မင်းကို ငါချစ်တယ်၊ မင်းအနေနဲ့ ငါ့ကို ဘယ်လိုသဘောထားသလဲဆိုတာ ငါ့ကို ပြန်ပြောပြပါ'

'ကျွန်မက ဘာပြောရမှာလဲ'

'ငါ့ကိုမင်း ပြန်ချစ်နိုင်သလားမချစ်နိုင်ဘူးလားဆိုတာပဲ'

'ဟင့်အင်း ကျွန်မ မပြောတတ်ဘူး'

'ကဲ....မင်းပြောရမှာ ရှက်နေရင် ချစ်ရင် ခေါင်းညိတ်ပြ၊ မချစ်ဘူးဆိုရင်တော့ခေါင်းခါပြ၊ ကဲ.... မင်းငါ့ကိုချစ်လား'

လီဝါ၏ခေါင်းကမတ်နေသည်။ ခေါင်းညိတ်ခြင်း ခေါင်းခါခြင်း အလျဉ်းမရှိပေ။ ချန်းလီက စိတ်မရှည်နိုင်စွာဖြင့် ဆက်မေးလိုက်သည်။

'ငါ့ကို မင်း ချစ်သလား မချစ်ဘူးလား'





သည်တစ်ခါတွင်တော့ လီဝါက တောင့်တောင့်ကြီး မတ်မနေတော့ဘဲ ခေါင်းကို ဆတ်ခနဲ ညိတ်ပြလိုက်လေသည်။

'အစ်ကို သိတ်ဝမ်းသာတာပဲကွာ'

'အစ်ကို တကယ်ပြောနေတာလားဟင်'

'ဘာဖြစ်လို့ ဒီစကားကို မေးရတာလဲ'

'ပလွေတစ်ချောင်းတည်းနဲ့သီချင်းနှစ်ပုဒ်ကိုတစ်ပြိုင်တည်း မှုတ်နေတာတော့ မဟုတ်ပါဘူးနော်'

လီဝါ၏ဆိုလိုရင်းကို ချန်းလီ နားလည်လိုက်၏။

ထို့ကြောင့် စကားကို ကမန်းကတမ်းပြောလိုက်သည်။

'ငါ့မှာ ဒီလိုအကျင့်မျိုး မရှိပါဘူးလီဝါ'

'ဒါဆိုရင်တော့ ညီမယုံလိုက်ပါပြီ အစ်ကိုရယ်'

ချန်းလီနှင့်လီဝါတို့နှစ်ဦးစကားကောင်းနေတုန်း အပေါ်ထပ်ရှိ တည်းခိုခန်း အဆောင်တစ်ခုမှ ဝုန်းခနဲ အသံတစ်သံ ကြားလိုက်ရလေသည်။ အသံမှာ အလွန်ကျယ်လှပေသည်။

ထိုအခါ ချန်းလီနှင့် လီဝါတို့သည် လှေကားအတိုင်း အပေါ်ထပ်သို့ ပြေးတက်လာကြသည်။

ကူးချင်ကို စိုးရိမ်သောကြောင့် ဖြစ်ပေသည်။

ကူးချင်၏အခန်းရှေ့သို့ ရောက်ရှိလာသည်။ တံခါးမှာ ပိတ်ထားသဖြင့် ကူးချင်ကို လှမ်း၍ခေါ်လိုက်သည်။

'ကူးချင်....ကူးချင် တံခါးဖွင့်စမ်း'

ကူးချင်၏ပြန်ထူးသံ မကြားရပေ။ ထိုအခါ ချန်းလီသည် ကူးချင်အတွက် စိတ်ပူလာပြီး တံခါးကို ကိုယ်ဖြင့် တိုက်ပြီး ဝင်လိုက်သည်။

ထိုစဉ် မျက်နှာဖုံးစွပ်ထားသော အရိပ်သဏ္ဍာန်တစ်ခုသည် လှုပ်ရှားမှု လျင်မြန်စွာဖြင့် ချန်းလီကို တိုက်ခိုက်လိုက်သည်။

'ဝှစ်...ဝှစ်'

ဟူသော လေတိုးသံတစ်ခုနှင့်အတူ အလင်းတန်းတစ်ခုက ချန်းလီ၏ရင်ဝတည့်တည့်သို့ ပြေးဝင်လာသည်။

ထိုအလင်းတန်းမှာ အဝါရောင် အဆိပ်အပ်တစ်ချောင်း ဖြစ်ကြောင်း ချန်းလီ ချက်ချင်းသိလိုက်သည်။

ထိုအခါ ချန်းလီသည် ကိုယ်တင်ခြမ်း စောင်းလိုက်ပြီး ရှောင်တိမ်းလိုက်သည်။ ပြီးနောက် ၎င်းအဆိပ်အပ်ကို လက်ဖြင့် ဖမ်းယူလိုက်သည်။

မှန်သည်။ ထိုအပ်မှာ အဆိပ်သင့်နေသော အဝါရောင် အပ်တစ်ချောင်း ဖြစ်နေပေ၏။ အဆိပ်အပ်ရှင်မှာ မျက်နှာဖုံး စွပ်ထားသောကြောင့် မည်သူမည်ဝါ ဖြစ်နိုင်ကြောင်းကို ချန်းလီ မသိနိုင်ပါ။

အဆိပ်အပ်ရှင်သည် ချန်းလီအား ထိုကဲ့သို့ အလစ် တိုက်ခိုက်ပြီးနောက် ပြတင်းပေါက်မှခုန်ထွက်သွားလေသည်။ ထိုသူ နောက်သို့ ချန်းလီ ပြေးလိုက်သွားသော်လည်း မမီလိုက်ချေ။ ထိုသူသည် မှောင်ရိပ်ထဲ၌ ပျောက်ကွယ်သွားသောကြောင့်





ဖြစ်သည်။ ပြီးနောက် ကူးချင်အခန်းသို့ ချန်းလီ ပြန်ရောက်လာခဲ့သည်။ ကူးချင်မှာ ထိတ်လန့်နေပုံရသည်။ ဘာမှမဖြစ်ခဲ့သောကြောင့် ချန်းလီ စိတ်ချသွားရသည်။

'ဘယ်လိုဖြစ်တာလဲ ကူးချင်'

ကူးချင်မှာ ချက်ချင်း ပြန်မဖြေနိုင်သေးဘဲ လီဝါကို လှမ်းကြည့်လိုက်သည်။ ထို့အတူ လီဝါကလည်း ကူးချင်ကို စိုက်ကြည့်နေပေ၏။ အတန်ကြာမှ ကူးချင် စလာသည်။

'ကျွန်မ အိပ်ပျော်နေတုန်း ဝုန်းခနဲအသံကြားလို့ထလိုက်တော့ သူ...သူ ပြတင်းပေါက်က ခုန်ဝင်လာတာ တွေ့လိုက်ရတာပဲ၊ နောက်ပြီး ကျွန်မခေါင်းပေါ်က ဆံထိုးလဲ သူ့ကိုပေးရမယ်တဲ့၊ အဲဒါနဲ့ ကျွန်မလဲလန့်ပြီး အော်လိုက်တာပေါ့'

'ဆံထိုးကော ပေးလိုက်မိသလား'

ချန်းလီက မေးလိုက်သည်။

'ကျွန်မ၊ မပေးလိုက်ဘူး'

ချန်းလီက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်...ဘာလို့ ပေးရမှာလဲ'

ထို့နောက် ချန်းလီသည် လီဝါနှင့် ကူးချင်အားမိတ်ဆက်ပေးလေသည်။

'သူက လီဝါလို့ခေါ်တယ်၊ လီဝါသူကိုမှတ်ထားနော် ကူးချင်လို့ ခေါ်တယ်၊ အစ်ကို့မိတ်ဆွေတစ်ယောက်ပဲ'

ထိုအခါ လီဝါနှင့် ကူးချင်သည် တစ်ယောက်ကို တစ်ယောက် အရှိုအသေပေးလိုက်ကြသည်။

'မမကူးချင်က အစ်ကိုချန်းလီနဲ့ တော်တော် ရင်းနှီးသလား ဟင်'

'ဘာဖြစ်လို့ မေးတာလဲဟင် ညီမလေး'

လီဝါ၏အတွင်းစိတ်ကိုကူးချင် အကဲခတ်ကြည့်လိုက်သည်။ လီဝါသည် ငယ်ရွယ်သူတစ်ဦးမို့ ဝန်တိုစိတ်များ ရှိကောင်းရှိနိုင်မည်။

ချန်းလီစိတ်ထဲကပြုံးလိုက်မိသည်။ ပြီးနောက် စိတ်ထဲကလည်း ဤသို့ရေရွတ်လိုက်သည်။

'လီဝါရယ်....မင်းစိတ်ထဲမှာ ဘာတွေ ခံစားနေရတယ်ဆိုတာ အစ်ကိုသဘောပေါက်ပါတယ်'

'ဘာမှမဖြစ်ပါဘူး၊ ကျွန်မသိချင်လို့ပါ'

လီဝါ စိတ်ကိုထိန်းပြီး ပြောလိုက်သည်။

'မမတို့က အစ်ကိုချန်းလီနဲ့ ရိုးရိုးသားသား ခင်တာပါ၊ သိပ်သဲ ရင်းရင်းနှီးနှီး ရှိလှတယ် မဟုတ်ပါဘူး'

ထိုအခါ လီဝါကျေနပ်သွားသည်။

ချန်းလီက ညဉ့်နက်သွားပြီ အိပ်ကြတော့ဟု ဆိုတော့မှ လူချင်းခွဲလိုက်ကြသည်။ ချန်းလီ၏ရင်ထဲမှာတော့ သြော်.... လီဝါရယ်။

....❁....



# အခန်း (၂၂)

အပြင်မှာ နေရောင်ခြည် ထွက်ပေါ်နေသည်။ နှင်းများကလည်း ခပ်ပါးပါးလေးကျနေသည်။ ဇာပဝါလွှာကလေးများ ချထားသကဲ့သို့ရှိနေသည်။ တစ်ခါတစ်ရံ သစ်ပင်ထက်ဆီမှ ကျေးငှက်ကလေးများ၏ အော်သံသည် ကြည်နူးဖွယ်ကောင်းပေစွ၊ စားသောက်ဆိုင်ရှေ့ရှိ ပန်းခြံထဲမှ ဖြူနီဝါရောင်စုံပန်းကလေးများသည် လေတစ်ချက်အစ်ချက် ဝှေ့ယမ်းလိုက်သည့်အခါ စည်းချက်ညီညီလှုပ်ရှားကာကနေသည်ဟု ထင်ရလေသည်။

သာယာသော နံနက်ခင်းတစ်ခုပါတကား။ အောက်ထပ်စားသောက်ဆိုင်တွင် ချန်းလီ ကူးချင်နှင့်လီဝါတို့ မနက်စာစားနေကြသည်။ ထိုစဉ် ဆိုင်တွင်းသို့ လူနှစ်ယောက်ဝင်လာကြသည်။ ချန်းလီလှမ်းကြည့်လိုက်ရာ တစ်ယောက်မျက်နှာမှာ မျက်နှာသိဖြစ်ပြီး ကျန်တစ်ယောက်မှာမူ မျက်နှာစိမ်းဖြစ်လေသည်။ မှူခင်းမှူး (ဒေသအုပ်ချုပ်ရေးမှူး) လျှမန်း၏နောက်တော်ပါးမှ လိုက်ပါလာခဲ့သော လူရည်လူသန့်ကို ချန်းလီ မသိပါ။

လျှံမန်းတို့နှစ်ဦးသည် ချန်းလီတို့၏ စားပွဲဝိုင်းသို့ရောက်လာသောအခါ လျှံမန်းသည် ရပ်တန့်သွားလေသည်။ ထို့အတူ ၎င်း၏အဖော်ဖြစ်သူလူရည်သန့်သည်လည်းရပ်တန့်သွားလေသည်။

'ဩော်….အစ်ကိုလျှံမန်း ထိုင်ပါ'

ချန်းလီက ဖိတ်ခေါ်လိုက်ပြီး ကုလားထိုင်များ ချပေးလိုက်သည်။

၎င်းတို့နှစ်ဦး ထိုင်လိုက်ပြီးနောက် လျှံမန်းက သူ့အဖော်နှင့် ချန်းလီကို မိတ်ဆက်ပေးလေသည်။

'ညီလေး….ချန်းလီ၊ သူက အစ်ကို့မိတ်ဆွေ ပိုင်ဖုန်းလို့ခေါ်တယ်၊ ထင်ဟိုင်မှာတော့ မြို့မျက်နှာဖုံး တစ်ယောက်ပေါ့ကွာ'

'ဩော်….ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ ကျွန်တော့်နာမည်က ချန်းလီလို့ ခေါ်ပါတယ် အစ်ကိုပိုင်ဖုန်း'

'အစ်ကို မင်းကိုအသိအမှတ်ပြုပါတယ်၊ အစ်ကို့အိမ်ကိုလဲ လာလည်နိုင်ပါတယ်လို့ ဖိတ်ခေါ်ပါတယ်'

ပိုင်ဖုန်းက လောကဝတ်ပြုလိုက်လေသည်။

သူ၏အပြုံးကို ချန်းလီက သဘောကျသည်။

သူသည် စကားပြောလျှင် ပြုံး၍ပြောတတ်သူတစ်ဦးဖြစ်ကြောင်း ချန်းလီ နားလည်ထားလိုက်သည်။





ထို့နောက် ချန်းလီက ကူးချင်၊ လီဝါနှင့် ပိုင်ဖုန်းကိုမိတ်ဆက်ပေးလိုက်သည်။

လျှံမန်းက အရက်နှစ်အိုးမှာရာ ချန်းလီက ကျွန်တော်ဧည့်ခံပါမယ်ဟု ပြောသဖြင့် လျှံမန်းက ဟန့်တားလိုက်၏။

'နေပါစေကွာ၊ အစ်ကို့ဘာသာ မှာသောက်ပါ့မယ်'

ထိုအခါ ပိုင်ဖုန်းကလည်း….

'အားလုံးအတွက် ကျွန်တော် ဒကာခံပါ့မယ်ဗျာ၊ ကိုယ့်မြို့ကိုလာလည်တဲ့ ဧည့်သည်တွေ မဟုတ်လား'

ထိုအခါ ချန်းလီကလည်း….

အို….မဟုတ်တာ နေပါစေဗျာ၊ ကျွန်တော်ဧည့်ခံပါရစေ'

ချန်းလီက ထိုသို့ပြောပြီး စားပွဲထိုးကို လှမ်းခေါ်လိုက်သည်။ စားပွဲထိုးကလေး ရောက်လာသောအခါ အရက်နှစ်အိုးကို ထပ်မှာလိုက်လေသည်။ သူတို့ နံနက်စာ စားသောက်ပြီးသောအခါ ငွေကြေးချမ်းသာသူ ပိုင်ဖုန်းကပင် ဦးစွာထိုင်ရာမှ ထလျက် ကုန်ကျစရိတ်အားလုံးကို ဆိုင်တာဝန်ခံထံသွား၍ ရှင်းလိုက်လေသည်။

'အားနာလိုက်တာဗျာ'

ချန်းလီသည် အမှန်ပင် အားနာနေလေသည်။

ကူးချင်ကလည်း….

'ဧည့်သည်က ကျွန်မတို့ကို ဒကာခံလိုက်တော့ ဘယ်တရားပါ့မလဲရှင်'

ထိုစကားကြောင့် ပိုင်ဖုန်းသည် ယဲ့ယဲ့ ကလေးပြုံး၍...

'ကိစ္စမရှိပါဘူးကွာ၊ ဒါတွေက အသေးအဖွဲကလေး တွေပါ၊ နောင် ကြုံတဲ့အခါ ညီမတို့က အစ်ကိုတို့ကို ပြန်ပြီး ညွှဝတ်ပြုပေါ့ မဟုတ်ဘူးလား'

'ဟုတ်ကဲ့ပါရှင်'

လီဝါမှာ ထိုဝိုင်းအတွင်း နှုတ်အဆိပ်ဆုံး ဖြစ်နေသည်။ လျှံမန်းက ပိုင်ဖုန်း အကြောင်းကို ချန်းလီဘို့အဖွဲ့အား ရှင်းပြနေသည်။ ပိုင်ဖုန်း လူပျိုကြီးတစ်ဦး ဖြစ်ကြောင်း၊ ယခုအခါတွင် မိဘနှစ်ပါးစလုံးဆုံးပါးသွားပြီဖြစ်၍၊ 'ပိုင်ဖုန်း ဂေဟာ' တွင် တစ်ဦးတည်း နေထိုင်ကြောင်း၊ သူကိုယ်တိုင်က သိုင်းပညာမတတ်သော်လည်း သူသည် သိုင်းပညာရှင်များကို အလွန်လေးစားကြောင်း သူ့အကျိုးစီးပွားအတွက် သူ့အိမ်ဂေဟာတွင် သိုင်းတပည့်များ မြောက်များစွာ ကျွေးမွေးထားကြောင်း၊ အလွန် သဘောကောင်းကြောင်း စသည်ဖြင့် ပြောပြလေသည်။

'ဟုတ်ကဲ့ အစ်ကိုပိုင်ဖုန်း၊ အကူအညီလိုရင် ပြောပါဗျာ၊ ကျွန်တော်တို့ တတ်နိုင်သလောက် ကူညီပါ့မယ်'

ချန်းလီက ပြောလိုက်လေသည်။

ထိုအခါ ပိုင်ဖုန်းသည် ခေါင်းဘဆတ်ဆတ်ညိတ်ကာ ပြုံးနေ၏။ သူ၏ မျက်လုံးအစုံကမူ ကူးချင်ဆီသို့ မကြာခဏ ရောက်ရှိနေသည်။





ထိုနောက် ပိုင်ဖုန်းသည် လျှံမန်းဘက်သို့ လှည့်ကာ....

'သူငယ်ချင်းတို့ ပြန်ကြစို့'

'ခဏနေပါဦး၊ အစ်ကိုပိုင်ဖုန်း၊ ကျွန်တော် အစ်ကိုလျှံမန်း ကို စကားနည်းနည်း ပြောစရာရှိတယ်'

ချန်းလီက တားလိုက်ရာ ပိုင်ဖုန်းက....

'ကိစ္စမရှိပါဘူး ဆွေးနွေးကြပါ၊ ကျုပ်အနားမှာရှိနေလို့ ဖြစ်သလား'

ဟု မေးလိုက်သဖြင့် ချန်းလီက ကမန်းကတန်းပင်...

'ရပါတယ်၊ ရပါတယ် ကိစ္စမရှိပါဘူး'

ထိုနောက် ချန်းလီက....

'နပါးပတ်အဆိပ်အပ်ရှင်သတင်းကို စုံစမ်းလို့ ရပြီလား အစ်ကိုလျှံမန်း'

'မရသေးဘူးကွ၊ စုံစမ်းနေဆဲပါပဲ၊ အဲ...လမ်းဆုံးရင်တော့ ရှာတွေ့မှာပေါ့ကွာ၊ မဟုတ်ဘူးလား'

လျှံမန်းက ထိုသို့ပြောလိုက်လျှင် ချန်းလီသည် မျက်မှောင်တစ်ချက် ကြုတ်လိုက်ပြီး....

'အင်း.. ဒီနဂါးပတ်အဆိပ်အပ်ရှင်ဟာ မြေလျှိုးမိုးပျံနိုင်တဲ့ လူထူးဆန်းတစ်ယောက် မဟုတ်ရင်တော့ တစ်နေ့စုံစမ်းလို့ ရရမှာပေါ့ ခင်ဗျာ'

'ဒါအမှန်ပဲပေါ့ကွာ၊ ညီလေးချန်းလီ ဒါထက် မင်းတို့က ဒီဆိုင်မှာ ဘယ်နှစ်ရက်လောက် နေကြမှာလဲ'

လျှံမန်းက မေးလိုက်သည်။

'နဂါးပတ် အဆိပ်အပ်ကို မတွေ့မချင်းပဲ ဆိုပါတော့ အစ်ကို'

ချန်းလီက ပြောလိုက်လေသည်။

'ဟာ...ဒီလိုဆိုရင် ညီလေးတို့ အကုန်အကျ သိပ်များနေမှာပေါ့ကွာ'

ပိုင်ဖုန်းက ရုတ်တရက် ကြားဝင်၍ ပြောလိုက်ရာ ချန်းလီက...

'ဒါတော့ ဘယ်တက်နိုင်မှာလဲ အစ်ကိုပိုင်ဖုန်း'

'ဒါဖြင့် ဒီလိုလုပ်ပါလား'

ပိုင်ဖုန်းက ရုတ်တရက်စကားစပြတ်သွားပြီးမှ ဆက်ပြောလိုက်သည်။

'မင်းတို့ ငါ့အိမ် လိုက်တည်းကျပါလား'

'ဟာ...အားနာစရာဗျာ၊ နေပါစေ ရပါတယ်'

'မလိုပါဘူး ညီလေးချန်းလီ၊ အစ်ကို မင်းတို့ကို တာဝန်ယူနိုင်ပါတယ်၊ မင်းတို့ ကြိုက်သလောက် တည်းခိုနိုင်ပါတယ်'....

'ကျွန်တော်တို့ သိပ်ပြီး ကြာနေရင် ဘယ့်နှယ်လုပ်မလဲ'

'ဒါလဲမပူပါနဲ့ညီလေး၊ ညီလေးတို့ တစ်သက်လုံးပဲနေနေ အစ်ကိုတာဝန်ယူနိုင်ပါတယ်'

ပိုင်ဖုန်း၏စကားအဆုံးတွင် လျှံမန်းကဝင်ပြောလိုက်၏၊





'ဒါတော့ဟုတ်တယ် ဦးလေးချန်းလီ၊ ငါ့သူငယ်ချင်းပိုင်ဖုန်းမှာ ဆယ်သက်လောက် ထိုင်စားလို့မကုန်တဲ့ငွေကြေးတွေအမြောက်အများရှိတယ်၊ အင်း တို့အနေနဲ့သူ့ကိုအားနာဖို့မလိုပါဘူး'

'အင်း ဒီလိုဆိုရင်တော့'

'ဒီလိုဆိုရင်တော့ ဘာဖြစ်သလဲညီလေးချန်းရဲ့'

'လိုက်နေသင့်တာပေါ့ ခင်ဗျာ'

'ဟား....ဟား....ဟား'

ချန်းလီ၏ အရွှန်းအဖေါက်စကားကြောင့် တစ်ဝိုင်းလုံး ပွဲကျ၍ သွားလေတော့သည်။

....

## အခန်း (၂၇)

ဧကငါးဆယ်ခန့် အကျယ်အဝန်းရှိသော ခြံကြီးအတွင်းဝယ် အလွန်ခန်းနားထယ်ဝါလှသော အိမ်ကြီးတစ်လုံးကို တွေ့လိုက်ရလေသည်။

ထိုအိမ်ကြီးမှာ ကျောက်မီးသွေးရောင်ထနေပြီး မည်းမှောင်နေသဖြင့် အလွန်ရှေးကျသော အိမ်ကြီးတစ်အိမ်ဖြစ်ကြောင်းကိုမြင်ရုံမျှမင် ချန်းလီ သဘောပေါက်၍သွားသည်။

အလွန်ကျယ်ဝန်းသော ခြံကြီးအတွင်းဝယ် သစ်ပင်အမျိုးပေါင်း မြောက်များစွာတို့ကလည်း သစ်တောကြီးအလားဖြစ်နေ၏။

ဝါးတောကြီးမှာမူ လေတိုက်တိုင်း တရှီရှီ တရဲရဲမြည်နေသဖြင့် မကောင်းဆိုးဝါးကောင်များ မြူးတူးပျော်ပါးနေသကဲ့သို့ချောက်ချား ထိတ်လန့်ဖွယ်ကောင်းပေ၏။

အမှန်စင်စစ် အိမ်မဲကြီးသည်ပင်လျှင် ထိတ်လန့်ကြောက်မက်ဖွယ် ကောင်းနေခြင်းဖြစ်ပါသည်။

ထိုအိမ်ကြီးမှာ ပိုင်ဖုန်းဂေဟာပင်ဖြစ်လေသည်။ ပိုင်ဖုန်းသည်တံခါးဝရှိ ခေါင်းလောင်းကိုလှုပ်ရမ်းလိုက်ရာ....





'ဒေါင်....ဒပ်....ဒေါင်....ဒင်....'အသံများဆူညံစွာ ထွက်ပေါ်လာသည်။

နှစ်ထပ်ကာရံထားသော ခြံဝင်းမှ တံခါးတစ်ချပ်ပွင့်ဟလာပြီး ဒုတိယခြံတံခါးမှာ ဝုန်းခနဲပွင့်လာသည်။

စိမ်းမြနေသော လူတစ်ယောက်။

ခြံအတွင်းမှထွက်ပေါ်လာသော ထိုလူစိမ်းမှာ တစ်ကိုယ်လုံး စိမ်းသောအဝတ်ကို ထက်အောက်ညီစွာ ဝတ်ဆင်ထား၏။ အသက် လေးဆယ်နှင့် ငါးဆယ်ကြားရှိ လူသန်ကြီးတစ်ဦး ဖြစ်လေသည်။

'သခင်... ဝင်ပါခင်ဗျာ'

ထိုအခါ တံခါးစောင့်က အလွန်ရိုကျိုးစွာခါးကိုကိုင်းလျက် ခြံအတွင်းသို့ ဝင်ရောက်သွားလေတော့သည်။

ခြံအတွင်းသို့ ရောက်သွားသည်နှင့် သိုင်းသမား လေးငါးဆယ်ဦးက ပိုင်ဖုန်းထံ ပြေးလာပြီး တစ်ဖက်တစ်ချက်စီမှ ခြံရံကာ အိမ်ဂေဟာသို့ ရှေးရှုလျှောက်လာခဲ့ကြသည်။

ချန်းလီသည် ဘေးတစ်ဖက်တစ်ချက်မှ ခြံရံ၍ လိုက်ပါလာကြသော သိုင်းသမားများကို တစ်ချက် အကဲခတ်လိုက်ပြီး အောက်ပါအတိုင်း တွေးနေမိလေသည်။

'အင်း...ပိုင်ဖုန်းဟာ အတော်ချမ်းသာပြီး တော်တော်လဲ ကြီးကျယ်တဲ့ လူတစ်ယောက်ပါလား'

ဟူ၍ဖြစ်လေသည်။

များမကြာမီ ပိုင်ဖုန်းဂေဟာ၏ဆင်ဝင်အောက်သို့ရောက်ရှိလာကြသည်။

အိမ်ဂေဟာဝင်ပေါက်တံခါးကြီး၏ ဘေးတစ်ဖက် တစ်ချက်ဆီမှာလည်း ပါးစပ်ဖြဲပြီး မာန်ဖီနေသော ကျောက်နက်သားဖြင့်ထုလုပ်ထားသည့် ခြင်္သေ့ကြီး နှစ်ကောင်ကိုလည်း ထီးတီးတန့်ချောက်ချားဖွယ် မြင်တွေ့ရ၏။

ပိုင်ဖုန်းသည် လက်ဝဲဘက်ရှိ ခြင်္သေ့၏ပါးစပ်ပေါက်ထဲသို့ လက်တစ်ဖက်လျှိုသွင်းကာ တစ်စုံတစ်ရာလှုပ်ရှားမှု တစ်ရပ်ကို ဆောင်ရွက်လိုက်သည်။

တကျိမ်းကျိမ်းအသံများ ထွက်ပေါ်လာလေသည်။

ထိုအသံမှာ ဝင်ပေါက်တံခါးကြီး ရွေ့လျားသံ ဖြစ်ပေသည်။ တစ်ခဏအကြာတွင် တံခါးကြီး လုံးဝဖွင့်ဟသွားလေတော့၏။ တံခါးကြီး ပွင့်သွားသည်နှင့် လှိုက်ကိုင်၊ ဓား ကိုင် သိုင်းသမားတစ်ယောက်ကို တွေ့လိုက်ရပြန်သည်။

သူသည် ပိုင်ဖုန်းကို ခေါင်းငုံ့အရိုအသေ ပေးကာ ငြိမ်သက်စွာ ရပ်နေ၏။ လျှံမန်းသည် ချန်းလီကိုတစ်ချက်လှည့်ကြည့်လိုက်ရာ ချန်းလီအကြည့်နှင့် အကြည့်ချင်းဆုံ၍ သွားလေ၏။

ထိုအခါ နှစ်ယောက်စလုံး ပခုံးတွန့်ပြလိုက်လေ၏။ ထိုသဘောမှာ ခမ်းနားကြီးကျယ်ပါပေသည်ဟူသည့် အဓိပ္ပာယ်ကို ဆောင်လိုက်ကြခြင်းပင်။





ထိုနောက်တွင်မူ အိမ်ဂေဟာအတွင်းသို့ အားလုံး ဝင်ရောက်သွားကြသည်။

ပိုင်ဖုန်းဂေဟာ၏ အတွင်းပိုင်းသည် အပြင်ပိုင်းလောက် မှောင်မည်းနက်ပြောင်ခြင်းမရှိပေ။

မြစိမ်းရောင်လွှမ်းလျက်ရှိသော ဆေးတစ်မျိုးဖြင့်အတွင်းပိုင်းကို ခြယ်သထားလေသည်။

အချို့နေရာ၌ အနည်းငယ် မှောင်နေသည်။

အခန်းဖွဲ့စည်းပုံ အနေအထားမှာလည်း စနစ်တကျ ရှိလှသည်။ ဧည့်ခန်းမှာ ကျေးမဆန်လှပါ။ ခေတ်ရှေ့သို့လည်း ရောက်ရှိနေခြင်း မရှိလှပါ။

ဧည့်ခန်းသို့ရောက်သည်နှင့်ပိုင်ဖုန်းက....

'ကျုပ်တို့အားလုံး ဒီမှာခဏထိုင်ပြီးကြရင် စားသောက်ခန်းကို သွားကြမယ်'

လျှံမန်းက ခေါင်းတဆတ်ဆတ်ညိတ်ကာ....

'ဒါကတော့ သူငယ်ချင်း သဘောပဲ'

ချန်းလီ၊ ကူးချင်၊ လီဝ တို့ကမူ ငြိမ်သက်စွာထိုင်နေကြ၏။

တစ်ခဏအကြာတွင် ပိုင်ဖုန်းသည် ဧည့်ခန်းရှိ လူခေါ်ခေါင်းကို သုံးချက်ထုလိုက်သည်။ ဧည့်ခန်းသို့ အစိမ်းရောင်ဝတ်စုံဝတ်ထားသော မိန်းကလေးတစ်ယောက်ရောက်ရှိလာသည်။ ချန်းလီသည် ထိုမိန်းကလေးကိုကြည့်ပြီး အလွန်အံ့ဩသွားလေသည်။

အကြောင်းမှာ ပိုင်ဖုန်းသည် လူပျိုဖြစ်သည်ဟု လျှံမန်း ပြောခဲ့သော စကားကို ကြားယောင်နေမိသောကြောင့်ပင် တည်း။

'ငါတို့ကို အရက်ကောင်းကောင်းနဲ့ စားသောက်စရာ တွေ ပြင်ပေးစမ်း၊ ခပ်မြန်မြန်သွားပြီးလုပ်'

မိန်းကလေးတစ်ယောက် အရိုအသေပေးပြီး ဧည့်ခန်းမှ လှစ်ခနဲ ပြေးထွက်သွားလေသည်။

ပိုင်ဖုန်း၏ သြဇာကား အလွန်ညောင်းလှပေသည်။

'ကဲ....ကျုပ်တို့ စားသောက်ခန်းကို သွားကြစို့'

စားသောက်ခန်းသည် မကျဉ်းလှပါ။

လူ အယောက် နှစ်ဆယ်ခန့် ကောင်းစွာ ဆန့်သည့် အစ်ခန်း ဖြစ်ပေသည်။ စားသောက်ခန်း၏ အလယ်တွင် ကျောက်စားပွဲကြီးတစ်လုံး ရှိလေသည်။ ထိုကျောက်စားပွဲ ကြီးပေါ်တွင် စားသောက်စရာများ အလျှံပယ်ရှိနေကြ၏။ ပိုင်ဖုန်းက နေရာထိုင်ခင်းများ ချပေးသည်။ ချန်းလီတို့အဖွဲ့ သည် ပိုင်ဖုန်းစီစဉ်ပေးသော နေရာတွင် တစ်ယောက်ပြီး တစ်ယောက် ဝင်ထိုင်လိုက်ကြသည်။ ပိုင်ဖုန်းထိုင်နေသော ကျောက်ကုလားထိုင်ကြီးဘေးတွင် လူခေါ်မောင်းကြီးတစ် လုံး ရှိနေ၏။

ပိုင်ဖုန်းသည် မောင်းကြီးကို မောင်းတုတ်ဖြင့် ဒုံခနဲတစ် ချက်ထုလိုက်သည်။ အစိမ်းရောင် မိန်းကလေးငါးဦး စား





သောက်ခန်းသို့ ရောက်လာကြသည်။ ပိုင်ဖုန်းသည် ထိုမိန်း ကလေး ငါးယောက်ကို တစ်ယောက်စီကြည့်ပြီး ပြောလိုက် သည်။

'မင်းတို့ အနားမှာနေကြ၊ ငါတို့လိုတာရှိရင် အချိန်မီ ဖြည့်ပေး၊ ကြားလား'

'မိန်းကလေးငါးယောက်မှာ ယိမ်းတိုက်ကာ သူကိုပြိုင်တူ ခေါင်းညိတ်လိုက်ကြသည်။ ပြီးမှ ပိုင်ဖုန်းက ချန်းလီဘက် မျက်နှာမူလိုက်ပြီး အားလုံးကိုခြုံ၍ပြောလိုက်လေသည်။

'ကဲ....အားလုံး သုံးဆောင်နိုင်ကြပါပြီခင်ဗျာ'

ထိုစဉ် လီဝါသည် ဘာမပြောညာမပြောဖြင့် ဟက်ခနဲ ရယ်မောလိုက်လေ၏။

'ဟင်း... ဟင်း....ဟင်း'

ဝိုင်းဖွဲ့ထိုင်နေသောလူများသည် လီဝါလို လှမ်းကြည့် လိုက်ကြ၏။ အထူးအဆန်းဖြစ်၍သွားသော ချန်းလီသည် လီဝါကို ဒေါသအငွေ့အသက်ပါသော အကြည့်မျိုးဖြင့် ကြည့်ကာ မေးလိုက်လေသည်။

'ဟိတ်၊ လီဝါ မင်း ဘာလို့ရယ်တာလဲ'

'ကျွန်မ သိပ်သဘောကျသွားလို့ပါ'

'ပြောစမ်းပါဦး၊ ဘာကိုသဘောကျလို့လဲ'

ချန်းလီက လေသံကို ထိန်း၍မေးလိုက်သည်။

'အစ်ကိုကြီးပိုင်ဖုန်းက လူပျိုကြီးဆိုလို့ပါ'

ထိုအခါ ပိုင်ဖုန်းသည် လီဝါ၏အပြောကြောင့် မျက်လုံးပြူး မျက်ဆံပြူး ဖြစ်နေသည်။ စကားဆိုခြင်းမှ အလျဉ်းမရှိဘဲ ငြိမ်နေလေသည်။

ချန်းလီက ဒေါသသံဖြင့်....

'မင်းက ဘာလို့ ဒီစကားမျိုးပြောရတာလဲ လီဝါ'

'ကျွန်မ ဒီစကားမျိုးပြောတာ အပြစ်ရှိလို့လား'

သူမကလည်း ကြက်ခေါင်းဆိတ်မခံ ပြန်ပြောသည်။

'ဟုတ်တယ်၊ မင်းမှာအပြစ်ရှိတယ်'

ချန်းလီက လေသံအနည်းငယ်မာထန်သွားသည်။

'ညီလေးချန်းလီ စိတ်မဆိုးပါနဲ့ကွာ၊ သူက ကလေးပဲ၊ ငါသည်းခံနိုင်ပါတယ်ကွာ၊ ဟဲ....ဟဲ'

ပိုင်ဖုန်းက လီဝါကို စိုက်ကြည့်ရင်း ရယ်မောလိုက်သည်။ ပြီးမှ စကားကို ဆက်ပြောလိုက်လေသည်။

'အစ်ကိုကြီးက ရေလုံးဝမရောတဲ့ လူပျိုကြီးပါ လီဝါ၊ သူတို့က အစ်ကိုကြီးရဲ့ အခိုင်းအစေအိမ်ဖော်တွေပါ၊ ညီမလေးလီဝါက အစ်ကိုကြီးအိမ်မှာ မိန်းကလေးတွေ တွေ့ရလို့ တအံ့တသြ ဖြစ်နေသလား၊ ဟဲ....ဟဲ.... ဒါက သဘောလောက်ပဲ ရှိသေးတယ်'

ထိုအခါ ပိုင်ဖုန်းသည် မောင်းကိုငါးချက်တိတိထုလိုက်ရာ စားသောက်ခန်းထဲသို့ နောက်ထပ် အစိမ်းဆောင်ဝတ် မိန်းကလေး ဆယ်ဦးခန့် ရောက်လာပြန်၏။





'မြင်တယ်မဟုတ်လား ညီမလေးလီဝါ'

ထိုအခါမှသာ လီဝါ ပါးစပ်ပိတ်သွားလေတော့သည်။

'ကဲ....သုံးဆောင်ကြပါခင်ဗျာ'

ထို့နောက် စားသောက်ပွဲကို ကျင်းပလိုက်ကြတော့၏။

စားသောက်ပွဲပြီးသွားသောအခါ ဧည့်ခန်းသို့ ထွက်လာခဲ့ကြသည်။ လျံမန်းက ပိုင်ဖုန်းအား နှုတ်ဆက်ပြီး ပြန်မည်ဟု ပြောရာ ပိုင်ဖုန်းက ခဏနေပါဦးဟု တားနေသဖြင့် လျံမန်း ဧည့်ခန်းတွင် ၎င်းတို့နှင့်အတူထိုင်ရင်း တွေ့ရာလေးပါး စကားလက်ဆုံကျနေရပြန်၏။

ထို့နောက် ပိုင်ဖုန်းက ချန်းလီကိစ္စကို စပ်စုမေးမြန်းလာသောကြောင့် ချန်းလီသည် သူ့ကိစ္စရပ်များကို ထိန်ချန်ခြင်းမပြုဘဲ ပြောပြလေသည်။

'ကျွန်တော်....ထင်ဟိုင်ကိုလာရတဲ့ကိစ္စကတော့ စောစောက ကျွန်တော်ပြောခဲ့သလိုပဲ အစ်ကိုပိုင်ဖုန်း၊ သူဟာ အင်မတန် ရက်စက်ယုတ်မာတဲ့ လူတစ်ယောက်ပဲ၊ ကျွန်တော့်ဆရာကို အဆိပ်အပ်နဲ့ ခြောင်းမြောင်းပစ်ခတ်ပြီး ဆရာ့ရဲ့ဓားကိုလဲ လုယူသွားတယ်လို့ ပြောတယ်ခင်ဗျ'

ပိုင်ဖုန်းသည် ခေါင်းတစ်ဆတ်ဆတ် ညိတ်နေရင်းမှ မေးမြန်းလိုက်သည်။

'မင်းဆရာ့ဆီက လုယူသွားတဲ့ဓားက ဘာဓားလဲကွ'

'အဲဒီခေါးနဲ့ပတ်သက်ပြီး ကျွန်တော့်မှာ ပြောပိုင်ခွင့်မရှိသေးပါဘူးခင်ဗျာ'

ချန်းလီသည် တချို့တစ်ဝက်ကို ထိန်ချန်ခြင်းမရှိဘဲ ပြောခဲ့သော်လည်း ခေါးအကြောင်းနှင့် ဆက်စပ်၍ကားလျှို့ဝှက်ထားလိုက်လေသည်။

'ကိစ္စမရှိပါဘူး၊ ပြောပိုင်ခွင့်မရှိလဲမပြောပါနဲ့ ရပါတယ်'

'ဟုတ်ကဲ့အစ်ကိုပိုင်ဖုန်း၊ ကျွန်တော့်ကိုခွင့်လွှတ်ပါ'

'ကိစ္စမရှိပါဘူး၊ ဒါက ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ရပ်ပဲ၊ အစ်ကိုနားလည်ပါတယ်၊ အစ်ကိုကလဲ တတ်နိုင်ရင်ကူညီရမလားလို့ပါ'

'ဟုတ်ကဲ့....ကျေးဇူးတင်ပါတယ်အစ်ကို'

ထိုစဉ် လျှံမန်းသည် ရုတ်တရက် ထိုင်ရာမှထရပ်လိုက်ပြီး....

'ကျွန်တော့်မှာ အရေးကြီးတဲ့ကိစ္စတစ်ရပ်ရှိနေလို့ အားလုံးပဲ ခွင့်ပြုကြပါဦးခင်ဗျာ'

'ဩော်....ဟုတ်ကဲ့ ကိစ္စရှိရင် သွားနိုင်ပါတယ် ခင်ဗျာ၊ ကျွန်တော် ခြံဝအထိ လိုက်ပို့ပါ့မယ်'

ပိုင်ဖုန်းက ပြောပြီးထလိုက်ရာ ချန်းလီလည်း မနေသာတော့ဘဲ ထိုင်ရာမှ ထလိုက်လေသည်။

ပိုင်ဖုန်းနှင့် ချန်းလီအတို့အဖွဲ့သည် လျှံမန်းအားခြံဝအထိ လိုက်ပို့ ပေးကြမည်ဖြစ်သည်။ သူတို့ လမ်းလျှောက်ရင်း





စကားပြောလာကြရာ တစ်နေရာအရောက်တွင် လူရိပ်သဏ္ဌာန်တစ်ခုကို ချန်းလီ အမှတ်တမဲ့တွေ့လိုက်ရသည်။

ထိုအရိပ်သဏ္ဌာန်ရှင်ကို ချန်းလီမှတစ်ပါး မည်သူမျှမတွေ့လိုက်ရပါ။

ချန်းလီ၏ စိတ်ထဲတွင်အထူးအံ့ဆန်း ဖြစ်၍သွားရသလိုဘာများပါလိမ့်ဟုလည်း တွေးလိုက်မိပေသည်။

လျှံမန်းက ပိုင်ဖုန်းအား မှာကြားနေသောကြောင့်ထိုအရိပ်သဏ္ဌာန်ရှင်ကို ချန်းလီ ကောင်းစွာ အကဲမခတ်လိုက်ရပေ၊ လျှံမန်း၏စကား၌ အာရုဏ်ကျနေသောကြောင့်ဖြစ်လေသည်။

'ညီလေးချန်းလီတို့ ပိုင်ဖုန်းဂေဟာမှာ ပျော်သလောက်တည်းခိုနေကြပါ၊ အကိုမကြာမကြာလာခဲ့မယ် အဲဒီတော့မှအတွေ့အကြုံချင်း ဖလှယ်ကြတာပေါ့'

စကားတပြောပြောနှင့် လျှောက်လာကြရာ မကြာမီခြံဝသို့ရောက်ရှိလာကြလေ၏။ ခြံဝသို့ရောက်မှ ပိုင်ဖုန်းကချန်းလီ၏ပုခုံးကိုလှမ်းပုတ်ရင်း စကားဆိုသည်။

သူက....

'သူငယ်ချင်းလဲကျုပ်ဆီ မကြာမကြာလာလည်ပါဦး၊ သူငယ်ချင်းလိုက်နေတဲ့ နဂါးပတ်အဆိပ်ပိုင်ရှင်နဲ့ ပတ်သက်ပြီးကျုပ်လဲတတ်နိုင်သလောက် စုံစမ်းပြီးအကူအညီ ပေးပါ့မယ်'

'ကျေးဇူးတင်ပါတယ် သူငယ်ချင်း'

လျံမန်းက ထိုသို့ပြောပြီး ချန်းလီ ဘက်သို့လှည့်ကာ....

'ညီလေးချန်းလီ အကိုသွားမယ်နော်၊ ဘာမှအားမငယ်နဲ့ အဆိပ် အပ်ရှင်ကို အကိုမိအောင်ဖမ်း ပို့ပေးမယ် နောက်ပြီး ပိုင်ဖုန်း ဂေဟာကိုလဲ မကြာ မကြာ လှည့်ဝင်လာခဲ့မယ် ဟုတ်လား'

ထိုအခါ ချန်းလီက ခေါင်းညိတ်လိုက်သည်။

ထိုနောက်တွင်မှ လျံမန်းသည် ကူးချင်နှင့်လီဝါ တို့ကို ပြန်မည်ဟု နှုတ်ဆက်ကာ တံခါးမှူးဖွင့်ပေးသော တံခါးပေါက်မှ ထွက်ခွာသွားလေတော့သည်။



## အခန်း (၂၄)

ချန်းလီ၊ လီဝါ၊ ကူးချင် တို့သုံးဦးကို ပိုင်ဖုန်းဂေဟာသခင်လေးပိုင်ဖုန်းက သူတို့နေရမည့် အခန်းများကိုလိုက်လံပြ၍ နေရာချထားပေးထားသည်။

ချန်းလီကတစ်ခန်း၊ လီဝါနှင့်ကူးချင်ကတစ်ခန်း၊ သူတို့ အခန်းချင်းကပ်မနေ ငါးခန်းကွာသည်။ ချမ်းသာသောသူ၏အိမ်ကြီးမှာ အခန်းပေါင်းများစွာနှင့် ဖွဲ့စည်းထားသည်။

ချန်းလီအခန်းနှင့် လီဝါတို့အခန်း ငါးခန်းခွာ၍ နေရာချထားပေးသော်လည်း ကြားအခန်းများတွင် မည်သူမျှမရှိ။ ဘာကြောင့် အခန်းခြင်းကပ်ပြီး မထားပါလိမ့်၊ တွေးစရာဖြစ်လာသည်။ ဘာမျှ မတတ်နိုင်တော့။ သူ့ဧည့်သည်အဖြစ် သူ့အိမ်လိုက်နေမှတော့ သူထားရာနေရတော့မှာပေါ့။

ချန်းလီ အလွယ်တကူ ဆုံးဖြတ်ကာ တစ်ခါတည်းသာ တည်းခိုခန်းမှာ ခဏတွေ့ရုံမျှဖြင့် အိမ်ကိုခေါ်၍ တည်းရန် ဖိတ်ခေါ်ချက်ကို လက်ခံခဲ့မိသည်။ ယခုမှသာ စဉ်းစားမိသောအခါ လွယ်လွယ်နှင့် ပြန်ပြင်ချင်၍ မရပေ။

ပိုင်ဖုန်းသည်သာ ရန်သူဖြစ်နေလျှင် သူတို့၏ ထောင်ချောက်ထဲသို့ ဝင်မိလျက်သားဖြစ်နေချေပြီ။ မတတ်နိုင်တော့ပါ၊ သတိထားကာ နေရတော့မည်။ ပိုင်ဖုန်းဂေဟာနှင့် ပိုင်ဖုန်းအကြောင်းကို အနီးကပ် လေ့လာရပေတော့မည်။

ချန်းလီ ကိုယ့်အခန်းထဲတွင် အတွေးပေါင်းစုံဖြင့် အိပ်မပျော်နိုင်။ သတိလက်လွှတ်ဖြင့် နေ၍လည်း မဖြစ်သဖြင့် နှစ်နှစ်ခြိုက်ခြိုက်အိပ်၍ မရနိုင်။ လျို့မန်းကို ခြံဝလိုက်ပို့စဉ်က ရိပ်ခနဲတွေ့လိုက်ရသော လူရိပ်သဏ္ဌာန်ကို ပြန်စဉ်းစားကြည့်မိ၏။

ပိုင်ဖုန်းဂေဟာမှ ရိုးရိုးသားသား အမှုထမ်းတစ်ယောက်ဟု ဆိုလျှင်လည်း ဤသို့ ခိုးချောင်းခိုးဝှက် ချောင်းမြောင်းကြည့်ပြီး ပြေးထွက်သွားမည်မဟုတ်၊ တစ်ခုခုတော့ ထူးခြားနေတာ သေချာပြီ ဖြစ်သည်။

အိပ်မရသည့်အတူတူ ကုတင်ပေါ်တွင် လှဲ၍ အတွေးထဲ တဝဲဝဲလည်နေခြင်းထက် အပြင်ထွက်၍ အကဲခတ်ခြင်းက ပိုကောင်းမည်ဟု ချန်းလီဆုံးဖြတ်လိုက်မိသည်။ ချန်းလီ အခန်းတံခါးကိုဖွင့်၍ အပြင်သို့ ထွက်ခဲ့သည်။ အချိန်ကား မနည်းတော့ချေ။ အများအိပ်ချိန်ဆိုတော့လည်း ပတ်ဝန်းကျင်အားလုံးမှာ တိတ်ဆိတ်နေသည်။ တစ်ခါတစ်ရံ ပုစဉ်းရင်ကွဲအော်သံကလေးများနှင့် သစ်ပင်များကို လေတိုးသံတို့သာ ကြားနေရလေသည်။ ပိုင်ဖုန်းဂေဟာအတွင်းမှာ အခန်းအားလုံးပိတ်လျက် အားလုံး အိပ်မောကျနေကြပြီထင်သည်။





ထိုအခါ ချန်းလီသည် ခြံထဲဆင်းလျှောက်ရန် စိတ်ကူးမိ၏။ မိမိမှာ ဧည့်သည်တစ်ယောက် ဖြစ်နေသဖြင့် အိမ်ထဲတွင် ဟိုဟိုသည်သည် လျှောက်ကြည့်နေ၍ မကောင်းပေ။

ပိုင်ဖုန်းသည် ရိုးရိုးသားသားလူတစ်ယောက်ဖြစ်လျှင် မိမိတို့အပေါ် အထင်လွဲသွားနိုင်လေသည်။ ခြံဝင်းထဲတွင် တစေ့တစောင်းအကဲခတ်ကြည့်ရှုလျှင် သိပ်ကိစ္စမရှိပေ။ အိပ်မပျော်လို့ ခြံထဲဆင်းကြည့်တာပါဟု ဖြေ၍ကောင်းသေး၏။

ထို့ကြောင့် ချန်းလီ ဆုံးဖြတ်ချက်ချလိုက်မိသည်။

ယခုပင် ခြံထဲသို့ဆင်း၍ကြည့်မည်။ ခြံဝင်းကြီးထဲတွင် ဂိတ်တံခါးမကြီးနှင့် အစောင့်အရှောက်များ ရှိနေသောကြောင့် ထင်သည်။ အိမ်တံခါးမကြီးကို သော့ခတ်မထားပေ။ ခြံဝင်းတံခါးမနှင့် အိမ်ကြီးမှာလည်း အတော် အလှမ်းကွာ၏။

ထို့ကြောင့် ခြံထိပ်အထိမသွားလျှင် အစောင့်များနှင့် မတွေ့နိုင်ဟု တွက်သည်။ ထို့ကြောင့်ပင် ချန်းလီ ခြံဝင်းထဲသို့ ဆင်းလာခဲ့ခြင်း ဖြစ်သည်။

ချန်းလီသည် အိမ်မကြီးအနောက်ဘက်သို့ သွားကြည့်ရန် စိတ်ကူးပြီး အမှောင်ရိပ် အသာခို၍ အိမ်ဘေးမှ ကပ်၍သွားသည်။ ချန်းလီသည် သိုင်းပညာ အဆင့်မြင့် လေ့ကျင့်ခဲ့သူ တစ်ဦးပင် ဖြစ်သည်။ ထို့ကြောင့်ပင် အလွန်တိတ်ဆိတ်နေစေကာမူ သူ၏ခြေသံ လုံးဝမထွက်။ သူသည် ကိုယ်ဖော့ပညာကို သုံးကာ အနောက်ဘက်ဆီသို့ သွားနေခြင်း ဖြစ်သည်။

အနောက်ဘက်ယွန်းယွန်းတွင် အဆောက်အအုံ တစ်ခုကို လှမ်းတွေ့လိုက်ရသည်။ ထိုအဆောက်အအုံကြီးကို လှမ်းတွေ့လိုက်ရသည်မှာ အလွန်ထူးခြားနေသည်။ အကြောင်းမှာကား ညသန်းခေါင်ကျော်အချိန်ကြီးတွင် ထိုအဆောက်အအုံဆီမှ မီးရောင်များ ထိန်လင်းနေခြင်း ဖြစ်သည်။

မီးရောင်အောက်တွင် လှုပ်ရှားနေသော လူရိပ်များကို တွေ့လိုက်ရသည်။ ညဘက်တွင် လှုပ်ရှားနေသည်ဆိုလျှင်တော့ ရိုးရိုးသားသား မဖြစ်နိုင်ပေ။ ချန်းလီ ထိုအဆောက်အအုံဆီသို့ သွားကြည့်ရန် ဆုံးဖြတ်လိုက်သည်။ ချန်းလီသည် ရှေ့သို့ သွားရန်သာ အာရုံစိုက်နေသည်။ ထိုအဆောက်အအုံနားသို့ မရောက်ခင်မှာပင် အမှောင်ထဲမှ အရိပ်တစ်ခုက ဝုန်းခနဲ ထွက်ပေါ်လာကာ ချန်းလီအား ဖမ်းချုပ်ရန် ကြိုးစား၏။

ထိုအခါ သတိရှိနေသော ချန်းလီက အနောက်ဘက်သို့ အသာလေးပင် ခုန်၍ နောက်ဆုတ်လိုက်သည်။

အမှောင်ထဲတွင်ဖြစ်နေသော့ကြောင့် တစ်ဘက်ရန်သူကို သဲသဲကွဲကွဲ မမြင်ရချေ။ ထိုအရိပ်ကလည်း သူ့ကို ဘာမှ မပြောမဆိုဘဲ သဲသဲမဲမဲသာ လိုက်၍ တိုက်နေသည်။ ထိုစဉ်မှာပင် သူတို့နှစ်ဦး၏တိုက်ခိုက်သံများက တိတ်ဆိတ်သော ညကို ဖြိုခွင်းလိုက်လေတော့သည်။ ဝှီး....ဖွီး....ဝှီး’

ရန်သူက သူ့လက်ထဲမှကျာပွတ်ကို ဝှေ့ယမ်း၍ ချန်းလီအား အဆက်မပြတ် တိုက်ခိုက်နေလေသည်။





ချန်းလီမှာကား လက်နက်မဲ့ကာ ဖြစ်နေသည်။

ချန်းလီမှာ ကျာပွတ်ကိုရှောင်တိမ်းနေရင်းမှပင် ...

‘ဟော့....မင်းဘယ်သူလဲ၊ ငါ ပိုင်ဖုန်းဂေဟာသခင်ကြီးရဲ့ ဧည့်သည်ပါကွ’

တစ်ဖက်လူဆီမှ အသံကား ထွက်ပေါ်မလာ။ ထွက်ပေါ်လာသည်က....

‘ဝှီ....ရှမ်း....ရှမ်း....ဝှီ’

ကျာပွတ်သံများသာဖြစ်လေသည်။

ချန်းလီမှာ မေးမြန်းနေ၍ မဖြစ်တော့ချေ။ ပြန်လည်တုန့်ပြန်တိုက်ခိုက်မှသာလျှင် ဖြစ်ပေတော့မည်။ ထိုအခါ ချန်းလီသည် သူ၏အတွင်းအားများကို စုစည်းလိုက်သည်။

အမှောင်ထဲမှာ ဖြစ်နေသည့်အပြင် တစ်ဖက် ရန်သူက ကျာပွတ်ဖြင့်ဝှေ့ယမ်းတိုက်ခိုက်နေသဖြင့် အတင်းဝင်တိုက်၍ မဖြစ်နိုင်ချေ။

ထိုအခါ ချန်းလီသည်ကျာပွတ်ကိုရှောင်ရင်းတိမ်းရင်းဖြင့် တစ်ဖက်ရန်သူရှိရာသို့ အာရုံပြုလိုက်ပြီး နောက်သို့ခြေနှစ်လှမ်း ခုန်ဆုတ်လိုက်သည်။

ပြီးလျှင် အတွင်းအားကိုစုစည်းကာ လွှားခနဲခုန်၍ ကန်ထည့်လိုက်သည်။ တစ်ဖက်ရန်သူက ရှေ့တိုးကာအရိုက် သူက ခုန်အကန် တစ်ချိန်တည်း ဖြစ်သွားလေသည်။

‘ဝှီး....ရှမ်း....ဝှီး....ရှမ်း’

'ယား'

'အင့်....ဘုန်း....ဘိုင်း'

'အား'

တစ်ဖက်လူ၏ရင်ဝတည့်တည့်သို့ ကန်ချက်မိသွားဟန် တူသည်။ တစ်ချက်တည်းနှင့်ပင် လဲကျသွားလေသည်။ ချန်းလီ ရှေ့သို့ဆက်တိုးမည်အပြု နောက်မှပြေးလာသောအသံများ ကြားလိုက်ရသည်။

သူလှည့်ကြည့်လိုက်သောအခါ မီးတုတ်များကိုင်ကာပြေး လာကြသည့် လူဆယ်ယောက်ခန့်ကို တွေ့ရလေသည်။

ချန်းလီသည် သတိကြီးစွာထား၍ ရင်ဆိုင်ရန် အသင့်ပြင် ဆင်လျက် မီးတုတ်များ လာရာဘက်ဆီသို့ ပြေးထွက်လာခဲ့ လေသည်။

ထိုအခါ....

'ဟေ့ ဘယ်သူလဲ ရပ်လိုက်ပါ'

ဟူသောအသံနှင့်အတူအနားသို့ရောက်လာကြသူများတွင် ထိပ်ဆုံးက ပိုင်ဖုန်း။

'ဟာ....ချန်းလီပါလား၊ ဘယ်လိုဖြစ်ကြတာလဲ'

ပိုင်ဖုန်း၏မျက်နှာမှာ တင်းမာနေသော်လည်း လေသံက တော့ ပျော့ပျော့ပြောင်းပြောင်းပင်ဖြစ်သည်။

ချန်းလီသည် မီးတုတ်ကိုင်၍ ဝိုင်ထားသော လူစုကိုဝေ့၍ အကဲခတ်ကြည့်လိုက်ပြီးမှ....





'အင်း....အစ်ကိုပိုင်ဖုန်း ကျွန်တော်အိပ်မပျော်တာနဲ့ ခြံထဲ ဆင်းလာတာ၊ ခုလဲနေတဲ့လူက ကျွန်တော့်ကို အတင်းဝင် တိုက်ခိုက်တာနဲ့ အခုလိုဖြစ်သွားတာပဲ အစ်ကိုပိုင်ဖုန်း၊ ကျွန် တော် သူ့ကိုတားပါသေးတယ်၊ အင်ကိုပိုင်ဖုန်းရဲ့ ဧည့်သည် ပါလို့ ဒါပေမယ့် သူက တစ်ခွန်းမှကျွန်တော့်ကို ပြန်မပြော ဘဲ သဲကြီးမဲကြီး အတင်းဝင်တိုက်နေတာပါပဲဗျာ'

ချန်းလီက သူတွင်အပြစ်မရှိကြောင်းကို ပိုင်ဖုန်းအား ပြောပြနေသည်။

ထိုအခါပိုင်ဖုန်းက....

'အင်း....ဒါငါ့အပြစ်ပဲထားပါတော့ကွာ၊ ငါ့တပည့်တွေ အားလုံးကို မင်းတို့ဒီမှာသည်းခိုနေကြတာကို မပြောရသေး ဘူးကွ၊ ဂေဟာလုံခြုံရေးအတွက် ကင်းပုန်းတွေချထားတာ ဆိုတော့ မင်းကိုရန်သူထင်ပြီး တိုက်ခိုက်တာပေါ့'

ပိုင်ဖုန်း၏ ဟန်ပန်နှင့် လေသံအမူအရာတို့မှာ လူတစ် ယောက်ထိခိုက်သွားသော်လည်း စိတ်ဆိုးဟန်မပြပေ။

'ဟေ့....ဟိုကောင်သွားကြည့်လိုက်စမ်း'

ပိုင်ဖုန်းဘေးမှလူနှစ်ယောက် သွားကြည့်သည်။

ချန်းလီက ပိုင်ဖုန်းကို တောင်းပန်စကား ဆိုလိုက်ရ သည်။

'ကျွန်တော် ဂေဟာရဲ့အနေအထားကိုမသိဘဲ အစ်ကို့ကို အသိမပေးဘဲ ခြံထဲဆင်းမိလို့ ခုလို....'

ထွက်သွားသော လူနှစ်ယောက်မှာ ပြန်ပြေးလာပြီးမောဟိုက်ပြောလိုက်သံကြောင့် ချန်းလီစကားအဆုံးမသတ်နိုင်ချေ။

'ဖုကီတော့ အသက်မရှိတော့ဘူး'

ပြောပြောဆိုဆိုနှင့်အနားရောက်လာသောလူနှစ်ယောက်က မကျေမနပ် ဒေါသရောင်လွှမ်းနေသော မျက်လုံးများဖြင့် ချန်းလီကိုကြည့်လိုက်သည်။

သူတို့၏သခင် ပိုင်ဖုန်းသာမရှိလျှင် ချန်းလီကို စိစိညက်ညက်ကြေအောင် ချေပစ်ကြမည့်ပုံစံမျိုးဖြစ်သည်။

'ကျွန်တော် စိတ်မကောင်းပါဘူးဗျာ၊ ကျွန်တော် ခုံကာကွယ်ရင်းနဲ့ အခုလို ဖြစ်သွားရတာပါ၊ အသက်အသလောက်အောင် မရည်ရွယ်ပါဘူး၊ အဲဒါအမှန်ပါပဲ'

ပိုင်ဖုန်း၏ ဂေဟာထဲတွင် သူလူ ဖုကီကိုသေအောင်လုပ်သည့်အတွက် ချန်းလီမှာ ပျာပျာသလဲ တောင်းပန်လိုက်ရတော့သည်။ ချန်းလီ၏ စိတ်ခေါင်မှာ အမှန်တကယ်လဲ လူတစ်ယောက်ကို အကြောင်းမဲ့သေစေလိုသည့်ဆန္ဒမရှိချေ။

ပိုင်ဖုန်း၏ အပြစ်တင်ခြင်းကိုလည်း ချန်းလီမှာ ခံရပေတော့မည်။ မကျေနပ်၍ နောက်ဆုံးသူကိုဖမ်းသီးကာ ဒေသအုပ်ချုပ်ရေးမှူးထံ ပို့နိုင်သည်ဟု ချန်းလီတွက်ပြီးသား။ ထိုစွက်ကို ရင်ဆိုင်ရန်လည်း ဆုံးဖြတ်ပြီးသားဖြစ်သည်။

သို့သော် ပိုင်ဖုန်း၏စိတ်ခေတ်မှာ ချန်းလီ ထင်သလိုမဟုတ်ပေ၊ ပိုင်ဖုန်း၏ လေသံမှာ ပျော့ပျောင်းသာယာလွန်းလှ၏။





'အေးလေ...မသိလို့ ဖြစ်ခဲ့ရတာပဲလေ၊ အင်း...'

'ပြီးတာတွေ ပြီးပါစေတော့ကွာ၊ ကဲ...ငါ့ညီကို တစ်ခုတော့ မှာရဦးမယ်၊ နောက်ကိုတော့ အစ်ကိုတို့ မသိဘဲနဲ့ အိမ်ကြီးနဲ့ခြံဝင်းအတွင်းမှာ လျှောက်မသွားပါနဲ့ကွာ၊ လုံခြုံရေးအတွက် စီစဉ်ထားရတာဆိုတော့ မင်း ခုလိုအဖြစ်မျိုးတွေ ထပ်မကြုံစေချင်ဘူး၊ အစ်ကိုပြောတာ သဘောပေါက်တယ်နော်၊ ခြံဝင်းထဲရော အိမ်ထဲရော ဟိုဟိုဒီဒီ ဘယ်မှ လျှောက်မသွားပါနဲ့'

ပိုင်ဖုန်း၏ စကားသံကား အစပိုင်းတွင် ချိုသာပျော့ပျောင်းသလောက် အဆုံးသတ်စကား 'ဟိုဟိုဒီဒီ လျှောက်မသွားပါနဲ့' ဟူသော စကားတွင်မူ တင်းမာသော လေသံပြောင်းသွားသည်ကို ချန်းလီ သတိပြုမိလိုက်သည်။ ထိုလေသံမှာ အမိန့်ပေးလိုက်သည့် လေသံမျိုး ဖြစ်လေသည်။

နောက်တစ်ခါ ယခုလိုမျိုး မြင်လာလျှင် ချန်းလီ၏ တာဝန်ဟူသည့် သဘောမျိုးဖြစ်သည်။ သူ့ပိုင်နက်အတွင်းဆိုတော့လည်း သူ့ စည်းကမ်းအတိုင်းပေါ့။

ထိုအခါ ချန်းလီက....

ဟုတ်ကဲ့ ကောင်းပါပြီ အစ်ကိုပိုင်ဖုန်း၊ နောက်ကို ဒီလို လျှောက်မသွားတော့ပါဘူး'

ချန်းလီသည် ရိုသေလေးစားဟန်ဖြင့် အဖြေပေးလိုက်ရသည်။

တက်လမ်း စာပေ

ထိုအခါ ပိုင်ဖုန်းက....

'ဟေ့ ကောင်တွေ လုပ်စရာရှိတာ ဆက်လုပ်ကြ'

ပိုင်ဖုန်းက သူ့လူတွေကို အမိန့်ပေးလိုက်ပြီးမှ ချန်းလီဘက်သို့လှည့်ကာ....

'ကဲ....ကဲ....မိုးလဲချုပ်ပြီ၊ တို့အိမ်ပေါ်တက် အနားယူကြစို့၊ အေးအေးဆေးဆေးသာ အနားယူပါကွာ၊ ဘာမှ တောင်တွေးမြောက်တွေး တွေးမနေနဲ့၊ ငါ့ညီတို့ ကိုးစွလည်း အကူအညီပေးမှာပါကွာ'

ဟူ၍ ပြောလိုက်ပြီး ချန်းသီကို တကယ့်ညီအရင်းသဖွယ် ဖျောင်းဖျပြောဆိုလိုက်ပြီး အိမ်ပေါ်သို့ ခေါ်ဆောင်သွားလေတော့သည်။

ချန်းလီမှာ သူ့အား ပေးထားသော အခန်းထဲသို့သာ ဝင်ခဲ့ရသည်။ ခုတင်ပေါ်တွင် လှဲနေရသော်လည်း အိပ်၍မပျော်နိုင်၊ ခုပုံဆိုလျှင် ချည့်သည့်အဖြစ် တည်းခိုရသည့်အသွင်တက် အကျယ်ချုပ် ချုပ်ခံနေရသည့် အသွင် ဖြစ်နေပေပြီ၊ သူတို့ ပါးစပ်ထဲမျှား ဝင်မိနေပြီလား။ အခြေအနေကိုကြည့်၍ လှုပ်ရှားရပေတော့မည်။

ပိုင်ဖုန်း ဂေဟာသည် မည်သည့်လျှို့ဝှက်ချက်များရှိနေသနည်း။ ပိုင်ဖုန်းကကော မည်ကဲ့သို့ လူမျိုးနည်း သူသည် ချန်းလီတို့အတွက် မိတ်ဆွေလား ရန်သူလား ခွဲခြား၍မရပေ။ သတိတော့ ထားနေရပေတော့မည်။ ထိုကဲ့သို့အတွေး





များက ချန်းလီထံတွင် ဆင့်ကဲဆင့်ကဲသာ ပေါ်၍နေသည်။

ချန်းလီအိပ်၍မရပေ သည်တစ်ညတော့ ဘယ်လိုမှအိပ်၍ရတော့မည်မထင်ပါ။

....❀....

## အခန်း (၂၅)

ပိုင်ဖုန်းဂေဟာတွင် သုံးရက်နှင့် သုံးညတည်းခိုပြီးနောက် စတုတ္ထညတွင် ထူးခြားမှုတစ်စုံတစ်ရာကို ချန်းလီအကဲခတ်နေရင်း တွေ့ကြုံလိုက်ရသည်။ ယင်းမှာအခြားမဟုတ်ပေ။

တစ်ညတွင် ချန်းလီသည်အိပ်ရာမှ ဖြတ်ခနဲလန့်နိုးခဲ့လေ၏။

မိမိ၏အခန်းသည် ကူးချင်၊ လီဝါတို့အခန်းနှင့် ငါခန်းအကွာတွင် ရှိနေသောကြောင့် ကူးချင်နှင့် လီဝါတို့အတွက် များစွာပင်စိတ်ပူမိလေသည်။

ချန်းလီ၏အခန်းမှာ ပိတ်ထားသော်လည်း အပြင်ဘက်တွင် ခြေသံလိုလိုအသံခပ်အုပ်အုပ် တစ်ခုကိုကြားနေရ၏။ ထိုအခါ ချန်းလီသည် အခန်းတံခါးကိုဆတ်ခနဲဖွင့်ပြီး အပြင်ကိုထွက်ကြည့်လိုက်သည်။

အပြင်တွင် မီးအိမ်များ ထွန်းထားသောကြောင့် လင်းထိန်နေသည်။ ထိုအလင်းရောင်နှင့်အတူ အရိပ်သဏ္ဌာန်တစ်ခုကိုရိပ်ခနဲ တွေ့မြင်လိုက်ရသည်။

ထိုအရိပ်သဏ္ဌာန်သည် ချန်းလီကိုတွေ့လိုက်ရသဖြင့် ရုတ်တစ်ရက် လှုပ်ရှားလာသည်။ ထိုသဏ္ဌာန်သည် ပြေးထွက်ရန်ကြိုးစားလိုက်သည်။

သို့သော် သူနောက်ကျသွားလေပြီ အဘယ်ကြောင့်ဆိုသော် ချန်းလီသည် သူ့ကိုအချိန်မီခုန်အုပ်ကာ ဖမ်းဆီးလိုက်သောကြောင့်ပင်ဖြစ်သည်။

ချန်းလီသည် ထိုအရိပ် သဏ္ဌာန်ရှင်ကို သေသေချာချာကြည့်လိုက်သည်။ အရိပ်သဏ္ဌာန်ရှင်မှာကား အစိမ်းရောင်ဝတ်စုံကိုဝတ်ဆင်ထားသော အမျိုးသမီးတစ်ဦးဖြစ်နေသည်။

လီဝါနှင့် အရွယ်တူလောက်ရှိမည်ဟု သူခန့်မှန်းမိသည်။ မျက်နှာမှာလည်းအလွန်ချောမောလှပသူ တစ်ဦးဟုထင်သည်။ ထိုမိန်းခလေးသည် မည်သည့်အတွက်ကြောင့် ချန်းလီ၏အခန်းရှေ့ လာရောက်ကာ ရပ်နေရသနည်း။

'ဟိတ်...မင်း ဘယ်သူလဲ၊ ဘာကြောင့် ငါ့အခန်းရှေ့မှာလာရပ်နေရတာလဲ'

ထိုအခါ သူမသည် စကားပြောဆိုခြင်းမရှိပဲ ချန်းလီကိုမျက်မှောင်ကြုတ်ကာကြည့်နေလေသည်။

'ဟေ့ ငါမေးနေတာ မင်းမကြားဘူးလား၊ ပြောစမ်းမင်းနာမည် ဘယ်သူလဲ ငါ့ကို လုပ်ကြံချင်လို့လား၊ မင်းကိုဘယ်သူက ခိုင်းတာလဲ'

သူမက ခေါင်းကို ခါယမ်းပြလိုက်သည်။





'မင်းက ငါ့ကို အန္တရာယ်မပြုဘူးဆိုတာ ငါယုံရမှာလား'

ထိုအခါ သူမသည် ပါးစပ်ကို ဟပြလိုက်ပြီး လက်နှစ်ဖက်ကို ခါယမ်းပြလိုက်သည်။ ပထမသော် သူမ၏အပြုအမူကို ချန်းလီ နားမလည်ပေ။ ထိုနောက်တွင် ချန်းလီ သဘောပေါက်၍သွားလေသည်။ မှန်သည်။ သူမသည် စကားပြောနိုင်သူတစ်ယောက် မဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် လျှာပြတ်နေသောကြောင့်ပင် ဖြစ်လေ၏။

ချန်းလီမှာ အံ့အားသင့်၍သွားသည်။

'မင်းရဲ့လျှာက မွေးရာပါလား၊ ဒါမှမဟုတ် ကြီးမှအဖြတ်ခံရတာလား'

ချန်းလီ၏အမေးစကားကြောင့် သူမလန့်သွားလေသည်။

မျက်လုံးအစုံမှာ ပြူးကျယ်လာပြီး ဟိုဟိုသည်သည် ကြည့်နေသောကြောင့် သူမသည် တစ်စုံတစ်ခုကို ကြောက်ရွံ့ထိတ်လန့်နေမှန်း သိသာလေသည်။

'ဒီမှာ မိန်းကလေး၊ မင်း ဘာမှမစိုးရိမ်နဲ့၊ ငါ့ကိုသာမှန်မှန်ပြောစမ်း၊ ပါးစပ်ကမပြောနိုင်ရင် စာနဲ့ ရေးပြပါ၊ မင်းကို ငါကူညီမယ်'

ထိုအခါတွင် သူမသည် ခေါင်းကိုသာ တွင်တွင်ခါယမ်းလိုက်သည်။ ထိုနောက်တွင် သူမသည် ခါးကြားမှ လိမ်၍ထားသော ဆေးတစ်လုံးကိုဖျတ်ခနဲ ဆွဲထုတ်လိုက်ပြီး ပါးစပ်ထဲထည့်ကာ မြိုချလိုက်လေ၏။

ချန်းလီ သတိရ၍ အချိန်မီတားလိုက်သော်လည်း နောက်ကျသွားလေပြီ။

သူမ၏ ဖြူဖွေးသော အသားအရေသည် တစ်ခဏချင်း မီးသွေးတုံးကဲ့သို့ မည်းနက်ကာ ပြောင်းသွားပြီး ကြမ်းပြင်ပေါ်သို့ ဝိုင်းခနဲ လဲကျကာ သေဆုံးသွားလေတော့၏။

'ဟာ....'

ချန်းလီ လန့်သွားသည်။ ထိုနေ့နံနက်တွင် ပိုင်ဖုန်းဂေဟာတွင် လူများ ဝိုင်းအုံကြည့်နေကြသည်။ ပိုင်ဖုန်းမှာလည်း မနက်အရုဏ်မတက်မီကပင် ကီစွဲတစ်ခုနှင့် အပြင်သို့ ထွက်သွားကြောင်း လူတစ်ယောက်က ပြောသည်။ ထိုသို့ ပြောသူမှာ ပိုင်ဖုန်း၏ ညာလက်ရုံးတစ်ဆူ ဖြစ်ကြောင်း သူ၏ ပြောချက်အရ ချန်းလီသိလိုက်ရသည်။ ထိုလူ၏အမည်မှာကား ပိုင်ရန်ဖြစ်လေသည်။ ယခုမူ သူသည် ချန်းလီအနားတွင် ရှိနေပြီး ချန်းလီကို အကဲခတ်ကြည့်နေသည်။

'ဘယ်လိုဖြစ်တာလဲဗျ'

ချန်းလီကို အကဲခတ်နေရင်းမှ ပိုင်ရန်က မေးလိုက်၏။

ညကဖြစ်ခဲ့သောကိစ္စကို ချန်းလီက တစ်လုံးမကျန် ပြန်ပြောပြလိုက်သည်။

'ခင်ဗျားက ဘာလို့မတားလိုက်တာလဲဗျ'

'ကျုပ်လဲ ဒီလိုဖြစ်လိမ့်မယ်လို့ လုံးဝမထင်ဘူး၊ ဆေးလုံးကို ချက်ချင်း ထုတ်သောက်လိုက်ပြီး မြိုချလိုက်တာပဲဗျာ'





ထိုအခါ ပိုင်ရန်သည် ခေါင်းကိုခါယမ်းလိုက်ပြီး....

'ပြဿနာတော့ ရှုပ်ကုန်ပါပြီဗျာ'

ဟု ညည်းညူနေလေသည်။

ထိုစဉ် လူတစ်ယောက် ရောက်လာပြန်သည်။ နောက်ရောက်လာသောလူမှာ ဝတ်စုံပြာကိုဝတ်ဆင်ထားသည့် လူရည်သန့်တစ်ဦးဖြစ်သည်။

'လာပါဦး ဝမ်တာ၊ ဒီမှာပြဿနာပေါ်နေပြန်ပြီ'

ဝမ်တာဆိုသူမှာ ပိုင်ဖုန်း၏ ဘယ်လက်ရုံး လူစွမ်းကောင်းဖြစ်ကြောင်း ချန်းလီသိသည်။

'ဘာဖြစ်နေတာလဲဗျ'

ဝမ်တာက အလောင်းကိုကြည့်ပြီး မေးလိုက်သည်။

'သခင်ကြီးရဲ့မိတ်ဆွေ ချန်းလီရဲ့ စကားအရဆိုရင်တော့ ညက ကိုယ့်ကိုကိုယ် အဆိပ်သောက်ပြီး သတ်လိုက်တာပဲဗျ'

ဝမ်တာဆိုသော လူရည်သန့်က ချန်းလီကိုအကဲခတ်၍ကြည့်နေသည်။

ကူးချင်နှင့် လီဝါတို့မှာ ချန်းလီကို စိုးရိမ်စွာလှမ်းကြည့်နေကြသည်။

သူတို့၏စိတ်ထဲတွင် ချန်းလီ တစ်စုံတစ်ရာ အပြစ်ကျရောက်မှာကို စိုးရိမ်နေကြရလေသည်။

'ခင်ဗျားသတ်လိုက်တာတော့ မဟုတ်ပါဘူးနော်'

ဝမ်တာက ချန်းလီကို စေ့စေ့စပ်စပ်ကြည့်ကာမေးလိုက်၏။

ထိုလူ၏အမေးကို ချန်းလီ လုံးဝမနှစ်မြို့ပေ။ ဒေါသ ထောင်းခနဲ ထွက်လာသည်။

'ဒီမှာမိတ်ဆွေ၊ ခင်ဗျားက ကျုပ်ကိုမယုံသင်္ကာ ဖြစ်နေရင် ကျုပ် မိတ်ဆွေနဲ့ ဆက်ပြီးစကားမပြောချင်တော့ဘူး၊ ခင်ဗျားတို့သခင်လာမှ ကျုပ်စကားပြောမယ်ဗျာ၊ ဒါပဲ'

ထို့နောက် ချန်းလီသည် ကူးချင်နှင့် လီဝါကိုခေါ်ယူပြီး ခြံထဲဆင်းနေရန်လှမ်းခေါ်လိုက်လျှင် ဝမ်တာဆိုသူက....

'ခင်ဗျား ဒီကနေ ဘယ်ကိုမှ မသွားပါနဲ့ဦး၊ သခင်ကြီး လာမှ အကျိုးအကြောင်းပြောပြပြီးမှသာ သွားချင်ရာသွားနိုင်မယ်'

'ဘာပြောတယ်ကွ၊ မင်းကငါ့ကို အမိန့်လာပေးနေတာလား'

ချန်းလီသည် ဒေါသအကြီးအကြယ်ထွက်လာ၍ ထိုလူ၏ အင်္ကျီစကိုကိုင်ပြီး အော်ပြောလိုက်သည်။

'ကျုပ်အင်္ကျီစကိုလွှတ်ပါ မိတ်ဆွေ'

'ဒီမှာ ခင်ဗျားပါးစပ် ပိတ်ထားနိုင်မင်ဆိုရင် ကျုပ် ခင်ဗျားအင်္ကျီစကို ခုချက်ချင်းလွှတ်ပေးလိုက်မယ်၊ ကျုပ်က ဧည့်သည်ပါ၊ ဒီပုံစံမျိုးဆက်ဆံတာကို ကျုပ်လုံးဝ လက်မခံနိုင်ဘူး၊ သည်းညည်း မခံနိုင်ဘူး'

'ဟား....ဟား....ဟား'

ထိုလူသည် ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။





'ဒီလိုလား'

ဟု ပြောကာ ချန်းလီ၏လက်ကို ရိုက်ချလိုက်သည်။ သို့သော် ချန်းလီ၏လက်က ပြုတ်ကျသွားခြင်း လုံးဝ မရှိပေ။ ထိုအခါ ချန်းလီက....

'မိတ်ဆွေ ကျုပ်ကို ဒီလိုစမ်းလို့ မရဘူးလေ'

ဝမ်တာသည် ထိတ်လန့်သွားသည်။ မျက်လုံးအစုံမှာလည်း ဝိုင်းစက်၍ ပြူးသွားလေသည်။ ထိုစဉ် ပိုင်ရန်သည် ချန်းလီကို စိုက်ကြည့်နေရာမှ လှမ်းပြောလိုက်သည်။

'မိတ်ဆွေ အင်္ကျီစကိုဆွဲမထားပါနဲ့၊ လွှတ်ပေးလိုက်ပါ'

'သူ့ပါးစပ်ကို ခင်ဗျားအမိန့်ပေးပြီး ပိတ်ထားနိုင်မယ် ဆိုရင် ကျုပ်အခုချက်ချင်း လွှတ်ပေးလိုက်ပါ့မယ်၊ ဒါက ကျုပ်ရဲ့ကောင်းဆိုချက်ဖြစ်ရပ်ပဲ ဘယ့်နှယ်လဲ အပေးအယူ လုပ်နိုင်သလား'

ဟု ချန်းလီက ပြန်ပြောလေသည်။

'မိတ်ဆွေက အကြပ်ကိုင်တဲ့သဘောလား'

ထိုအခါ ပိုင်ရန်သည် ဓားကိုဓားအိမ်အတွင်းမှ ချွင်းခနဲနေအောင် ဆွဲထုတ်လိုက်လေသည်။

'ဪ....ခင်ဗျားက ဧည့်သည်ကိုဓားနဲ့ဖြေရှင်းတော့မယ့်သဘောလား'

ချန်းလီ၏စကားအဆုံးတွင် ကူးချင်လည်း လှုပ်ရှားလာသည်။ ကူးချင်လည်း ဓားကို ဓားအိမ်အတွင်းမှဆွဲထုတ်သည်

နှင့် လီဝါမှာလည်း ခေါင်းအိမ်အတွင်းမှဆွဲထုတ်ပြီးသား ဖြစ်လေသည်။

အိမ်ရှင်နှင့် ညှော်သည်တို့၏ အခြေအနေမှာ တစ်ဖက်နှင့် တစ်ဖက် မထင်မှတ်ဘဲ တင်းမာပြင်းထန်စ ပြု၍လာလေ၏။

'ဟိတ်....ရပ်လိုက်ကြပါ'

ထိုစဉ်မှာမင်း အသံတစ်ခုက ရုတ်တရက် ဟိန်းခနဲ ထွက်ပေါ်လာသည်။

အသံနှင့်အတူ လူတစ်ယောက် အိမ်ထဲသို့ ခပ်သုတ်သုတ် ဝင်လာသည်။ ထိုလူမှာ အိမ်ပိုင်ရှင် ပိုင်ဖုန်းသာလျှင် ဖြစ်သည်။

ပိုင်ဖုန်းသည်အခြေအတင်ဖြစ်နေသောအနားသို့လျှောက်လာပြီး အကျိုးအကြောင်း မေးမြန်းလေသည်။

'ဘယ်လိုဖြစ်ကြတာလဲ ငါ့ကိုလဲ အကျိုးအကြောင်းပြောကြပါဦးကွာ'

ထိုအခါ ချန်းလီသည် ဝမ်တ၏အင်္ကျီစကို လွှတ်ပေးလိုက်ပြီးနောက် အကြောင်းစုံကို ရှင်းပြလိုက်သည်။

ပိုင်ဖုန်းမှာ အကြောင်းစုံကိုသိရသောအခါ ချန်းလီတို့ကို များစွာ အားနာသွားလေသည်။

ထို့နောက် ချန်းလီကို တောင်းပန်လေသည်။ ပြီးသောအခါ သူ၏ ဘယ်လက်ရုံး၊ ညာလက်ရုံး နှစ်ဆူကိုလည်း ဒေါသဖြစ်ဖြစ်ဖြင့် ဟိန်းဟောက်ကာ မောင်းထုတ်လိုက်၏။





'မင်းတို့ကွာ ကိုယ့်အိမ်လာလည်တဲ့ ညှော်သည်ကို ဒီလိုပဲ ဆက်ဆံရသလား၊ တကယ်လို့ သူတို့မှားသည်ပဲဖြစ်ဖြစ်၊ မှန်သည်ပဲဖြစ်စေ ငါ့ကိုစောင့်ဦးမှပေါ့ကွာ၊ ခုတော့ ကိုယ့်ညှော်သည်တွေကို စော်ကားသလိုဖြစ်နေပြီ၊ အေး ဒီတစ်ခါတော့ ရှိပါစေတော့ နောက်တစ်ခါဆိုရင်တော့ မင်းတို့နဲ့ငါနဲ့တွေ့မယ်၊ ကဲ....သွားကြတော့ကွာ၊ သွားကြတော့....တောက်'

ထိုနောက်တွင်ကား ပိုင်ဖုန်းသည် အလောင်းကိစ္စကို ဆောင်ရွက်ရန်အတွက် တပည့်လက်သားများကို ဆင့်ခေါ်ကာ တာဝန်အသီးသီးပေး၍ ချန်းလီတို့အဖွဲ့ကို ညှော်ခန်းသို့ ခေါ်ဆောင်လာခဲ့သည်။

လေးယောက်သား ညှော်ခန်းသို့ ရောက်လာကြသည်။ ကုလားထိုင်အသီးသီးပေါ်တွင် ထိုင်မိကြသောအခါ ပိုင်ဖုန်းက စတင်စကားဆိုလေသည်။

'ကျုပ် ညီလေးကို အားနာတယ်ဗျာ'

'ကိစ္စမရှိပါဘူးဗျာ၊ ကျွန်တော်အံ့သြနေတာက တခြားမဟုတ်ပါဘူး၊ ကိုယ့်ကိုယ်ကို သတ်သေတဲ့ကိစ္စနဲ့ပတ်သက်ပြီး အဲ....နောက်တစ်ခုက လျှာပြတ်နေတဲ့ကိစ္စ'

ချန်းလီက စကားစပြတ်သွားသည်။

ဆက်ပြောသင့်မပြောသင့်နှင့် ပိုင်ဖုန်းကြိုက်မကြိုက်ကို ကြိုတင်မှန်းဆ မရသောကြောင့်ဖြစ်လေသည်။

ပိုင်ဖုန်းသည် ဟင်းခနဲနေအောင် သက်ပြင်းချလိုက်သည်။ ပြီးနောက် စကားကို လေးလေးကြီး ပြောလိုက်သည်။

'ညီလေးကို အစ်ကို တစ်ခုမှာထားချင်တယ်၊ အဲဒါက ဘာလဲဆိုတော့ အစ်ကို့ရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စတွေကို မမေးမြန်းပါနဲ့လို့ ကြိုတင်ပြီး ပြောထားချင်လို့ပါ၊ အထူးသဖြင့် အစ်ကို့အိမ်တွင်းရေးကိစ္စတွေ အကုန်လုံးပေါ့'

'ဟုတ်ကဲ့....အစ်ကိုပိုင်ဖုန်း၊ ကျွန်တော် သဘောပေါက်ပါတယ်ခင်ဗျာ'

'အစ်ကို့ကို ဘယ်လိုမှ မထင်ပါနဲ့နော်၊ အစ်ကို့ကိုစိတ်ဆိုးသွားသလား ညီလေးချန်းလီ'

'စိတ်မဆိုးပါဘူးခင်ဗျာ'

ကူးချင်နှင့် လီဝါတို့ကမူ ပိုင်ဖုန်း၏စကားကိုနားထောင်နေကြသည်။ သူတို့၏စိတ်ထဲတွင်မူ ပိုင်ဖုန်းကို နားမလည်နိုင်အောင် ဖြစ်နေမိ၏။

ထို့အတူ ချန်းလီကိုယ်တိုင်ကလည်း ပိုင်ဖုန်းကိုသံသယများစွာ ဝင်နေမိ၏။

ထိုနေ့ နေ့လယ်ပိုင်းအချိန်သို့ ရောက်သော် ပိုင်ဖုန်းသည် ချန်းလီအား စိတ်ချလက်ချနေရန် မှာကြားပြီး ကိစ္စတစ်ခုရှိသည်ဟုဆိုကာ ထွက်သွားပြန်သည်။

ချန်းလီ၊ ကူးချင် လီဝါတို့မှာ စကားလက်ဆုံကျနေကြ၏။ အချိန်မှာညနေစောင်းချိန်ဖြစ်သည်။ ထိုစဉ် ကူးချင်က-





'ကျွန်မတို့ဒီမှာဆက်နေလို့ဖြစ်ပါ့မလား၊အစ်ကိုချန်းလီ'

'ဘာဖြစ်လို့လဲ ကူးချင်'

'ဒီအိမ်ကြီးက သိပ်လျှို့ဝှက်တယ်၊ အန္တရာယ်စက်ကွင်းထဲများ ကျရောက်နေမလားလို့ပါ'

လီဝါကလည်း....

'ဟုတ်တယ် အစ်ကို၊ ကျွန်မတို့ ပိုင်ဖုန်းလာရင် အကျိုးအကြောင်းပြောပြီး တည်းခိုခန်းတစ်ခုခုမှာ သွားတည်းခိုနေကြရင် ကောင်းလိမ့်မယ်ထင်တယ်'

ချန်းလီသည် ခဏစဉ်းစားလိုက်သည်။

ပြီးမှ စကားဆိုလေသည်။

'သိပ်လဲ စိုးရိမ်မနေကြပါနဲ့'

'မဟုတ်ဘူးအစ်ကို၊ အန္တရာယ်ဆိုတာ ကြိုတင်ကာကွယ်မှ' လီဝါက ဆိုသည်။

'ညီမသိပ်ကြောက်နေရင်တော့ အစ်ကို တစ်ခုခုဆောင်ရွက်ပေးပါ့မယ်'

'ဘယ်လိုဆောင်ရွက်ပေးမှာလဲအစ်ကို'

လီဝါက မေးလိုက်သည်။

'မင်းတို့နှစ်ယောက်ကို တည်းခိုခန်းတစ်ခုခုမှာ နေနိုင်ဖို့ အစ်ကိုစီစဉ်ပေးမယ်၊ ငါကတော့ ပိုင်ဖုန်းဂေဟာမှာ ဆက်နေပြီး ဟိုကိစ္စကို ထပ်စုံစမ်းရရင် ကောင်းမယ်ထင်တယ် ဘယ်လိုသဘောရလဲ'

'ဟာ....မဖြစ်နိုင်ဘူးထင်တယ်'

'အန္တရာယ်များပါတယ်၊ ကျွန်မတို့နဲ့ပဲ အတူလိုက်နေပါ'

'မဟုတ်သေးဘူး ကူးချင်၊ နဂါးပတ် အဆိပ်အပ်ရှင်ကို ကျွန်တော် ဆက်ပြီးစုံစမ်းချင်သေးတယ်၊ ပိုင်ဖုန်းဂေဟာမှာ ကျွန်တော့်အတွက် သဲလွန်စရနိုင်တဲ့ အိမ်ပဲဗျ'

ချန်းလီစကားအဆုံးတွင် ဧည့်ခန်းသို့ လူတစ်ယောက် ဝင်လာသည်။ အမျိုးသမီးတစ်ဦးဖြစ်သည်။ ဝတ်စုံစိမ်းကိုလည်း ဝတ်ဆင်ထားသည်။ အဖျော်ယမကာများ လာပို့ခြင်းဖြစ်သည်။ သူမသည် အဖျော်ယမကာများကိုပို့ပြီး ပြန်ထွက်ရန် ပြင်ဆင်လိုက်စဉ်မှာပင် ကူးချင်က. ..

'ဟော့....ခဏလောက်နေပါဦး'

ထိုအမျိုးသမီးသည် ကူးချင်ကို သမင်လည်ပြန် ကြည့်လိုက်ပြီးနောက် တစ်ကိုယ်လုံး ပြန်လှည့်ကာ ကူးချင်နှင့် မျက်နှာချင်း ဆိုင်လိုက်သည်။

'ဒီမှာ မင်းရဲ့နာမည် ဘယ်လိုခေါ်သလဲ'

ထိုအခါ သူမက ကူးချင်အား လက်ခါပြလိုက်သည်။

'ရှင် စကားမပြောတတ်ဘူးလား'

သူမက ခေါင်းညိတ်ပြလေသည်။

'ဟင်....'

ကူးချင်မှာ အံ့အားသင့်သွားသလို ထိတ်လန့်ခြင်းလည်း ဖြစ်၍သွားသည်။ ထိုစဉ်မှာပင် လီဝါက ထိုအမျိုးသမီးအား





ပါးစပ်ခဏလောက် ဟပြစမ်းပါဟု ပြောလိုက်ရာ ဝတ်စုံစိမ်းဝတ်ထားသော အမျိုးသမီးသည် ပါးစပ်ကို ဟပြလိုက်၏။

ထိုအမျိုးသမီး၏လျှာမှာ ပြတ်နေသည်ကို တွေ့လိုက်ရ၏။ ထိုအခါမှ လီဝါမှာ ထိတ်လန့်ကြောက်ရွံ့သွားလေသည်။

ချန်းလီကမူ....

'အင်း....ဒါဟာ အင်မတန်ထူးဆန်းတဲ့ လျှို့ဝှက်ချက်တစ်ခုပဲ'ဟု တွေးမိနေပေသည်။

'ခင်ဗျားတို့ ဝတ်စုံစိမ်း ဝတ်ထားတဲ့ အမျိုးသမီးတွေအားလုံးဟာ လျှာပြတ်နေကြတာပဲလား'

ချန်းလီမှာ ထိုအကြောင်းအရာကို ခေါင်းတဆတ်ဆတ်ညိတ်ကာ စဉ်းစားနေသည်။ အတော်ကလေးကြာသောအခါမှ ဝတ်စုံစိမ်းနှင့် မိန်းကလေးအား သွားနိုင်ပြီဟု ပြောလိုက်သည်။

'အင်း....ဒါဟာ အင်မတန် ထူးခြားတဲ့ ကိစ္စတစ်ရပ်ပဲ ကူးချင်'

ဝတ်စုံစိမ်းနှင့် မိန်းကလေး ထွက်သွားသော အခါမှ ချန်းလီသည် လီးချင်အား ပြောပြလိုက်ခြင်းဖြစ်သည်။

'ဟုတ်တယ်၊ ဒါဟာလျှို့ဝှက်ချက်တစ်ခုပဲ'

ကူးချင်ကလည်း ချန်းလီထင်မြင်ချက်အတိုင်း ပြန်ပြောလိုက်သည်။

လီဝါမှာမူ အလွန်ထိတ်လန့်နေပုံရသည်။

တက်လမ်း စာပေ

'ကျွန်မတို့ ဒီအိမ်က အမြန်ဆုံး ထွက်ခွာသွားမှ ဖြစ်လိမ့်မယ်အစ်ကို'

လီဝါက ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ပြောလိုက်သည်။

'အင်း....ငါတစ်ခု စဉ်းစားမိတယ်၊ တို့အားလုံး ဒီမှာဆက်နေပြီး အခြေအနေကိုစုံစမ်းကြည့်ရအောင် ဒါမှ တို့သိချင်တဲ့ကိစ္စ'

ချန်းလီ စကားပြတ်သွားသည်။

ဗိုင်ရန်သည် သူ၏အဖော် သိုင်းသမားတစ်ယောက်နှင့် ဧည့်ခန်းသို့ ရောက်လာသောကြောင့်ဖြစ်သည်။

'ခင်ဗျားတို့ ပျင်းနေကြပြီထင်တယ်'

ဗိုင်ရန်က ပြောလိုက်ခြင်းဖြစ်သည်။

ထို့နောက် သူသည် ကုလားထိုင်တစ်လုံးကိုဆွဲယူကာ ထိုင်လိုက်ပြီးနောက် သူ၏ အဖော်ကိုလည်း ထိုင်ခွင့်ပြုလိုက်သည်။

'အင်း....ပျင်းတယ်လို့တော့ မဟုတ်ပါဘူး'

'ဗျာ၊ ခြော်....ဒါနဲ့ ကိစ္စအထူးရှိလို့လား မိတ်ဆွေ'

ချန်းလီက ပြန်မေးလိုက်သည်။

'ကိစ္စကတော့ အထွေအထူးရှိတယ်လို့ မဟုတ်ပါဘူးဗျာ၊ ဒီည သခင်ကြီးပြန်မရောက်လာနိုင်တဲ့အကြောင်း မိတ်ဆွေတို့ကို လာအကြောင်းကြားတာပါ'

'သူက ဘယ်ကိုသွားလို့လဲ၊ ဒီည ပိုင်ဖုန်းဂေဟာမှာ သူလာပြီး မအိပ်နိုင်ဘူးလား'





'သူစီးပွားရေးကိစ္စ တစ်ခုနဲ့ ကုရန်မြို့ကို သွားမယ်လို့ ကျုပ်ကိုမှာသွားတယ်၊ အဲဒါ မိတ်ဆွေတို့ပျင်းနေရင် အပြင်ထွက်ပြီးလည်နိုင်တဲ့အကြောင်း ကျုပ်ကိုမှာသွားလို့ တစ်ဆင့်လာပြောတာပါ'

'ဟုတ်ကဲ့....ကျေးဇူးအထူးတင်ပါတယ်ဗျာ'

ချန်းလီသည် ကျေးဇူးတင်ကြောင်း ပြောသာပြောလိုက်သည်၊ ခေါင်းထဲသို့ဝင်လာသော အတွေးများကို တစ်ခုနှင့်တစ်ခု ဆက်စပ်ပြီး တွေးနေမိလေသည်။

ဤကိစ္စမှာလည်း ထူးခြားသော ကိစ္စပင်ဖြစ်ပေမည်ဟု ချန်းလီ အတွေးပေါက်လိုက်မိသည်။

'ကျုပ်ကိုခွင့်ပြုပါဦး'

'ဟုတ်ကဲ့....ခင်ဗျာ၊ ဟုတ်ကဲ့'

ဗိုင်ရန်သည် ချန်းလီအားနှုတ်ဆက်ကာ ဧည့်ခန်းမှထွက်ခွာသွားလေတော့သည်။

ထိုနေ့ညနေစာ စားကြပြီးနောက် ချန်းလီသည် ကူးချင်နှင့် လီဝါအား ခေါ်ဆောင်ကာ ပိုင်ဖုန်းဂေဟာမှထွက်လာခဲ့သည်။

အကြောင်းပြချက်မှာ ထင်ဟိုင်မြို့ပေါ် တက်လည်ရန်ပင်ဖြစ်သည်။

....❁....

## အခန်း (၂၆)

ပိုင်ဖုန်းဂေဟာမှ ကူးချင်၊ ချန်းလီနှင့် လီဝါတို့သုံးဦး ထွက်လာချိန်မှ ညနေစောင်းဖြစ်၍ နေလုံးမှာ ပျောက်လုဆဲဆဲဖြစ်သည်။

ထိုအချိန်ကား ညနေဆည်းဆာ အရုပ်ဆိုးများလှချိန်ဖြစ်သည်။ အသူရိန်နေမင်း၏ အရောင်မှာလည်း ပုစွန်ဆီရောင် သမ်းကာနေပေပြီ။

အိမ်မှထွက်လာကာ တစ်ဦးနှင့်တစ်ဦး စကားမဆိုမိသေး ပတ်ဝန်းကျင်၏ ရှုခင်းများကား သာယာလှသည် မဟုတ်ပါလား။

တဒင်္ဂအလှအပများထဲတွင် သူတို့သုံးဦး လွင့်မျောနေကြသည်။ လေပြည်လေညင်းကလေးများ ဝေ့ဝေ့ ဏလေးတိုက်ခတ်နေသည်။

အိပ်တန်းတက် ငှက်ကလေးများ၊

မှိုင်းညိုစပြုလာသော ကောင်းကင်ပြာ၊ မိုးကုတ်စက်ဝိုင်းအောက်စွန်းဆီမှ ဖျော့ဖျော့အနီ၊ သဘာဝပန်းချီကားချပ်များ၏ အလှကား ရှုမဆုံးတော့ချေ။

ချန်းလီသည် ပတ်ဝန်းကျင်အလှကို ငေးမောနေမိရာမှ သူဘေးမှ လီဝါနှင့်ကူးချင်တို့နှစ်ဦးကို ငဲ့စောင်းကြည့်လိုက်မိသည်။



သူတို့လဲ ငါ့လိုပါပဲလား'

ချန်းလီ၏စိတ်ထဲတွင် လန်းဆန်းနေသည်နှင့်အတူ လီဝါကို ကျီစယ်လိုစိတ်ပေါ်လာသည်။

'ဟော့....ညီမလေးလီဝါ၊ မင်းက အခုလို အချိန်မှာတော့ တော်တော်လှနေသားပဲ'

'ဘာလဲ၊ အစ်ကိုက ညီမကိုအရုပ်ဆိုးလေးလို့ ဆိုလိုတာပေါ့လေ....ဟုတ်လား'

လီဝါကလည်း အညံ့မခံပေ။ ဘာကိုရည်ရွယ်ပြီး ပြောသည်ကို သိသည်။

'မဟုတ်ပါဘူးကွာ ငါ့ညီမကလှကိုလှတယ်ဆိုတော့ကျန်တဲ့အချိန်ကျရင်ညီမကမလှဘူးလို့ ပြောတာပဲမဟုတ်လား၊ ဟုတ်ပါတယ်လေ ညီမက လှမှမလှဘဲကိုး၊ ညီမထက် လှတာကို အစ်ကိုက တွေ့နေတာကိုး'

လီဝါ၏မျက်နှာမှာ ထိုသို့ပြောပြီးသုန်မှုန်နေသည်။ သူမ၏ မျက်လုံးအိမ်မှာ မျက်ရည်စများဖြင့် ရီဝေနေသည်။ သူမမှာ တကယ်ဝမ်းနည်းသွားကာ ငိုတော့မည့် အသွင် ဖြစ်၍ လာသည်။

လီဝါ၏ မျက်လုံးအစုံမှာ ချန်းလီကိုတစ်လှည့် ကူးချင်ကို တစ်လှည့် မယုံသင်္ကာအကြည့်ဖြင့် စူးစမ်းကာ ကြည့်နေသည်။

ထိုအခါကျမှသာလျှင် ချန်းလီသည်မိမိ၏စကားမှားသွားပြီဟု သိလေသည်။

ချန်းလီမှာ ကြည်နူးမှုကလေးများကို ဖျက်ဆီးမိသည်။ ကူးချင်မှာလည်း မျက်နှာမကောင်းနေပါ။

'ငါ့ညီမကလဲကွာ၊ တို့အစ်ကိုက ငါ့ညီမလေးကို စ,တာပဲ ကလေးက ဘာလို့စိတ်ကောက်ရတာလဲ'

ကူးချင်မှာ လီဝါစိတ်ပြေရန်အတွက် ဝင်၍ပြောလိုက်သည်။ ကူးချင်ထိုသို့ပြောလိုက်မှပင် ပို၍တင်းမာသွားတော့သည်။

'ဘာ....မမကူးချင်က ညီမကိုကလေးလို့ ပြောရအောင် ကျွန်မက မမနဲ့အသက်ဘယ်လောက်များ ကွာလို့လဲ၊ အင်း ပေါ့လေ နုတော့ညီမက....'

ထို့နောက် ချန်းလီက လီဝါ့စကားမဆုံးမီ ဖြတ်၍ပြောလိုက်ရသည်။

'ကဲပါ....ညီမလေးလီဝါရယ်၊ အစ်ကိုက အားလုံးပျော်အောင် စနောက်နေတာပါကွာ၊ ညီမလေး မကြိုက်ရင် နောက် မပြောတော့ဘူး၊ တို့သိပ်မမှောင်ခင် မြို့ထဲရောက်မှ ဖြစ်မယ်၊ သွက်သွက်လေးသွားကြရအောင်၊ ကဲ...ညီမလေး ကျေနပ်အောင် ဘာလုပ်ပေးရမလဲ ညီမလေး၊ အစ်ကို့ကို သံယောဇဉ်ကြီးလို့ ဒီတောင် လိုက်လာခဲ့တာပဲ၊ အစ်ကို့ အကြောင်းလဲ သိသားနဲ့ မကျေနပ်သေးရင် အစ်ကို့ ကိုရိုက်'

စကားလည်းပြောရင်း လီဝါလက်ကလေးကို ဆွဲယူလိုက်ပြီး လီဝါ၏မျက်နှာကို စူးစူးရဲရဲ ကြည့်လိုက်သည်။





'သွားပါ...အခုမှ လာချော့မနေနဲ့၊ အစ်ကိုက သိပ်ဆိုးတာပဲ'

လင်းပပ်ဖမ်းနေသော မျက်နှာလေး ကြည်လင်သွားပြီး ချန်းလီကို ပြန်ကြည့်သောအကြည့် ချန်းလီ၏အကြည့်။

မျက်လုံးချင်းပြောနေသောစကားမှာ သူတို့နှစ်ဦး နားလည်ပြီးသားဖြစ်သည်။ ဘေးမှငေးကြည့်နေမိသော ကူးချင်မှာ သက်ပြင်းကလေး အသာချမိလိုက်တော့သည်။

'မမကူးချင်ညီမလေးတောင်းပန်ပါတယ်နော်၊ ညီမလေး ကြောင့် စိတ်အနှောင့်အယှက် ဖြစ်သွားလားဟင်'

'ကိစ္စမရှိပါဘူး၊ ညီမလေးရယ် မမနားလည်ပါတယ်၊ ကဲကဲ မမှောင်ခင်မြို့ထဲရောက်အောင်သွားကြစို့'

ပိုင်ဖုန်းဂေဟာနှင့် ဆင်ဟိုင်မြို့လယ်မှာ ကော်တော်လှမ်းသည်။ နှစ်နာရီခရီးလောက် လျှောက်ရမည်။ မြို့ဝင်လမ်းမနှင့် ပိုင်ဖုန်းဂေဟာကြားမှာ မည်သည့်အဆောက်အဦမျှ မရှိချေ။

အုပ်အုပ်ဆိုင်းဆိုင်း သစ်ပင်များသာ လမ်းဘေးတစ်ဖက်တစ်ချက်တွင် တွေ့ရသည်။

တောအုပ်၏ ဟိုးအနောက်ဘက်ဆီမှသာ ရွာတန်းလေး ပျပျကို လှမ်းမြင်ရလေသည်။

စောစောက မြင်ခဲ့ရသော အခုတုံးကလေး ပြေစေရန် ချန်းလီစကားကို အမြင်မပြတ် ပြောလာသည်။

ကူးချင်ကိုပြောလိုက်၊ လီဝါကိုပြောလိုက်နှင့် လမ်းသွားလမ်းလာများ ရှင်းနေသည်မို့ သူတို့၏ ရယ်သံများ၊ စကားသံများသာ ဖုံးလွှမ်းလျက်ရှိသည်။

ကောင်းကင်ပြာပြာမှာလည်း အပြာရင့်ရင့်မှ အနက်ရောင်ဘက်ဆီ ကူးနေပြီ။

အနားပတ် အနီရောင်ခြည်များမှာလည်း ပျောက်ကွယ်စပြုနေပြီ။

'ညဘက်ရောက်တော့မှာပါလား'

'ဟော့....ရပ်လိုက်ကြစမ်း'

အသံနက်ကြီးဖြင့် အော်ဟစ်လိုက်သံနှင့်အတူ လူရိပ်များ သစ်ပင်၏ နောက်ကွယ်ဆီမှ ရုတ်တရက် ပေါ်လာသည်။

ချန်းလီတို့ တုံ့ခနဲရပ်လိုက်ကြသည်။

'ဟော့....မင်းတို့ဘယ်ကလဲ၊ မင်းတို့ကို ထင်ဟိုင်မှာ တစ်ခါမှ မတွေ့ဖူးဘူး'

မေးခွန်းများ ဆက်တိုက်ထုတ်ရင်း သူတို့ရှေ့ဆီမှ ပိတ်ရင်း ရပ်နေကြသည့် လူလေးယောက်။

မိုက်တီမိုက်ကန်းအသွင်ကို ဆောင်နေသော်လည်း ဒေသလုံခြုံရေး အမှုထမ်းများ ဖြစ်ဟန်တူသည်။

သူတို့၏ဝတ်စုံများမှာ တစ်သွေးတည်း တစ်ရောင်တည်းပင် အားလုံးမှာ ဝတ်စုံပြာတွေချည်းပင်ဖြစ်သည်။



'ကျွန်တော်တို့ ထင်ဟိုင်ကို အလည်လာတဲ့ ဧည့်သည်တွေပါ၊ ပိုင်ဖုန်းဂေဟာမှာတည်းပါတယ်၊ အခုမြို့ထဲကိုလျှောက်လည်မလို့ ထွက်လာကြတာပါ'

'ဟာ....အဓိပ္ပာယ်မရှိလိုက်တာကွာ မြို့ထဲကိုလည်ဖို့ထွက်လာတာ ညဘက်မှထွက်လာရသလားကွ'

ချန်းလီမှာလေးလေးစားစားပြန်ဖြေသော်လည်းတစ်ဖက်လူက လေသံမာမာဖြင့် မသိုသက်သာ အသွင်မျိုးဖြစ်နေသည်။

'ဟုတ်ပါတယ်ရှင်၊ ကျွန်မတို့ ပိုင်ဖုန်းဂေဟာကနေ မြို့ထဲကို သွားမလို့ပါ၊ ဒေသအုပ်ချုပ်ရေးမှူး လျံမန်းသိပါတယ်၊ သူကိုယ်တိုင်ပဲ ကျွန်မတို့ကို ပိုင်ဖုန်းဂေဟာမှာတည်းခိုဖို့ လိုက်ပို့ပေးခဲ့တာပါ'

ကူးချင်က လေသံအေးအေးဖြင့် ဝင်ရှင်းပြလေသည်။

'ဟေ့ မင်းတို့က ဒီမှာမရှိတဲ့လူတွေကို သက်သေပြနေလို့ တို့က ယုံရမှာလားကွ၊ ပိုင်ဖုန်းဂေဟာ သခင်ကြီးလဲ ခရီးထွက်နေတယ်၊ ဒေသအုပ်ချုပ်ရေးမှူးကြီးလဲ မှုခင်းစုံစမ်းရေး ခရီးထွက်နေတယ်၊ ဘာပဲဖြစ်ဖြစ် မင်းတို့ကို ဖမ်းခေါ်သွားရမှာပဲ၊ နောက်မှ မင်းတို့ရှင်းကြကွာ'

ပြောပြောဆိုဆိုဖြင့် ခေါင်းဆောင်ဖြစ်ဟန်တူသူက လက်ဟန်ပြလိုက်သဖြင့် ဘေးမှရပ်နေသူသုံးယောက်က ချန်းလီတို့ သုံးဦးကို ဖမ်းဆီးချုပ်နှောင်ရန် ရှေ့ထွက်လာပြီး လက်များကို ဖမ်းဆွဲလိုက်ကြသည်။

မမိ၊ မည်သူ့လက်ကိုမှ မမိချေ။

ချန်းလီတို့အားလုံး နောက်ကို အသာလေး တိမ်းပေး လိုက်ကြပြီး ချန်းလီက....

'ကဲလေ ကောင်းပြီ၊ ခင်ဗျားတို့ပြောတဲ့အတိုင်း လိုက်ခဲ့ ပါ့မယ်၊ ဒါပေမယ့် ကျုပ်တို့ကို ဘာမှ တုပ်နှောင်စရာ မလို ဘူး၊ ဒီအတိုင်းလိုက်ခဲ့မယ်'

'ဘာကွ မင်းတို့စကားကို တို့က ယုံရမှာလား၊ ဘယ်က ကလေကချေတွေမှန်းမသိ၊ လမ်းမှာထွက်ပြေးတော့ ဘယ့် နှယ် လုပ်မလဲ'

ချန်းလီတို့ကို ဒေါသထွက်နေသော မျက်နှာထားဖြင့် ကြည့်ကာ ပြောရင်းမှ [illegible]လူတွေဘက်သို့လှည့်ကာ....

'ဟေ့ကောင်တွေ သုံး[illegible]ယောက်စလုံးကိုကြိုးတုပ်[illegible]းခေါ်ခဲ့၊ အဲ....အဲ....ကောင်မလေး[illegible]ကိုတော့ဖြည်းဖြည်းလုပ်ကြနော် ဟော်ကြာ လက်နုနုကလေးတွေ ပွန်းကုန်ပဲ့ကုန်ဦးမယ်၊ဟဲ-ဟဲ'

ခေါင်းဆောင်လုပ်သူ၏ မျက်နှာအမူအရာနှင့် စကားသံ မှာ ချန်းလီအတွက် တကယ့်ကို မခံချင်စရာ ဖြစ်နေသည်။

ထိုအခါ ချန်းလီမှာ စိတ်ကို ချုပ်တည်းထား၍ မရ တော့ချေ။

'ကဲ....မင်းတို့ ငါတို့ကို ကြိုးနဲ့တုပ်ခေါ်နိုင်ရင်တော့ ခေါ် ကြပေါ့ကွာ'

လီဝါနှင့် ကူးချင်တို့ကို နောက်ဘက်သို့ တွန်းပို့လျက်....





'ကဲ... ညီမတို့ နောက်ဆုတ်နေကြ'

ချန်းလီ ရင်ဆိုင်တိုက်ခိုက်ရန် အသင့်ပြင်ပြီးဖြစ်နေလေ၏။

'ဟား....ဟား....ဟား....မင်းက တို့ရဲ့အမိန့်ကို ဖီဆန်တယ် ပေါ့လေ၊ ငါ့အကြောင်း သိကြသေးတာပေါ့ကွာ'

ထိုသို့ပြောရင်း ကျောတွင် လွယ်ထားသော ဓားအိမ်မှ ဓားကို ဆွဲထုတ်လိုက်သည်။

'ရှပ်-ရှပ်-ရှပ်-ရှပ်'

ခေါင်းဆောင်လုပ်သူက ဓားကို ဆွဲထုတ်လိုက်သောအခါ တွင် သူ၏နောက်လိုက်များကလည်း ဓားကို ကိုယ်စီဆွဲထုတ် လိုက်ကြသည်။

'ဟား....ဟား....ဟား၊ ခင်ဗျားတို့က ကျုပ်ကို အသေ ဖမ်းကြတော့မလို့လား'

ချန်းလီက မထိတထိဖြင့် လှောင်ပြောင်ရင်း ညာခြေကို နောက်သို့တစ်လှမ်းဆုတ်ကာ လျှပ်စီးအရိပ်တစ်ဆယ့်ရှစ်ကွက် သိုင်း အစကွက်ကို ပြင်ဆင်လိုက်သည်။

'အေး....ဟုတ်တယ်၊ မင်းသေတော့မှ ဟိုကောင်မလေး နှစ်ယောက်ကို တစ်ခါတည်း အပိုင်ခေါ်ထားလိုက်ရမယ်ကွ၊ ဟေး....ဟေး....ဟေး'

ခေါင်းဆောင် လုပ်သူ၏စကား အဆုံးတွင် ညာဘက်မှ တစ်ယောက်က....

'ဆရာယှင် စကားပြောနေတာ ကြာပါတယ်၊ ဒီကောင်တ လူ့ပြည်မှာနေရတာ ငြီးငွေ့နေပြီနဲ့တူပါတယ်၊ ကျွန်တော်တို့ သူ့ကို အေးဆေးငြိမ်သက်တဲ့နေရာမှာ အနားယူရအောင်လို့ ပို့ပေးလိုက်ကြတာပေါ့ဗျာ'

'အေးအေး၊ မြေကြီးထဲမှာဆိုတော့ အေးအေးဆေးဆေး အနားယူရအောင်ပေါ့ ဟုတ်သားပဲကွာ'

'ဟား....ဟား....ဟား....ဟား'

ထိုအခါ သူတို့အဖွဲ့သားအားလုံးကဝိုင်းရယ်မောလိုက်၏။

'ကဲ—ဟေ့ကောင် မင်းကို နောက်ဆုံး အခွင့်အရေးပေးမယ်၊ ကောင်းကောင်းမွန်မွန် အဖမ်းခံမလား မခံဘူးလား ပြောပါ'

ချန်းလီကမူ ဘာမျှပြန်၍မပြောချေ။ တစ်ဘက်လူ လေးယောက်၏ လှုပ်ရှားမှုကိုသာ စူးစိုက်ကြည့်နေသည်။

ရန်သူနှင့် ရင်ဆိုင်သည့်အခါ စိတ်လှုပ်ရှားနေလျှင် ကိုယ့်ဘက်က အရှုံးပင်။ တည်တည်ငြိမ်ငြိမ်နှင့် ရင်ဆိုင်နိုင်မှ စိတ်တည်ငြိမ်မှု အတွင်းအား စုစည်းနိုင်မည်မဟုတ်လား။ ဝတ်စုံပြာ လေးဦး ဘာမှမပြောတော့ချေ။ တစ်ဦးနှင့်တစ်ဦး မျက်စပစ်ပြကာ နှစ်ယောက် ရှေ့သို့ ထွက်လာသည်။

'ယား....ယိ'

မာန်သွင်းကာ တစ်ဘက်တစ်ချက်မှ ခုန်၍ အပေါ်မှမိုး၍ ဓားဖြင့် ချန်းလီကို ခုတ်ပိုင်းလိုက်ကြလေသည်။





ချန်းလီမှာ ဗယ်ခြေနှင့် ညာခြေကို ဆုတ်တက်ပြောင်း၍ ကိုယ်ကို နောက်သို့ ခပ်ယို့ယို့လေး တိမ်းလိုက်သည်။

'ချွင်....'

ဓားချင်းထိခတ်သံ ပေါ်လာသည်။ ချန်းလီရှေ့မှ ပွတ်ကာ သီကာ ဘေးနှစ်ဘက်မှ ညှပ်ခုတ်သော ဓားချင်းသာ ထိသွားသည်။

ချန်းလီသိလိုက်ပြီ။ တစ်ဘက်ရန်သူများ၏ သိုင်းပညာမှာ အခြေခံသာသာလေးမျှသာ မြင့်သည်။ ချန်းလီ ပြန်မတိုက်သေးပေ။ နောက်သို့ယိုင်၍ ယိမ်းထားသည့် အရှိန်ဖြင့်ပင် နောက်ပြန် ကျွမ်းပစ်လိုက်သည်။ နောက် နှစ်လှမ်းအကွာလောက်တွင် ခြေစုံရပ်လျက် မခိုးမခန့် လှောင်ပြုံးဖြင့် ဝတ်စုံပြာများကို ကြည့်လိုက်သည်။

'ဟေ့ သတိထားကြကွ၊ ညာမနေနဲ့၊ ဒီကောင့်ပညာက မခေဘူးကွ'

ခေါင်းဆောင်လုပ်သူက ပြောပြောဆိုဆိုပင် ရှေ့သို့ထွက်လာသည်။ တပည့်များကလည်း ခေါင်းဆောင်လုပ်သူ၏ အရိပ်အကဲကို သိပြီးသားဖြစ်သည်။ ချန်းလီကို လေးဘက်ဝိုင်း၍ထားလိုက်ကြရင်းဖြင့် ချန်းလီ၏လှုပ်ရှားမှုကို အကဲခတ်နေကြသည်။ ထို့နောက်တွင်....

'ဟိတ်....ယိ....ယိ....ယား'

'ဝှီ....ဝှီ'

အောင်တစ်မာန်သွင်းသံများနှင့်အတူ အလင်းတန်းလေးခု လက်ခနဲဖြစ်သွားသည်။ စောစောကလို ဓားချင်းဆုံ မခုတ်တော့ချေ။ တစောင်း နေရာယူထားကြပြီးနောက် တစ်ပြိုင်တည်း လှုပ်ရှားလိုက်ကြခြင်းပင်။ မရပါ။ ချန်းလီကို ဒီပညာလောက်နှင့် ယှဉ်၍ မရနိုင်ပေ။

ချန်းလီ ဗယ်ဒူးကိုအသာကွေးကာ လက်ကို အပေါ်သို့ မြှောက်၍ ညာခြေဖြင့် မြေကြီးကို ကန်လျက် အပေါ် တည့်တည့်ဆီသို့ခုန်ထွက်လိုက်သည်။ ရိပ်ခနဲမြန်လိုက်သည့်ဖြစ်ချင်း။

ဝတ်စုံပြာများ၏ ဓားများပင် ခုတ်ချက်မကျသေးချေ။ လက်က မြှောက်ရှိသာ ရှိသေးသည်။ သူတို့၏ ဓားခုတ်ချက်အောက် တိုးအခုတ် အပေါ်သို့ ခုန်တက်သွားသော ချန်းလီ ပြန်ကျလာသည်။ အပေါ်သို့ခုန်တက်သွားစဉ်က အနေအထားမျိုး မဟုတ်တော့။ ခြေနှစ်ဘက်နှင့် လက်နှစ်ဘက်က တောင်မြှောက်တန်းလျက်။

'ဒုတ်....ဒုတ်'

'အား....အင့်....အင့်'

'ဗိုင်း....ဗိုင်း'

ဝတ်စုံပြာနှစ်ယောက် မြေပေါ်သို့ ပစ်ကျသွားသည်။ ဝတ်စုံပြာနှစ်ယောက်၏ ပခုံးစွန်းဆီသို့ ချန်းလီ၏ ဗယ်ခြေနှင့် ညာခြေက ထိထိမိမိကန်မိသွားသည်။ မြေကြီးနှင့်ခြေထောက် ပြန်မထိမီမှာပင် ချန်းလီ၏ခြေအစုံက ပြန်စုစည်းပြီးသား။





ဝတ်စုံပြာတစ်ယောက် ရုတ်တရက် ငေးကြောင်နေရာမှ သတိဝင်လာသလိုဖြင့် ဓားဖြင့်ပြေး၍ထိုးသည်။ စောစောကလို မဟုတ်တော့ချေ။

ထိုအခါ ချန်းလီမှာ ရုတ်တရက် ရှေ့သို့ ခုန်ကျော်ထွက်လိုက်သည်။

ဝတ်စုံပြာငါးဦးမှာ သူ့အရှိန်နှင့်သူ အရှေ့ကို ဟပ်ထိုးလဲမလိုဖြစ်သွားကြသည်။

ထိုနောက် ဝတ်စုံပြာနှစ်ဦးမှာ ကိုယ်ကို အရှိန်သတ်၍ ချန်းလီဘက် မျက်နှာချင်းဆိုင်လိုက်သည်။

'ခွပ်ခွပ်....ခွပ်ခွပ်'

ခပ်လှမ်းလှမ်းဆီမှ မြင်းကိုဒုန်းစိုင်းစီးလာသော အသံကို ကြားလိုက်ရသည်။ အသံက မြင်းတစ်စီးထဲ လာနေသော အသံပင်၊ သူတို့ တိုက်ပွဲဆီမှ အာရုံက မြင်းခွာသံဆီသို့ ရောက်သွားသည်။

မြင်းတစ်စီးမှာ ဘွားကနဲ 'သူတို့၏ရှေ့သို့ ရောက်လာပြီး ဟစ်မေးသံ တစ်ဆက်တည်း ပေါ်လာသည်။

'ဟေ့....ဘာဖြစ်နေကြတာလဲကွ'

လျှံမန်း၊ လျှံမန်းပါ၊ အုပ်ချုပ်ရေးမှူးလျှံမန်း။

'ဆရာ ကျွန်တော်တို့ သူတို့ကို မသင်္ကာလို့ စစ်ဆေးမလို့ ခေါ်တာ ဒီကောင်က ကောင်းကောင်းမွန်မွန် မလိုက်လို့ ဆုံးမနေတာပါ ဆရာကြီး'

ဝတ်စုံပြာခေါင်းဆောင်မှာ အားတက်သရော တိုင်ကြားလိုက်လေသည်။

သူပြောပုံဆိုပုံကတာဝန်သိသိဖြင့် ဆောင်ရွက်နေကြောင်း ဂုဏ်ယူကာ ပြောဆိုသည့် ပုံစံမျိုးပင်။

ချန်းလီကို သူ ပိုင်ပိုင်နိုင်နိုင် ကိုင်တွယ်နိုင်သည်ဆိုသည့် ပုံမျိုးပင်။

'ဟဲ...ချန်းလီတို့ပါလား၊ မင်းတို့က ညကြီးမင်းကြီး ဘာဖြစ်လို့ အပြင်ထွက်လာကြရတာလဲ'

'လျှံမန်း၏ လေသံက မနှစ်မြို့သည့်လေသံ၊ မျက်နှာထားကလည်း ခပ်တင်းတင်းပင်'

'ပိုင်းဖုန်းဂေဟာ သခင်ကြီးလဲ ဂေဟာမှာမရှိလို့ဗျ ပြင်းတာနဲ့ ဂေဟာလုံခြုံရေးတာဝန်ခံ ပိုင်ရန်က မြို့ထဲသွားလည်ချင်ရင် လည်ကြပါဆိုလို့ ကျွန်မတို့ ထွက်လာကြတာပါ အစ်ကိုလျှံမန်း'

လျှံမန်းက မျက်နှာထား ချက်ချင်းပြင်လိုက်ရင်းမှ....

'ဒီ ပိုင်ရန် ဆိုတဲ့ကောင်ကလည်း ညွှန်ကြားထားတာ အဖော် မပါဘဲ လွှတ်ရတယ်လို့၊ ခုတလော လူဆိုးသူခိုးတွေ သောင်း ကျန်းလွန်းလို့ကွ၊ ခုလို တင်းဘင်းကျပ်ကျပ် လုပ်နေရတာ၊ ကဲကဲ...မြို့ထဲသွားမလို့ မဟုတ်လား၊ သွားကြသွားကြ၊ ညဘက် သိပ်ညဥ့်မနက်စေနဲ့ပေါ့....လုံခြုံရေးတွေကို အစ်ကို မှာထားပါ့မယ်'





လျှံမန်း၏ လေသံမှာ အေးဆေးသော်လည်း လှိုက်လှိုက် လှဲလှဲသိပ်မရှိချေ။ ခရီးပန်းလာရသည့်အထဲ ခုလို တွေ့လိုက်ရသည့်အတွက်ပင် ဖြစ်မည်ဟု ချန်းလီတွေးရင်း....

'ဟုတ်ကဲ့....အစ်ကိုလျှံမန်း၊ ကျွန်တော်တို့ စောစောပြန်လာပါ့မယ်'

'ကျေးဇူးတင်ပါတယ် အစ်ကို၊ ကျွန်မတို့ သွားမယ်နော်'

'အစ်ကိုရေ မနက်ကျ လီဝါတို့ဆီ လာလည်ပါဦး'

ချန်းလီတို့သုံးဦးစလုံး လျှံမန်းကို နှုတ်ဆက်ကာ ရှေ့သို့ ဆက်လျှောက်ခဲ့သည်။

ဝတ်စုံပြာလူစုမှာ ချန်းလီတို့လူစုအား အခဲမကျေစွာဖြင့် ကြည့်ရင်း ကျန်ရစ်ကြလေသည်။

မြို့ထဲသို့ ရောက်လာခဲ့ကြသည်။ မြို့လယ်စားသောက်ဆိုင် ဆီသို့ သွားရန် ကူးချင်းက အကြံပြုလိုက်သည်။ ထို့နောက် အကြံပြုသည့်အတိုင်း မြို့လယ်ဆီသို့ ဦးတည်ခဲ့ကြလေသည်။ ညအမှောင်ထဲတွင် အိမ်များ ဈေးဆိုင်များဆီမှ မီးပုံးများ အလင်းရောင်များက ဖြူနီပြာအစိမ်းရောင်မျိုးစုံက ဖြာလျက် ရှိသည်။ လှပလွန်းသော ထင်ဟိုင်မြို့တော်ကြီးပင် ဖြစ်သည်။

....❀....

# အခန်း (၂၇)

ချန်းလီသည် ကူးချင်းနှင့် လီဝါတို့ကို စားသောက်ဆိုင်တစ်ခုသို့ ခေါ်လာခဲ့သည်။

ချောင်ကျသော နေရာတစ်နေရာကို ရွေးချယ်ပြီး လျှို့ဝှက်ချက်တစ်ခုကို ချန်းလီက ဦးဆောင်ကာ ပြောပြလေတော့၏။

'ပိုင်ဖုန်းဂေဟာ ဟာ အင်မတန်လျှို့ဝှက်တဲ့ အိမ်ကြီးတစ်ဆောင်ပဲ၊ နောက်ပြီး ပိုင်ဖုန်းဟာ သိုင်းသမားတွေကို မွေးပြီး အမျိုးသမီးတွေကို ဘာလို့ လျှာဖြတ်ထားရတာလဲ၊ ဒါဟာ အင်မတန်ထူးခြားပြီး လျှို့ဝှက်တဲ့ ကိစ္စတစ်ရပ်ပဲ'

ကူးချင်က....

'အမျိုးသမီးတွေကို လျှာဖြတ်ထားတာဟာ၊ နဂါးပတ်အဆိပ်အပ်ရှင်ဟာ သူများဖြစ်နေမလားမသိဘူး'

ချန်းလီက ပြောလိုက်ရာ၊ လီဝါမှာ မျက်လုံးမျက်ဆံပြူး၍သွားလေ၏။

ချန်းလီက ပြောရန် အလုပ်တွင် စားပွဲထိုးရောက်လာသဖြင့် နှုတ်ပိတ်ထားလိုက်လေသည်။

ထို့နောက် စားပွဲထိုးကို စားသောက်စရာမှာလိုက်သည်။ စားပွဲထိုးပြန်ထွက်သွားသောအခါမှ ချန်းလီ စကားဆက်ပြောလေသည်။





'မိန်းကလေးတွေက ယောကျ်ားကလေးတွေနဲ့ မတူဘူး၊ အင်မတန် စပ်စုတတ်ကြတာ၊ ဒါကြောင့် မစပ်စုနိုင်အောင်လို့ လျှာဖြတ်ထားတာ ဖြစ်ရမယ်၊ သူတို့ဟာ သခင်ရဲ့အပေါ်မှာလဲ အင်မတန်ကိုသစ္စာရှိပုံရတယ်၊ တစ်ညကကိစ္စကို ကြည့်ပါလား၊ ကျွန်တော်မေးတာကို မပြောဘဲ ကိုယ့်ကိုယ်ကိုအဆိပ်သောက်သတ်လိုက်တယ်၊ ဒါဟာ သူတို့ရဲ့သခင်အပေါ်သစ္စာစောင့်သိရိုသေလိုက်တဲ့သဘောပဲ၊ ဒါကြောင့်ကျွန်တော်ပြောနေတာပေါ့၊ ဒီအိမ်ကြီးဟာအင်မတန်လျှို့ဝှက်ပြီး စိတ်လဲအင်မတန် ဝင်စားစရာ ကောင်းနေတယ်လို့'

ကူးချင်သည် ပါးစပ်ပိတ်ပြီး စဉ်းစားနေလေသည်။

'ကူးချင်တို့ ဒီတစ်ညတော့ ဒီစားသောက်ဆိုင်မှာပဲတည်းခိုပြီးနေပါ၊ ကျွန်တော် ပိုင်ဖုန်းဂေဟာသွားပြီး တိတ်တဆိတ်စုံစမ်းမယ်၊ ဘယ့်နှယ်လဲ'

'ဖြစ်ပါ့မလား အစ်ကိုချန်းလီ'

လီဝါက စိုးရိမ်တကြီး ပြောလိုက်သည်။

'ဘာလို့မဖြစ်ရမှာလဲ'

'ကျွန်မလဲ အစ်ကိုချန်းလီနောက် လိုက်ခဲ့မယ်လေ'

'မဖြစ်ပါဘူး ကူးချင်ရယ်'

'ဘာဖြစ်လို့ မဖြစ်ရမှာလဲ'

'အန္တရာယ်သိပ်များလို့ပါ'

'ဒါဖြင့် ဒီလိုလုပ်ရင် မကောင်းဘူးလား'

'ဘယ်လိုလဲ ပြောပါဦး'

'အစ်ကိုချန်းလီတစ်ယောက်တည်း သွားပြီး အရင်စုံစမ်း၊ သန်းခေါင်လောက်အချိန်ကျတော့ ကျွန်မတို့လိုက်လာခဲ့မယ်'

ကူးချင်စကားကို ချန်းလီခေတ္တစဉ်းစားလိုက်သည်။အတန်ကြာသောအခါမှ ဘာထူးခြားမှုရှိသလဲ ဟု မေးလိုက်သည်။

'ထူးခြားမှုက အစ်ကိုချန်းလီစုံစမ်းလို့ပြီးတာနဲ့ပြန်ထွက်ခဲ့ တစ်နေရာက ကျွန်မတို့ စောင့်နေမယ်၊ ပြီးမှ ကျွန်မတို့ သုံးယောက် ပြန်ဝင်ကြတာပေါ့၊ သဘောကတော့ မြို့ထဲကပြန်ရောက်လာတဲ့ ပုံစံမျိုးပေါ့၊ ဘယ့်နှယ်လဲ'

'အင်း...အကြံမဆိုးပါဘူး'

ထိုစဉ် စားပွဲထိုးလေး ပြန်ရောက်လာသည်။ သူတို့သုံးဦးသည် စားသောက်စရာများကို ခပ်မြန်မြန် စားသောက်လိုက်ကြလေတော့သည်။

ညဉ့်သည် အတော်နက်နေပေပြီ။ သူတို့သုံးဦး ပိုင်ဖုန်းရေဟာအနားသို့ရောက်ရှိလာကြသည်။ ပိုင်ဖုန်းဂေဟာသည် ညအမှောင်အောက်တွင် အိပ်မောျ်နေသကဲ့သို့ တိတ်ဆိတ်ငြိမ်သက်စွာ တည်ရှိနေသည်။ တစ်ခါတစ်ရံ ပုစဉ်းရင်ကွဲတို့၏ အော်မြည်သံကိုသာ ကြားရလေသည်။

ချန်းလီသည် ကူးချင်နှင့်လီဝါတို့ကို ပိုင်ဖုန်းဂေဟာနှင့် အတော်လှမ်းသော အရိပ်အာဝါသကောင်းသည့် သစ်ပင်ကြီးတစ်ပင်၏နောက်ကွယ်တွင် ထားခဲ့လေသည်။ ချန်းလီ





တစ်ဦးတည်းသာ ပိုင်ဖုန်းဂေဟာနားသို့ တဖြည်းဖြည်း တိတ်တဆိတ် ချဉ်းကပ်လာခဲ့လေသည်။

ခြံ၏မြောက်ဘက်သို့ ချန်းလီ ချဉ်းကပ်လာမိသောအခါ ဝါးခေါက်သံ ဆယ့်နှစ်ချက်ကို ကြားလိုက်ရသည်။ ထိုနေရာသည် အမှောင်ရိပ်ပိုကျနေသည့်အတွက် ချန်းလီအဖို့ ပို၍ လှုပ်ရှားရန် ကောင်းနေပေသည်။ ချန်းလီသည် ကိုယ်ဖော့ပညာကို သုံး၍ ခြံဝင်းအတွင်းသို့ ခုန်ဝင်လိုက်သည်။

ခြံအတွင်းသို့ရောက်သော် အရိပ်ကောင်းသည့် သစ်ပင်တစ်ပင်နောက်ကွယ် ပြေးဝင်ကာ ပုန်းခိုလိုက်သည်။

ပိုင်ဖုန်းဂေဟာသည် တိတ်ဆိတ်ငြိမ်သက်စွာတည်ရှိနေ၏။ အခြေအနေကောင်းသည့်မို့ ဆက်လက်၍လှုပ်ရှားရန် ချန်းလီ စဉ်းစားလိုက်စဉ်မှာပင် ရုတ်တရက် အသံတစ်သံကြားလိုက်ရသဖြင့် လှုပ်ရှားမှု အစီအစဉ်ကို ဖျက်ပြီး အခြေအနေကို ဆက်၍ လေ့လာကြည့်သည်။

မီးတုတ်ကိုင် လူခြောက်ယောက်ခန့်နှင့် အခေါင်းကြီး တစ်လုံးကို မသယ်လာကြသည့် လူနှစ်ယောက်ကို တွေ့လိုက်ရသဖြင့် ချန်းလီမှာ အထူးအဆန်းဖြစ်လျက် ထိုလှုပ်ရှားမှုကို စိုက်၍ အကဲခတ် သုံးသပ်ကာ ကြည့်နေမိလေသည်။

တစ်ခဏမျှ ထိုမြင်ကွင်းကို စိုက်ကြည့်နေစဉ် ထိုမြင်ကွင်းသည် ရုတ်တရက် ပျောက်ကွယ်သွားပြီးမှ ချန်းလီက သစ်ပင် တစ်ပင်အကွယ်မှ ထွက်လိုက်သည်။

အခေါင်းတလားကြီးကို မသယ်လာကြသော ထိုလူအုပ်ကြီးသည် အဆောက်အအုံတစ်ခုအတွင်းသို့ ဝင်ရောက်သွားသည်ဟု ချန်းလီ ထင်သည်။

ထိုအဆောက်အအုံမှာ ပိုင်ဖုန်းဂေဟာ၏ တောင်ဘက်အခြမ်းတွင် သီးသန့်ရှိနေလေသည်။ ချန်းလီသည် မှောင်ရိပ်ခိုပြီး သူတို့၏နောက်သို့ လိုက်ချောင်းရာ ထင်သည့်အတိုင်းပင် အဆောက်အအုံရှေ့တွင် မီးတုတ်ကိုင် လူနှစ်ယောက်ကို တွေ့လိုက်ရလေသည်။

ချန်းလီသည် မှောင်ရိပ်ခိုကာ ၎င်းတို့၏ လှုပ်ရှားမှုကို အကဲခတ်ကြည့်နေပေသည်။ များမကြာမီ အဆောက်အအုံအတွင်းမှ လူခြောက်ယောက်ထွက်လာကြသည်။ သူတို့ခြောက်ယောက်မှာ စောစောက ချန်းလီ တွေ့ခဲ့ရသည့် လူများပင်ဖြစ်ကြသည်။ အခေါင်းတလားကို ထိုအဆောက်အအုံအတွင်းသို့ သွင်းပြီး ပြန်ထွက်လာကြဟန်တူသည်။

ထို့နောက် သူတို့သည် လေသံတိုးတိုးဖြင့် ပြောဆိုကာ ထွက်ခွာသွားကြသည်။ အဆောက်အအုံ ရှေ့တွင် လူတစ်ယောက်ကျန်ခဲ့သည်။ ထိုလူသည်တံခါးကိုပိတ်ပြီး အဆောက်အအုံရှေ့တွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေလေသည်။

ထိုအခါ ချန်းလီသည် ခဲတစ်လုံးကို ကောက်ကာ အခြေအနေကို အကဲခတ်ကြည့်နေသည်။ ထိုမီးတုတ်ကိုင် အစောင့်သည် ချန်းလီ ပုန်းကွယ်နေသော နေရာသို့ တစ်လှမ်းချင်း





လျှောက်လာနေသည်။ သူသည် ချန်းလီကိုမတွေ့ဘဲ တစ်ဖန်ပြန်လှည့်သွားပြန်သည်။ ထိုသူ၏ ကျောပြင်သည် တဖြည်းဖြည်း ဝေးကွာသွားနေ၏။ ချန်းလီလက်ထဲမှ ခဲသည် ရှတ်တရက် လက်တွင်းမှ ပြေးထွက်သွားသည်။

ချန်းလီ ပစ်လွှတ်လိုက်သော ခဲလုံးသည် ထိုအစောင့်၏ကျောပြင်ကို ထိမှန်သွားရာ ထိုအစောင့်သည် တောင့်တော့ကျက်ကြီးဖြစ်ကာ ရပ်တန့်သွားလေသည်။

ချန်းလီသည် ထိုအစောင့်၏ အကြောတစ်ခုကို ထပ်မံ လိုက်ရာ ထိုအစောင့်သည် မီးတုတ်ကိုင်လျက် အိပ်ပျော်သွားမျက်လေသည်။ ချန်းလီသည် အစောင့်ကို မှောင်ရိပ်ကျရာသို့ မသွားပြီး အိပ်ခိုင်းထားလိုက်သည်။ မီးတုတ်ကို ထိုလူ၏လက်မှ လွှဲပြောင်းယူကာ သူ့ကိုယ်မှသော့ကို ရှာသည်။ သော့တွေ့သောအခါ မီးတုတ်ကိုကိုင်ကာ အခေါင်းတလားသွင်းလိုက်သော အဆောက်အအုံသို့ ပြန်လျှောက်သွားသည်။

ထို့နောက် ချန်းလီသည် အဆောက်အအုံတံခါးကို သော့ဖြင့် ဖွင့်ကာ အတွင်းသို့ ဝင်ရောက်သွားသည်။ အဆောက်အအုံ၏ အတွင်းပိုင်းသည် သိပ်မကျယ်လှပေ။ သန့်သန့် ရှင်းရှင်း ရှိနေလေသည်။ ချန်းလီသည် မီးတုတ်ကိုကိုင်ကာ အခေါင်းတလား ရှိနိုင်မည့် နေရာကို လိုက်ရှာ၍နေသည်။ အခေါင်းတလားမှာကား အံ့ဩဖွယ်ရာကောင်းစွာ ပျောက်ဆုံးနေလေတော့သည်။

အဆောက်အဦးအတွင်း၌ ဘာမျှရှိမနေပါ။ ဟာလာဟင်းလင်း ဖြစ်နေသောကြောင့် ချန်းလီမှာ ပို၍ပင်အံ့သြနေရလေသည်။ ထို့ကြောင့်ပင် ချန်းလီသည် မကျေမနပ်ဖြစ်ကာ နံရံလေးဘက်ကို လက်ဖြင့်စမ်းသပ်ကာ အံထိုးအံဝှက်များ ရှိနေမလားဟု စူးစမ်းကြည့်သည်။ ထူးခြားမှု တစ်စုံတစ်ရာကို မတွေ့ရပါ။ ကြမ်းပြင်ပေါ်သို့လည်း မီးတုတ်ကို အောက်နှိမ့်ပြကာ မြေအောက်လိုဏ်ခေါင်းများကို ရှိလိုရှိငြား စူးစမ်းကြည့်သည်။ ဘာဆိုဘာမှ မတွေ့ရချေ။

ချန်းလီ အလွန်စိတ်ညစ်သွားလေသည်။ မကျေမနပ်လည်း ဖြစ်မိလေသည်။ မိမိမျက်လုံးဖြင့်တပ်အပ်မြင်လိုက်ရသော်လည်း ခေါင်းတလားမှာ ထူးဆန်းစွာ ပျောက်ဆုံးနေရခြင်းပင်။

ချန်းလီမှာဇွဲမလျှော့ဘဲ ဆက်၍ရှာနေပြန်သည်။ ဤသို့ဖြင့် အချိန်သည်သာ ပို၍ကြာသွားလေသည်။ ရှာဖွေလို့ပင်မတွေ့။

ထိုအခါ ချန်းလီစိတ်လျှော့လိုက်သည်။ မီးတုတ်ကိုကိုင်ကာ အပြင်သို့ပြန်ထွက်လာပြီး တံခါးပြန်ပိတ်လိုက်သည်။

အိပ်ပျော်နေသောအစောင့်ထံပြန်သွားပြီး သော့ကို သူ၏ခါး၌ ပြန်ချိတ်ပေးလိုက်သည်။

မီးတုတ်ကိုမူ သူ၏ဘေးတွင်ချထားပေးခဲ့ပြီး မှောင်ရိပ်ခိုကာ ချန်းလီပြန်ထွက်သွားသည်။

အစောင့်မှာ အိပ်ပျော်နေဆဲပင် ရှိနေသေးသည်။ သူပြန်သတိရလာလျှင် သူ ဘာကြောင့် အိပ်ပျော်သွားရသည့်





အကြောင်းကို ပြန်စဉ်းစားရင်း ဇဝေဇဝါ ဖြစ်နေမည်မှာ သေချာသည်။ ကိစ္စမရှိပါ။

ကူးချင်နှင့် လီဝါတို့ထံ ချန်းလီ ပြန်ရောက်လာသည်။

သူတို့က အခြေအနေကို မေးကြရာ ချန်းလီက ခေါင်းတလားအကြောင်းနှင့် ထိုအခေါင်းတလားကို ရှာဖွေခဲ့သော်လည်း ထိုအခေါင်းတလားမှာပျောက်ဆုံးခြင်းမလှပျောက်ခဲ့ရကြောင်းကို ရှင်းပြလေသည်။

'ဟင်....ဒီလိုဆိုရင် အဲဒီအခေါင်းက အစ်ကို့ကို မျက်လှည့်ပြလိုက်တာပေါ့'

'ဟုတ်တယ်....လီဝါ၊ ငါတော့ မစဉ်းစားတတ်အောင်ပဲ'

ချန်းလီက ညည်းညူရင်း ပြန်ပြောသည်။

'အဲဒီ အဆောက်အဦးထဲမှာ လျှို့ဝှက်ချက်တွေရှိနေလိမ့်မယ်ဆိုတာ သေချာတယ် အစ်ကိုချန်းလီ၊ တစ်နေ့မှာ ကျွန်မတို့ အဲဒီအထဲ ခိုးချောင်ခိုးဝှက်ဝင်ပြီး ရှာဖွေရမယ်၊ အဲဒါဟာ အင်မတန်ထူးခြားချက်တစ်ရပ်ပဲ'

ကူးချင်က ဝင်ပြောလိုက်သည်။

'ဟုတ်ပါတယ်ကူးချင်'

ထို့နောက် ချန်းလီနှင့်မိန်းကလေးနှစ်ဦးတို့သည် မှောင်ရိပ်မှထွက်လာကြပြီးနောက်ပိုင်းဖုန်းဂေဟာသို့ စကားတပြောပြောနှင့် လျှောက်လာခဲ့ကြလေတော့သည်။

ထိုနေ့မနက်တွင် ပိုင်းဖုန်းဂေဟာသို့ လျှံမန်း ရောက်ရှိလာသည်။ ချန်းလီမှာ လျှံမန်းကိုတွေ့လိုက်ရသဖြင့်လွန်စွာဝမ်းမြောက်၍ သွားပေသည်။

'အခြေအနေ ဘယ်လိုလဲအစ်ကို၊ ထူးခြားပြီလား'

ချန်းလီက လျှံမန်းအား မေးလိုက်သည်။

'အခြေအနေ မထူးခြားသေးပါဘူးကွာ၊ ဩော်....ဒါနဲ့ ပိုင်ဖုန်းလဲ မတွေ့ပါလား'

'ကိစ္စတစ်ခုရှိလို့ဆိုပြီးတော့ မနေ့ကတည်းက ထွက်သွားတာပဲ အစ်ကို၊ ဒီနေ့အထိ ပြန်ရောက်မလာသေးဘူး'

လျှံမန်းသည် ခေါင်းတညိတ်ညိတ်လုပ်နေသည်။

ချန်းလီသည် ညကကိစ္စကို လျှံမန်းအား ပြောသင့်မပြောသင့်ကို စဉ်းစားနေလေသည်။

နောက်ဆုံးတွင် ပြောပြသင့်သည်ဟု ယူဆလိုက်သည်။ ထို့ကြောင့်ပင် ချန်းလီက ညကကိစ္စကိုပြောပြရန်ပါးစပ်ပြင်လိုက်စဉ်မှာပင် ပိုင်ဖုန်း၏ညာလက်ရုံးတစ်ဆူဖြစ်သောပိုင်ရန်သည် ရုတ်တရက်ရောက်ရှိလာသဖြင့် အစီအစဉ် ပျက်သွားရလေတော့သည်။

ပိုင်ရန်သည် လျှံမန်းအား စာတစ်စောင်ထုတ်ပေးလိုက်သည်။ လျှံမန်းကလှမ်းယူရင်းပိုင်ရန်အား မေးလိုက်သည်။

'မင်းတို့သခင်ပေးတဲ့ စာလား'

ထိုအခါ ပိုင်ရန်ကခေါင်းညိတ်လိုက်သည်။





'ဘယ်နေ့က ပေးခဲ့တာလဲ'

'မနေ့ကပါ၊ ဆရာလာရင် ဒီစာပေးဖို့ ကျွန်တော့်ကိုမှာခဲ့ပါတယ် ခင်ဗျာ'

'အေး....အေး၊ မင်းသွားနိုင်ပြီ'

ထို့နောက်ပိုင်ရန်သည် လျှံမန်းအားအရိုအသေပေးပြီးပြန်ထွက်သွားလေသည်။ လျှံမန်းသည် စာကိုဖောက်ဖတ်လိုက်ပြီး ခေါင်းတဆတ်ဆတ်ညိတ်နေလေသည်။

'ဘာတွေရေးထားသလဲ အစ်ကို'

ချန်းလီက မေးလိုက်သည်။

'သူ့ရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ခုပါ'

'သူများကိစ္စကို ကျွန်တော်မစပ်စုချင်ပါဘူး'

'ဒါဟာ....အင်မတန်ကောင်းတဲ့ ယဉ်ကျေးမှု တစ်ရပ်ပဲ'

လျှံမန်းသည် စာကို သူ၏ရင်ဖုံးအင်္ကျီအတွင်းသို့ ထည့်လိုက်သည်။

ထိုစဉ်မှာပင် ချန်းလီက လျှံမန်းအား....

'အစ်ကိုနဲ့ ပိုင်ဖုန်းက တော်တော်ရင်းနှီးသလား'

'ဘာဖြစ်လို့လဲကွ၊ ညီလေးမေးတာဒါနဲ့ဆိုနှစ်ခါရှိသွားပြီ'

ချန်းလီသည် စောစောက ပြောပြမည်ဟု စိတ်ကူးထားသောကိစ္စကို ရုပ်သိမ်းလိုက်သည်။

ပိုင်ဖုန်း ဂုဏ်သိက္ခာကျမှာကိုလည်း တစ်ဖက်က စိုးရိမ်ရသည် မဟုတ်လား။

ထို့ကြောင့် ချန်းလီသည် ပိုင်ဖုန်းဂေဟာ အတွင်းရှိ အဆောက်အဦးကိစ္စအား မိမိဘာသာ စုံစမ်းတော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်လေတော့သည်။

ညကကိစ္စကို လျံမန်းအားမပြောပြတော့ချေ။ လျံမန်းသည် ချန်းလီအား နဂါးပတ်အဆိပ်အပ်ရှင်ကိုရှာဖွေစုံစမ်းကြောင်း၊ လာမည့်တစ်လအတွင်း ဖမ်းမိအောင် ကြိုးစားနေကြောင်း စသည်ဖြင့် အားပေးစကားများ ပြောဆိုကာ ထိုနေ့ နေ့လည်တွင် ပိုင်ဖုန်းဂေဟာမှ ပြန်လည်ထွက်ခွာသွားတော့သည်။

ထိုနေ့ နေ့လည်အထိ ပိုင်ဖုန်းပြန်ရောက်မလာသေးပေ။

စားသောက်ရေးကိုတော့ ဝတ်စုံစိမ်း မိန်းကလေးများက လိုလေသေးမရှိအောင် ဆောင်ရွက်ပေးသဖြင့် အဆင်ပြေပါ၏။ အကြောင်းမဟုတ်ပေ။

သို့သော် နေရေး၊ ထိုင်ရေး၌မူ သိပ်အဆင်ပြေလှသည်မရှိပေ။ သုံးယောက်သား စကားပြောလိုက် ခြံတွင်း လျှောက်လည်လိုက်နှင့် ပျင်းရိခြောက်သွေ့ဖွယ်ကောင်းသော အချိန်တို့ကို ကုန်လွန်စေခဲ့သည်။

ပိုင်ဖုန်းဂေဟာရှိလူများမှာလည်း သူ့အလုပ်နှင့်သူ၊ သူ့တာဝန်နှင့်သူမို့ ချန်းလီတို့ထံသို့လာရောက်ပြီး အချိန်မဖြုန်းနိုင်၊ စကားမပြောနိုင်ပေ။ အလွန်ညည်းငွေ့ဖွယ်ကောင်းလှတော့၏။





နေ့လည်ပိုင်းအချိန်သည် ပို၍ပင်ပျင်းစရာကောင်းနေ၏။

ထို့ကြောင့် ချန်းလီတို့ သုံးယောက်သားသည် ပိုင်ဖုန်းရှိမနေသောကြောင့် တစ်အိမ်လုံးကို လေ့လာနိုင်ခဲ့သည်။

ပိုင်ဖုန်း၏အခန်းသို့ ရောက်ဖြစ်သည်။

သူ၏အခန်းမှာ ပိတ်ထားသဖြင့် အပြင်ဘက်ကသာ လေ့လာခွင့် ရခဲ့သည်။ သူ၏အခန်းအဆောင်မှာ သီးသန့်အခန်းအဆောင်ဖြစ်ဟန်တူသည်။ ပိုင်ဖုန်းဂေဟာသည်ရှေးဟောင်းအိမ်ကြီးတစ်လုံးနှင့် တူလှသည်။

အိမ်ကြီးမှာ အလွန်ကြီးကျယ်သောကြောင့် သရဲခြောက်မှာကိုပင် ကြောက်ရ၏။

တိတ်ဆိတ်လိုက်သည်မှာလည်း ပြောဖွယ်ရာပင်မရှိတော့။

ချန်းလီတို့သုံးယောက်သားသည် ပိုင်ဖုန်း၏အခန်းဆောင်မှလှည့်ထွက်လာခဲ့သည်။ ထိုစဉ် မမျှော်လင့်ဘဲ ဝမ်တာဆိုသူအား တွေ့မြင်လိုက်ရသည်။ ဝမ်တာဆိုသူမှာ ပိုင်ဖုန်း၏ ဘယ်လက်ရုံးတစ်ဆူဖြစ်လေသည်။ သူသည် ချန်းလီအား တွေ့လိုက်သည်နှင့် မျက်မှောင်တစ်ချက်ကြုတ်ကာမေးလိုက်သည်။

'ခင်ဗျားဘာကိစ္စနဲ့ သခင့်အခန်းကို ရောက်လာရတာလဲ'

'တမင်လာတာ မဟုတ်ပါဘူးဗျာ၊ ပျင်းပျင်းရှိတာနဲ့ ဟိုလျှောက် ဒီလျှောက်ရင်း ရောက်လာတာပါ'

ဝမ်တာက ဟက်ခနဲ ရယ်မောလိုက်သည်။

'ခင်ဗျားစိတ်ရင်းအမှန်နဲ့ ပြောတာလား'

'ခင်ဗျား ဘယ်လိုရည်ရွယ်ချက်နဲ့ဒီမေးခွန်းကိုမေးရသလဲ'

'ကျုပ်မှာတာဝန်ရှိလို့ပါ'

'ခင်ဗျားတာဝန်ကဘာလဲ၊ ကျုပ်နားမလည်ဘူး၊ ရှင်းပြစမ်းပါဦး'

'သခင့်အခန်းနားကို ဘယ်သူမှမလာရဘူး'

'ဘယ်သူက ချမှတ်ထားတဲ့တာဝန်လဲ'

'ပိုင်ဖုန်းသခင် ချမှတ်ထားတဲ့တာဝန်ပဲဗျ'

'ဒါကျုပ်မသိဘူး၊ ကျုပ်ကိုလဲဒီကိစ္စနဲ့ပတ်သက်ပြီးဘာမှ ပြောမထားခဲ့ဘူး၊ ပိုင်ဖုန်းက မလာရဘူးဆိုရင် နောက်ကို ကျုပ်မလာပါဘူး'

'ခင်ဗျားစကားပြောတာ တယ်မာပါလား'

'ဒါကဒီလိုရှိပါတယ်၊ တစ်ဖက်ကမာရင် ကျန်တစ်ဖက်က လဲ မာမှ လိုက်ဖက်မယ် မဟုတ်လားဗျာ'

'ဒါ....ဟုတ်တာပေါ့ဗျာ၊ ဒါပေမယ့် ကျုပ်ကို မာမာ ထန်ထန်ပြောတာကိုတော့ ကျုပ်လက်မခံနိုင်ဘူးဗျ'

'ဒီလိုပဲရှိမှာပေါ့၊ ကျုပ်ကလဲ ကျုပ်ကို မာမာထန်ထန် ပြောရင် သိပ်မကြိုက်ချင်ဘူးဗျ'

ထိုအခါဝမ်တဲသည် ပခုံးနှစ်ဖက်ကို ဆတ်ခနဲတွန့်လိုက်၏။ ပြီးမှ စကားကို ဝင့်ဝင့်ကြွားကြွား ပြောလိုက်သည်။

'ကျုပ်က ပိုင်ဖုန်းသခင်လေးရဲ့ ဘယ်သက်ရှုံးဗျ၊ နောက် ပြီး သူရဲကောင်းလဲ သူရဲကောင်းဗျ'





'ဒါတော့ ကျုပ်မသိဘူး'

'မသိတဲ့သူကို သိအောင်ကျုပ်လုပ်ပြမယ်'

'ခင်ဗျားက ဘယ်လိုလုပ်ပြမှာလဲ'

'ကျုပ်လက်သီးတွေကလုပ်ပြနိုင်တာပေါ့ဗျာ'

'ကဲ....ဒါဆို ကျုပ်သိအောင်လုပ်ပြစမ်းဗျာ'

'ကောင်းပြီ....ကျုပ်လက်တွေ့ပြမယ်'

ပြောပြောဆိုဆိုပင် ဝမ်တာသည် နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်သည်။

ချန်လီက မိန်းကလေးနှစ်ယောက်ကို နောက်သို့ဆုတ်ရန် ပြောလိုက်သည်။

ဝမ်တာ၏ တောင်ဖို့လက်သီးတစ်လုံးကို ချန်းလီကောင်းစွာ ရှောင်တိမ်းလိုက်သည်။

ဝမ်တာ၏လက်သီးချက်သည် ချန်းလီကိုမထိဘဲ တိုင်တစ် တိုင်ကို ပြင်းထန်စွာ ထိမိသွားသည်။ ထိုအခါ ဝမ်တာသည် ချန်းလီကို ပိုမို၍ဒေါသထွက်လာ၏။ ထိုနောက် လက်သီးချက် များကို ချန်းလီ၏ကိုယ်ပေါ်သို့ မိုးရွာချသလို အဆက်မပြတ် ကျရောက်လာလေသည်။ သို့သော်လည်း လက်သီးချက်များ သည် ချန်းလီကို တစ်ချက်တလေမှပင် ထိအောင် မတိုက်ခိုက် နိုင်ခဲ့ပေ။ သူ၏သိုင်းကွက် နှစ်ဆယ်ကျော်လာမှ ချန်းလီက ခံစစ်မှ တိုက်စစ်အသွင်သို့ကူးပြောင်းလာကာ ဝမ်တာကို တိုက် ခိုက်ခြင်း ပြုလေသည်။

ချန်းလီ၏ တိုက်ကွက် သုံးကွက်အရောက်တွင် ချန်းလီ၏ လက်ဝါးစောင်းက ဝမ်တာ၏ ဇက်ပိုးပေါ်သို့ 'ဒုတ်'ခနဲ ကျရောက်သွားလေသည်။ သူသည် နောက်သို့ သုံးလှမ်းခန့် ဆုတ်ထွက်သွားသည်။ ချန်းလီ၏ စတုတ္ထသိုင်းကွက်ကို ဆက်လက်လုပ်ရှားရန် ဟန်ပြင်လိုက်စဉ်မှာပင်....

'ဟိတ်....ရပ်'

ဟူသော အမိန့်ဆန်သည့်အသံကို ကြားလိုက်ရလေသည်။ ချန်းလီသည် ထိုအမိန့်သံလာရာသို့ လှည့်ကြည့်လိုက်ရာ ပိုင်ရန်ဖြစ်နေကြောင်း သိလိုက်ရ၏။ ပိုင်ရန်အနားသို့ရောက်လာ၏။

'ဘယ်လိုဖြစ်ကြတာလဲဗျာ'

ပိုင်ရန်က မေးလိုက်သည်တွင် ချန်းလီက အကြောင်းစုံကို ရှင်းပြလိုက်လေသည်။

'ဝမ်တာ၊ မင်းဟာ အင်မတန် ဒေါသကြီးတဲ့ကောင်ပဲ၊ ညီ့သည်ကို ဒီလိုဆက်ဆံတာတော့ မကောင်းဘူးထင်တယ်'

'ကဲ....မင်းသွားတော့ကွာ'

ပိုင်ရန်၏အမိန့်စကားကို မလွန်ဆန်ရဲသဖြင့် ခပ်ကုပ်ကုပ်ပင် ထွက်ခွာသွားလေသည်။

'ဝမ်တာကိုယ်စား မိတ်ဆွေကို ကျုပ်တောင်းပန်ပါတယ်'

'ကိစ္စမရှိပါဘူးဗျာ ရပါတယ်'

'အင်း....ဒီညလဲ သခင်လာဦးမယ်မထင်ဘူး'

စကားလမ်းကြောင်းကိုပြောင်းပြီး ပိုင်ရန်ကပြောသည်။





'ဟုတ်ကဲ့၊ ဒီတော့'

'အဲဒီတော့ကာ မိတ်ဆွေတို့ ပျင်းနေမယ်ဆိုရင် လျှောက်လည်နိုင်တဲ့အကြောင်း ကျုပ် အကြောင်းလာကြားတာပါ'

'ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်၊ လိုအပ်ရင် ကျုပ် ပြောပါ့မယ်'

ထိုအခါ ပိုင်ရန်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့'

'ကျုပ်မိတ်ဆွေကို တွေ့ချင်ရင် ဘယ်မှာလာတွေ့ရမလဲ'

'ရွှေခြင်္သေ့အခန်းကိုလာခဲ့ပါ'

ချန်းလီ ပိုင်ရန်စကားကြောင့် အူကြောင်ကြောင် ဖြစ်သွားသည်။

'ရွှေခြင်္သေ့အခန်းဆိုတာက....'

'အပေါ်ထပ်မှာပါ၊ ရွှေကျားသစ်အခန်းနဲ့ကပ်လျက်ပါ'

'ဩော်....ဟုတ်ကဲ့၊ ကျုပ်ကအပေါ်ထပ်ကို မရောက်ဖူးဘူးခင်ဗျ'

'အခါအခွင့်မကြုံသေးလို့ပါ၊ ကြုံတော့ ရောက်ဖြစ်မှာပေါ့ဗျာ၊ ကဲ....ကဲ ကျုပ်သွားမယ်'

ပိုင်ရန်သည် စကားဖြတ်ကာ ချက်ချင်းပင် ချန်းလီတို့အပါးမှ ထွက်ခွာသွားလေသည်။

....

## အခန်း (၂၈)

အခန်းတံခါးတွင် အမှတ်အသားအဖြစ် ခြင်္သေ့ရုပ်နှင့် ကျားသစ်ရုပ်များထွင်းထုထားလေသည်။ ခြင်္သေ့ရုပ် ထွင်းထုထားသောအခန်းမှာ ပိုင်ရန်၏ အခန်းဖြစ်ပြီး ကျားသစ်ရုပ်ထွင်းထုထားသောအခန်းမှာ ဝမ်တ၏အခန်း ဖြစ်လေသည်။

ချန်းလီသည် ခြင်္သေ့ရုပ်ထွင်းထုထားသောအခန်းရှေ့တွင် ရပ်လိုက်သည်။ လာသာလာခဲ့ရသည် ကူးချင်နှင့် လီဝါတို့ကို ဧည့်ခန်းတွင်ထားခဲ့ရသည်ကို စိတ်မချပေ။ အချိန်မှာ ညနေစောင်းချိန်လောက်သာရှိသေးသည်။ ချန်းလီသည် ခြင်္သေ့ရုပ်ထုထွင်းထားသော တံခါးမျက်နှာပြင်ကို လက်သီးဆုပ်ဖြင့် သုံးချက်ထုလိုက်သည်။

ထိုအခါ အခန်းတံခါးပွင့်လာသည်။ ပိုင်ရန်ထွက်လာပြီး–

'ဪ....မိတ်ဆွေပါလား၊ ဘာကိစ္စများရှိလို့ပါလဲ'

ထိုအခါချန်းလီက ချောင်းတစ်ချက်ဟန့်လိုက်ပြီးနောက်–

'ကျွန်တော်တို့ ဒီည စားသောက်ဆိုင်တစ်ခုခုမှာ ညနေစာစားရင်း တည်းခိုချင်လို့ မိတ်ဆွေကိုလာပြီး အကြောင်းကြားတာပါ'

'ဒီဂေဟာမှာ ဘာဖြစ်လို့လဲမိတ်ဆွေ'

'ဘာမှမဖြစ်ပါဘူးခင်ဗျာ၊ အားလုံးအဆင်ပြေပါတယ်၊ ဒါပေမယ့်....'





'ဒါပေမယ့် ဘာဖြစ်လဲ၊ ကျုပ်တို့ကို အားနာလို့လား'

'မဟုတ်ပါဘူး၊ ကျွန်တော့် မိန်းကလေးမိတ်ဆွေ နှစ်ယောက်ကလဲ အလည်အပတ်ထွက်ချင်လို့ပါ'

'ဪ....ဪ'

'အင်း....ပိုင်ဖုန်းသခင်လေးလဲ ပြန်လာမယ့်ရက်ကို နေ့ရွှေ့ ညရွှေ့နဲ့ဗျာ၊ ဘာတွေများအလုပ်ရှုပ်နေတယ်မသိဘူး၊ ခင်ဗျားတို့လဲ ပျင်းနေမှာပေါ့၊ အကူအညီလိုရင် ပြောပါဗျာ၊ တတ်နိုင်သလောက်ကူညီပါ့မယ်'

'ဟုတ်ကဲ့....လိုအပ်ရင်ပြောပါ့မယ်ဗျာ'

ထို့နောက် ချန်းလီသည် ပိုင်ရန်ကို နှုတ်ဆက်ကာ ထွက်လာခဲ့လေသည်။

ပိုင်ဖုန်းဂေဟာမှ ထွက်လာပြီးနောက် ထင်ဟိုင်ရှိ တစ်ခုသောစားသောက်ဆိုင်သို့ ချန်းလီတို့အဖွဲ့ ရောက်လာကြ၏။ ထိုစားသောက်ဆိုင်မှာလည်း ယခင် ချန်းလီတို့ လာနေကျစားသောက်ဆိုင်တစ်ဆိုင်ပင်ဖြစ်သည်။

စားပွဲတစ်ခုတွင်ထိုင်ကြရှင်း ချန်းလီတို့အဖွဲ့ ညနေစာစားသောက်နေကြသည်။

ချန်းလီက စားသောက်နေရင်းဖြင့် သူ၏ ထင်မြင်ချက်များကို ကူးချင်နှင့် လီဝါတို့ကို ပြောပြနေသည်။

'ပိုင်ဖုန်းဆိုတဲ့ပုဂ္ဂိုလ်ဟာ သိပ်ပြီး ရိုးသားပုံမရဘူး၊ တို့ကို သူ့အိမ်မှာ ဖိတ်ခေါ်ထားပြီး ထွက်သွားလိုက်တာ ခုထိ ပြန်

၄

ရောက်မလာသေးဘူး၊ သူအပြင်မှာဘာတွေလှုပ်ရှားနေတယ် ဆိုတာ မသိဘူး၊ နောက်ပြီး ပိုင်ဖုန်းဂေဟာလဲ အင်မတန် လျှို့ဝှက်တယ်၊ မိန္တာအိမ်ကြီးတစ်အိမ်ကျနေတာပဲ၊ ဒီကြား ထဲ ဝမ်တာဆိုတဲ့ကောင်က တစ်မျိုး၊ ဘယ်လိုဟာတွေမှန်းကို မသိဘူး'

'ဟုတ်တယ်အစ်ကိုချန်းလီ၊ ကျွန်မတို့ အခုဘယ်လိုလုပ်မလဲ' ကူးချင်က အကြံဉာဏ် တောင်းခံလိုက်သည်။

'ကျွန်မတို့ ပြန်ကြပါစို့ အစ်ကိုရယ်'

'ညီမလေးလီဝါက ဘယ်ကိုပြန်ချင်လို့လဲ'

'အိမ်ကိုပြန်မှာပေါ့၊ အခုလောက်ဆိုရင် အဖေလဲကျွန်မ ကို စိုးရိမ်နေတော့မယ်၊ ပိုင်ဖုန်းဂေဟာက အန္တရာယ်များ ပါတယ် အစ်ကိုရယ်'

ထိုအခါ ချန်းလီသက်ပြင်းချလိုက်လေသည်။ ပြီးနောက် လီဝါကိုလည်း တစ်ချက်စိုက်ကြည့်လိုက်သည်။ ပြီးမှ စကား ဆက်ပြောလေသည်။

'ခက်တယ် ညီမလေးလီဝါ၊ အစ်ကိုတော့ ညီမလေးနဲ့ အတူတူပြန်လို့ မဖြစ်သေးဘူး၊ အစ်ကို့ ရည်ရွယ်ချက်တွေမပြီး သေးဘူး၊ ညီမလေးပြန်ချင်ရင်တော့ အစ်ကိုလိုက်ပို့ပေးမယ်၊ ဘယ့်နှယ်လဲ လိုက်ပို့ပေးရမလား'

ထိုအခါ လီဝါက ခေါင်းကိုခါယမ်းလိုက်သည်။

'အစ်ကိုမပါရင် ကျွန်မလဲ မပြန်တော့ဘူး'





ချန်းလီ သက်ပြင်းချလိုက်ပြန်သည်။

ထိုစဉ် ဆိုင်အတွင်းသို့ ဝတ်စုံညိုများ ဝတ်ဆင်ထားကြ သော လူငါးယောက်ဝင်လာကြသည်။

သူတို့သည် အရက်မှာသောက်ကြပြီး ချက်ချင်းပင် ပြန် ထွက်သွားကြလေသည်။ ချန်းလီတို့လည်း စကားဝိုင်း ဖြတ် သွားလေသည်။

ညစာစားသောက်ခြင်းပြီးဆုံးသွားလေပြီဖြစ်သည်။ ဆိုင် အပြင်မှာလည်း တဖြည်းဖြည်း မှောင်ရိပ်သန်းစ ပြုလာလေ ပြီဖြစ်သည်။

ချန်းလီတို့အုပ်စုသည် ထင်ဟိုင်မြို့တွင်းသို့ အလည်အပတ် ထွက်လာခဲ့ကြသည်။ အလည်အပတ်ဆိုခြင်းထက် သတင်းရှာ ထွက်လာသည်ဟုဆိုလျှင် ပို၍မှန်ကန်ပေသည်။

ချန်းလီတို့အဖွဲ့သည် နဂါးပတ်အဆိပ်အပ်ရှင်၏ သတင်း ကို ရှာဖွေရင်း သတင်းနားစွင့်ဖြင့် တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် တစ်လမ်းဝင်တစ်လမ်းထွက်ဖြင့် လှုပ်ရှားလျှောက်လှမ်းလာ ကြရာ တစ်ခုသော တံတားတစ်ခုအနီးသို့ ရောက်ရှိလာခဲ့ကြ သည်။ ထိုတံတားမှာ အရိပ်မဲ့တံတားပင်ဖြစ်သည်။

လကွယ်ညမျိုးတွင် ထိုတံတားသည် ·မြင်ကွင်း၌ပျောက် နေတတ်သည်။ တံတားနက်ကြီးတစ်ခု ဖြစ်နေသောကြောင့် ပင်။ တံတား၏အောက်တွင် ချောက်ကြီးတစ်ခုရှိသည်။ အသူ တစ်ရာနက်သော ချောက်ကြီးပင်ဖြစ်သည်။ ချန်းလီတို့သည်

ထိုတံတားမှ ဟိုဘက်ထိပ်သို့ ကူးသွားရန် စိတ်ကူးမိကြသည်။ သို့သော် သူတို့ မကူးနိုင်တော့ပါ။ အဘယ့်ကြောင့်ဆိုသော် တံတား၏ သည်ဘက်ထိပ်တွင် လူငါးယောက်ကို တွေ့လိုက်ရသောကြောင့်ဖြစ်သည်။ ၎င်းတို့ ငါးယောက်ကို ချန်းလီကောင်းစွာသိသည်။ ညနေက စားသောက်ဆိုင်တွင် တွေ့လိုက်ရသော လူများပင်ဖြစ်သည်။

သူတို့သည် ချန်းလီတို့အလာကို စောင့်နေကြဟန်တူသည်။ ဒါမှမဟုတ် ချန်းလီတို့နောက်မှဘကောက်ကောက်လိုက်လာ နောက်ယောင်ခံသူများ ဖြစ်ကောင်းဖြစ်နိုင်သည်။ ၎င်းတို့ငါးယောက်သည် လူကောင်းများမဖြစ်နိုင်ပေ။ ချန်းလီတို့သုံးယောက်သားသည် သတိကြီးစွာထားလိုက်ကြသည်။

ထိုအခိုက်အတန့်မှာပင် ၎င်းတို့ ငါးယောက်ထဲမှ တစ်ယောက်သောပုဂ္ဂိုလ်သည် သူတို့ရှေ့မှထွက်လာပြီး ပြောလိုက်သည်။

'ဒီမှာ....မိတ်ဆွေတို့က ဘာကိစ္စနဲ့ ထင်ဟိုင်ကိုလာတာလဲ'

'ခင်ဗျားက ဘယ်သူလဲ၊ ဘာဖြစ်လို့ မေးတာလဲ'

ချန်းလီက ထိုပုဂ္ဂိုလ်အမေးကိုမဖြေဘဲ ပြန်မေးလိုက်၏။

'ကျုပ်ဘယ်သူဆိုတာ သိဖို့မလိုပါဘူး'

'ဒီလိုဆိုရင် ကျုပ်တို့ကိုလဲ မိတ်ဆွေတို့ သိဖို့မလိုပါဘူး'

'ဟား....ဟား....ဟား'

ထိုပုဂ္ဂိုလ်က လှောင်ရယ် ရယ်လိုက်သည်။





'မိတ်ဆွေတို့ကို ကျုပ်သိပါတယ်၊ နဂါးပတ်အဆိပ်အပ်ရှင်ရဲ့ လူတွေမဟုတ်လား'

ထိုလူသည် မျက်နှာတစ်ချက်ပျက်သွားကာ ချက်ချင်းပင် ပြန်ထိန်းလိုက်သည်။

'မင်းရဲ့ထင်မြင်ချက်တွေလွဲနေပြီ၊ ကျုပ်တို့က နဂါးပတ်အဆိပ်အပ်အဖွဲ့က မဟုတ်ဘူး'

'အဲဒီအဖွဲ့မဟုတ်ရင်ကျုပ်တို့ကိုဘာဖြစ်လို့အနှောင့်အယှက်ပြုနေရတာလဲ၊ မိတ်ဆွေတို့နဲ့ ကျုပ်တို့က ရန်ငြိုးရှိလို့လား'

'ဘာပဲဖြစ်ဖြစ် မင်းတို့ကို ထင်ဟိုင်မှာ မတွေ့ချင်ဘူး၊ အားလုံးပြန်သွားကြရင် ကောင်းလိမ့်မယ်ထင်တယ်'

'ထင်ဟိုင်ကနေ မပြန်ဘူးဆိုရင်ကောဗျာ'

'ဒီလိုဆိုရင်တော့ ကျုပ်တို့က ပြန်သွားအောင် လုပ်ပေးရမှာပေါ့'

ထိုအခါ ချန်းလီစိုးရိမ်သွားသည်။ သူတို့ကို ကြောက်၍ကား မဟုတ်ပေ။ လီဝါကိုစိုးရိပ်သွားသောကြောင့်ဖြစ်၏။

ကူးချင်မှာ သိုင်းပညာအခြေခံရှိသော်လည်း လီဝါမှာမူ သိုင်းပညာ အခြေခံမရှိပေ။ ထိုခဏမှာပင် အလင်းရောင်တန်းများသည် လျှပ်စီးလက်သကဲ့သို့ ချန်းလီ၏ကိုယ်ပေါ်သို့ ကျရောက်လာတော့သည်။ ချန်းလီသည် ဓားချက်များကို ရှောင်တိမ်းရင်းဖြင့် လီဝါကို တစ်ဖက်သို့ တွန်းထုတ်လိုက်သည်။

ထိုအခါ လီဝါသည် အရှိန်ဖြင့်တစ်ဖက်သို့ယိမ်းထွက်သွားကာ မြက်ခင်းပြင်ပေါ်သို့ ဖင်ထိုင်လျက်သား ကျသွား၏။ ထိုသို့မလုပ်လျှင် လီဝါမှာ ဓားချက်မိပြီးသေသွားနိုင်သည်။

ကူးချင်သည် မိုးကြိုးဓားသိုင်းကွက်ဖြင့် ရန်သူနှစ်ယောက်ကို လျှပ်တစ်ပြက် ဝင်တိုက်လိုက်သည်။

ထို့အတူ ချန်းလီကလည်း ရုတ်တရက် တစ်ဖက်မှ တိုက်ကွက်ကိုရှောင်တိမ်းလိုက်ပြီးနောက် ငှင်းတို့သုံးယောက်ထဲမှ တစ်ယောက်ကို မြင်းကန်သိုင်းကွက်ဖြင့် ကန်ထည့်လိုက်ရာ အားဟူညည်းတွားရင်း ချောက်ထဲကျသွားသည်။

လီဝါမှာ ပွဲကြည့်ပရိသတ်ဖြစ်သည်။

သို့သော်လည်း သူမသည် ချန်းလီအတွက်စိုးရိမ်ကြောင့်ကြနေသည်။ တစ်ဖက်တွင်လည်း ကူးချင်သည် ရန်သူနှစ်ယောက်နှင့် အကြိတ်အနယ်တိုက်ခိုက်နေသည်။ သူမ၏ သိုင်းကွက်နှင့် ဓားရေးသည်လည်း အဆင့် သိပ်မနိမ့်လှပေ။

တစ်ကြိမ်တွင် ရန်သူနှစ်ယောက် ကူးချင်ကို ပန်းခူးဓားကိုင် သိုင်းကွက်ဖြင့် ပြိုင်တူဝင်တိုက်လိုက်ကြသည်။

ကူးချင်ကလည်း လိပ်ပြာလန့်ပြေး သိုင်းကွက်ဖြင့်လေပေါ်သို့ ရိပ်ခနဲ မြောက်တက်သွားသည်။ ရန်သူ ဓားနှစ်လက်က ကူးချင်၏ ခြေထောက်အောက်မှ ဖြတ်သွားကြ၏။ ကူးချင်ပြန်အကျတွင် တစ်ယောက်ကို ခြေထောက်ဖြင့် ကန်ထည့်လိုက်၏။

ထိုလူအရှောင်မြန်သွားသဖြင့် ထိချက်လွဲသွားလေ၏။





ထိုအချိန်တွင် ချန်းလီမှာလည်း ရင်သူနှစ်ယောက်ကို မြင်းထန်စွာ တိုက်ခိုက်ခြင်းမပြုသေးဘဲ အရှင်မိရန် ကြိုးစားနေသဖြင့် တိုက်ပွဲမှာ မကြာသင့်ဘဲ ကြာနေရသည်။

ချန်းလီသည် ရန်သူနှစ်ယောက်နှင့် ယှဉ်ပြိုင်တိုက်ခိုက်နေစဉ်မှာပင် အော်ဟစ်ညည်းတွားသံတစ်ခုကြောင့် စိုးရိမ်စိတ်ဝင်ကာ ကူးချင်ကို လှမ်းကြည့်လိုက်သည်။

ကူးချင်၏ဓားချက်က ရန်သူ၏ဗိုက်ထဲသို့ ဝင်ရောက်သွားသည်။ ရန်သူ၏နာကျင်၍ ညည်းတွားသံပင်ဖြစ်သည်။

ကူးချင်ကို စိုးရိမ်စိတ်ဖြင့် လှည့်ကြည့်လိုက်သော ချန်းလီမှာ အာရုံတစ်ချက်ပျက်သွားရသလိုသတိလည်းတစ်ချက်လွတ်သွားရသည်။ ထိုစဉ် အလစ်ချောင်းနေသောရန်သူက ချန်းလီကို ဓားဖြင့် ဝိုင်းခုတ်လိုက်သည်။

ချန်းလီသည် ရိပ်ခနဲဝင်လာသော ရန်သူ့ဓားကို ပြင်းထန်စွာ ရိုက်ခတ်ပစ်လိုက်သည်။ ရန်သူ့လက်တွင်းမှဓားသည် လွင့်ကျသွား၏။ တစ်ဆက်တည်းပင် ချန်းလီ၏ 'နဂါးမိုးပျံ' သိုင်းကွက်က ရန်သူ၏ ညာဘက်ရင်အုံကို 'ဝုန်း' ခနဲ ထိမှန်သွား၏။ နဂါးမိုးပျံသိုင်းကွက်မှာ အလွန်ရက်စက်သော သိုင်းကွက်တစ်ကွက် ဖြစ်ပေသည်။ သို့သော် ချန်းလီမတတ်နိုင်တော့ပါ။

မလွဲမရှောင်သာသောအခြေအနေက ဖန်တီးလာသည့်မို့ ပြင်းထန်စွာတိုက်ခိုက်လိုက်ရသည်။ ထိုသိုင်းကွက်မှာ ခြေသိုင်းကွက်ဖြစ်သည်။ 'ဝုန်း' ဟူသော အသံနှင့်အတူ ထိုလူသည်

လွင့်စဉ်ကာချောက်ထဲသို့ ထိုးကျသွားသည်။ ကူးချင်နှင့် တိုက်ခိုက်နေသော အညိုရောင်ဝတ်စုံနှင့်လူမှာလည်း 'အား' ခနဲ တစ်ချက် အော်ကာ ချောက်ထဲသို့ ကျသွားပြန်သည်။

'ကူးချင် ခင်ဗျားခဏနားဦး၊ ကျွန်တော် သူ့ကို လက်ရဖမ်းဖို့ ကြိုးစားလိုက်ဦးမယ်'

ထိုလူမှာ ခေါင်းဆောင်ဖြစ်သော်လည်း ယခုအချိန်မှာ ကျားရှေ့ရောက်နေသော သိုးငယ်တစ်ကောင်ကဲ့သို့ ဖြစ်ကာ တုန်လှုပ်ချောက်ချားနေသည်။ ထိုလူ၏ သိုင်းကွက်မှာလည်း ဖရိုဖရဲဖြစ်စပြုနေသည်။ ချန်းလီသည် ဓားကိုဓားအိမ်အတွင်းသို့ ချပ်ခနဲပြန်သွင်းလိုက်သည်။ ထိုလူမှာ အခွင့်ကောင်းရပြီအထင်နှင့် ချန်းလီကို ဓားဖြင့်ပိုင်းချလိုက်သည်။ ချန်းလီ ရှောင်တိမ်းခြင်းမပြုဘဲအရှိန်ပြင်းစွာဖြင့် ဝင်လာသောဓားကို လက်ညှိုးဖြင့် တောက်ထုတ်လိုက်သည်။

ရန်သူလက်တွင်းမှ ဓားသည် လွင့်စဉ်ကျသွားတော့၏။ တစ်ဆက်တည်းမှာပင် ချန်းလီသည် ရန်သူ၏သွေးကြောများများကို လျှပ်တစ်ပြက် ပိတ်ဆို့ပစ်လိုက်သည်။

'ဒီမှာ မင်းဘယ်သူလဲ၊ တို့ကို မှန်မှန်ပြောရင် မင်းကို ဘာမှမလုပ်ဘူး၊ သွေးကြောလဲ ပြန်ဖွင့်ပေးမယ်၊ မင်း နဂါးပတ် အဆိပ်အပ်ရှင်အဖွဲ့ကမဟုတ်လား'

ထိုလူသည် ခြေလက်မလှုပ်နိုင်သော်လည်း ပါးစပ်ကမူ စကားကို ကောင်းစွာပြောနိုင်ပေသည်။ သို့သော် သူမပြော





ပါ။ သူ၏မျက်လုံးအစုံက ကျီးကန်းတစ်ကောင်လိုဖြစ်နေ၏။ သူ၏အကြည့်များက ဘေးဘီဝဲယာသို့ ရောက်နေ၏။ တစ်စုံတစ်ယောက်ကို ကြောက်ရွံ့နေသည့်သဘော ဖြစ်၏။ သူသည် တစ်စုံတစ်ရာကိုပြောရန် ပါးစပ်ပြင်လိုက်သည်။

ထိုစဉ်မှာပင် အဝါရောင်အလင်းတန်းတစ်ခုက သူ့ဆီဝင်ရောက်လာပြီး ဂုန်းခနဲ မြေပေါ်သို့လဲကျသွားသည်။ ချန်းလီသည် အဝါရောင်အလင်းတန်းလာရာသို့ လှည့်ကြည့်လိုက်ရာ အရိပ်သဏ္ဍာန်တစ်ခု လှစ်ခနဲ မြင်းပေါ်သို့ ခုန်တက်ကာ မြင်းကို ဒုန်းစိုင်းပြီးထွက်သွားသည်ကို တွေ့လိုက်ရ၏။ ချန်းလီ ထိုလူနောက်သို့လိုက်ရန် ကြိုးစားသေး၏။ သို့သော် လိုက်၍ကား မဖြစ်နိုင်တော့ပေ။ ချန်းလီစိတ်လျှော့လိုက်သည်။ မျက်နှာဖုံးနှင့်လူမှန်းတော့ ချန်းလီသိလိုက်သည်။ သူသည် အချိန်မီ ရောက်လာပြီး သူ့လူကိုနှုတ်ပိတ်သွားခြင်းဖြစ်၏။ သူ၏လူကား သေနေပြီဖြစ်သည်။

## အခန်း (၂၉)

လျှိုမန်းသည် ချန်းလီတို့တည်းခိုနေသော စားသောက်ခန်းသို့ ထိုနေ့မနက်ပိုင်းတွင် ရောက်ရှိလာခဲ့လေသည်။

'ညီလေးချန်းလီ အခြေအနေတော့ နည်းနည်းထူးလာပြီဟေ့'

လျှံမန်းက ဝမ်းသာအားရပြောလိုက်သည်။

'နဂါးပတ်အဆိပ်အပ်ရှင် ဘယ်သူလဲဆိုတာ အစ်ကိုသိခဲ့ရပြီပေါ့ ဟုတ်လား'

'တိတိကျကျတော့ မသိသေးဘူး၊ သူ အခု တိဘက်ကို ရောက်နေတယ်လို့ သတင်းကြားတယ်'

လျှံမန်း၏စကားကြောင့် ချန်းလီထိတ်လန့်သွားလေ၏။ အဘယ်ကြောင့်ဆိုသော် ဆရာစင်းချန်ပြောခဲ့ဖူးသောစကားတစ်ရပ်တွင် ဆရာစင်းချန်၏ဆရာဖြစ်သော ဆရာကြီး ချီမာသည် တိဘက်တွင်ရှိသည် ဟူ၏။

နဂါးပတ်အဆိပ်အပ်ရှင် တိဘက်သို့သွားခြင်းသည် ဆရာကြီး ချီမာကို လုပ်ကြံရန် သွားခြင်းလော ဟူသောအတွေးက ချန်းလီကို အနှောင့်အယှက်ပြုနေလေတော့၏။

'အစ်ကိုပြောတဲ့ နဂါးပတ်အဆိပ်အပ်ရှင် တိဘက်ကိုသွားတယ်ဆိုတာ အဟုတ်ပဲလား'

'ငါ သတင်းကြားခဲ့တာပဲ'

'ဘာကိစ္စနဲ့များသွားတာလဲ အစ်ကိုလျှံမန်း'

'သူက ခေါင်းပြတစ်ယောက်ပဲကွာ၊ တိဘက်ကိုသွားပြီး ဘာဆက်လုပ်ရမှာလဲ၊ ခိုးဆိုးတိုက်ခိုက်ဖို့သွားတာပဲ ဖြစ်မှာပေါ့'

ညကတွေ့ခဲ့ရသောမျက်နှာဖုံးနှင့်လူသည်နဂါးပတ်အဆိပ်အပ်ရှင်ဖြစ်ခဲ့ရိုးမှန်လျှင် တိဘက်သို့ ရောက်နေပြီဆိုသော သတင်းသည် လုပ်ကြံသတင်းသာ ဖြစ်ပေလိမ့်မည်။ နောက်





တစ်ခု စဉ်းစားစရာဖြစ်နေသည်က အဆိပ်အပ်ရှင်သည် တစ်ကိုယ်တော်လူဆိုးကြီးဟု ချန်းလီကြားဖူးခဲ့၏။ ညကကိစ္စမျိုးဆိုလျှင် နဂါးပတ်အဆိပ်အပ်ရှင်သည် ဘယ်နည်းနှင့်မျှ တစ်ကိုယ်တော်လူဆိုးကြီး မဖြစ်နိုင်။ သူသည် အဖွဲ့အစည်းတစ်ရပ်ကို လျှို့ဝှက်စွာဖွဲ့စည်းပြီး သူကိုယ်တိုင်ကမူ တစ်ယောက်တည်းလှုပ်ရှားနေသယောင် သိုင်းလောကကို သတင်းလွှင့်ထားပေလိမ့်မည်။ ချန်းလီ မတွေးတတ်အောင်ဖြစ်နေ၏။ ညကကိစ္စကို လျှံမန်းအား ပြောပြလိုက်လျှင် ကောင်းလေမလားဟု စဉ်းစား၏။ အတန်ကြာအောင် နေပြီးမှ ပြောသင့်သည်ဟုသဘောရကာ ညက ကိစ္စကို လျှံမန်းအားပြောပြလိုက်လေတော့၏။

'ဟင်....ဒီလိုဆိုရင် အဆိပ်အပ်ရှင်ဟာ တိဘက်ကိုရောက်နေတယ်ဆိုတဲ့သတင်းက မဟုတ်နိုင်ဘူးပေါ့၊ အင်း....ဖြစ်နိုင်တယ်၊ ဒီကောင်ဟာ တော်တော်လျှင်တဲ့ကောင်ပဲ၊ ငါတို့တောင် မျက်စိလည်သွားပြီ'

'ကျွန်တော်ကတော့ သူ တိဘက်ကို ရောက်နေတယ်ဆိုတဲ့ သတင်းကို လုံးဝမယုံကြည်ဘူး၊ လက်လဲမခံဘူး၊ သတင်းဖြန့်လိုက်တာလို့ထင်တယ်'

'အေး....ဖြစ်နိုင်တယ်၊ ဒီကောင် ငါတို့ကို တစ်ပတ်ရိုက်တာပဲ၊ ငါသူ့နောက်ကို လိုက်နေတယ်ဆိုတာကို သတင်းရထားလို့ အခုလို ပရိယာယ်ဆင်ပြီး ရှောင်နေတာ ဖြစ်မယ်'

'သူ ဘယ်လိုနေရာမျိုးမှာ ရှိနိုင်သလဲ'

'အင်း....ခက်တော့ ခက်နေပြီ'

လျှမ်းလည်း မစဥ်းစားတတ်အောင် ဖြစ်နေသည်။

'ခေါင်းကို တစ်ဖျင်းဖျင်းကုတ်ကာ အကြံထုတ်နေ၏။

ချန်းလီသည် လျှမ်းထံမှထွက်ပေါ်လာမည့် စကားသံကို မျှော်လင့်ကြီးစွာဖြင့်စောင့်မျှော်နေသော်လည်း လျှမ်းမှာ ရုတ်တရက် စကားဆိုခြင်းမရှိဘဲ အတန်ကြာတွေးနေ၏။

ထို့ကြောင့် ချန်းလီက စိတ်မရှည်နိုင်တော့ဘဲ လျှို့ဝှက်ချက်တစ်ခုကို ထုတ်ဖော်ကာ လျှမ်းအား မေးလိုက်လေ၏။

'အစ်ကို့ကို ကျွန်တော် ကိစ္စတစ်ခုတိုင်ပင်ချင်တယ်၊ အဲ....ဘာလဲဆိုတော့ ပိုင်ဖုန်းကိစ္စပါ၊ သူ့ကို ကျွန်တော် သံသယဝင်နေတယ်၊ နဂါးပတ်အသိုင်းအဝိုင်းဟာ သူများ ဖြစ်နေမလား မသိဘူး'

ချန်းလီ၏စကားကိုကြားလိုက်ရသောအခါ လျှမ်းသည် ရုတ်တရက် ထိတ်လန့်၍သွားလေသည်။ မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်ကာ အတန်ကြာအောင် စိုက်ကြည့်နေပြီးမှ...

'မင်းက သူ့ကို ဘာဖြစ်လို့ ထင်နေတာလဲ၊ သူ့ရဲ့လှုပ်ရှားမှုနဲ့ ပတ်သက်ပြီး ဘာတွေများ တွေ့မြင်ထားလို့လဲ'

'သူ့လူတွေကို ကျွန်တော် သိပ်မသင်္ကာဘူး၊ နောက်ပြီး သူကိုယ်တိုင်ကလဲ ကိစ္စတစ်ခုရှိတယ်ဆိုပြီး ထွက်သွားလိုက်တာ ခုထိကို ပြန်ရောက်မလာသေးဘူး၊ အဲဒါဟာ ကျွန်တော်နားမလည်နိုင်တဲ့ ကိစ္စတစ်ရပ်ပဲ၊ ကိစ္စရှိတယ်ဆိုပြီး သူထွက်သွား





တာဟာ လုံးဝအဓိပ္ပာယ်မရှိဘူး၊ ကျွန်တော်တို့ဟာ သူငယ်သည်တွေပဲ၊ ငယ်သည်နဲ့ အိမ်ရှင် ဆက်ဆံရေးဟာ ဒီလိုမှ မဟုတ်ဘဲ၊ အံလဲမဝင်ခွင်လဲမကျဘူး၊ ခုလိုပုံစံမျိုးချိုးသွားတာတော့ မကောင်းဘူး၊ မကောင်းဘူးဆိုတာထက် မရိုးသားဘူးလို့ ပြောရင်တောင် ပိုပြီးအဆင်ပြေလိမ့်မယ်အစ်ကို၊ အစ်ကိုပဲစဥ်းစားကြည့်လေ၊ ကျွန်တော်ပြောတာ ဖြစ်နိုင်သလား၊ မဖြစ်နိုင်ဘူးလားဆိုတာ'

'အင်း'

'ငါကတော့ မင်းထင်သလိုမထင်ဘူး၊ ဒီကောင်ကအလုပ်ကြီး အကိုင်ကြီးသမား၊ အခုထွက်သွားတာကလဲအလုပ်ကိစ္စပဲလို့ ထင်တယ်၊ ဘာပဲပြောပြောလေ သူငယ်ချင်းကသူငယ်ချင်း အလုပ်သဘောက အလုပ်သဘောပဲလေ၊ ဒီတော့ကာ အခြေအနေတော့ စောင့်ကြည့်ရမှာပဲ၊ လောကမှာမထင်မှတ်တာတွေကလဲ ဖြစ်နိုင်တာပဲ၊ ငါ သဘောပေါက်ပါတယ် ညီလေးချန်းလီ'

'ဒါနဲ့ သူက ဘယ်ကိုခရီးထွက်သွားတာလဲ'

'အေး....အဲဒါတော့ ငါလဲမသိဘူး'

'ဒါဆို သူဘယ်တော့ ပြန်လာမှာလဲ၊ ကျွန်တော်တို့ကကော ဒီလိုပဲ ဆက်ပြီးနေရမှာလား'

'သူဘယ်တော့ ပြန်လာမယ်ဆိုတာလဲ တိတိကျကျမပြောနိုင်ဘူး၊ နေရေးထိုင်ရေးကတော့ ငါကြည့်ပြီး စီစဥ်ပေး

ပါ့မယ်၊ မင်းတို့ ပိုင်ဖုန်းဂေဟာမှာနေရတာ သိပ်စိတ်ကျဉ်းကျပ်နေသလား’

‘ဟုတ်တယ်….တော်တော့်ကို စိတ်ကျဉ်းကျပ်နေတယ်’

‘ဒီလိုဆိုရင် တည်းခိုခန်းမှာပဲဆက်နေကြ၊ ပိုင်ဖုန်းလာရင် ငါကြည့်ပြောပြလိုက်မယ် ဘယ့်နှယ်လဲ’

‘ကောင်းပါတယ်…အစ်ကိုလျှမ်း’

ထိုညအဖို့ ချန်းလီတို့သည် တည်းခိုခန်းမှာပင် နေဖြစ်ကြသည်။ ချန်းလီက တစ်ခန်း၊ လီဝါနှင့်ကူးချင်ကတစ်ခန်းဖြစ်လေသည်။ ချန်းလီမှာ အိပ်မပျော်သေးသဖြင့် ဝရံတာသို့ ထွက်၍လာခဲ့သည်။ ရှေ့ဆက်ရမည့် လုပ်ငန်းစဉ်များကို စဉ်းစားကာ နေလေသည်။ ထိုအခါ လီဝါသည်လည်း အိပ်မပျော်သေးသဖြင့် ချန်းလီရှိရာသို့ ထွက်လာခဲ့၏။

‘ညီမလေးလီဝါ၊ မအိပ်သေးဘူးလား’

‘အိပ်မပျော်လို့ပါ အစ်ကိုရယ်’

‘ဘာဖြစ်လို့လဲ….အိမ်ကိုလွမ်းနေလို့လား’

‘ဟင့်အင်း.. အစ်ကိုနဲ့အတူနေရတာပဲ ပျော်ပါတယ်’

လီဝါ၏ စကားကြောင့် ချန်းလီမှာ ပြုံး၍နေသည်။

‘အစ်ကို လီဝါကိုသိပ်ချစ်တယ်’

‘လီဝါကော အစ်ကို ကိုချစ်ရဲ့လား’

ထိုနောက် လီဝါ ခေါင်းငုံ့ထားလေသည်။ သို့သော်ရင်ခုန်ခြင်းကား ရပ်တန့်သွားခြင်းမရှိ။





‘ပြောလေလီဝါ’

‘ကျွန်မ….ကျွန်မ အစ်ကို့ကို ချစ်ပါတယ်’

လီဝါ၏စကားအဆုံး၌ ချန်းလီသည် လီဝါ၏ ကိုယ်လုံးကလေးကို ပွေ့ဖက်လိုက်သည်။

တိတ်ဆိတ်ငြိမ်သက်မှုသည် ဝရံတာပေါ်ရှိ အပ်ကျသံပင်မကြားနိုင်လောက်အောင် ဖြစ်ပေါ်နေသည်။ သူတို့နှစ်ဦးသည် လောကတစ်ခုလုံးကို ဥပေက္ခာပြုကာ မေ့လျော့နေ၏။

သို့သော် မမေ့သူတစ်ဦးကား မှောင်ရိပ်တစ်နေရာတွင် ရှိနေသည်။ သူကား ကူးချင်ပင်ဖြစ်သည်။

သူမသည် ထိုအဖြစ်အပျက်ကို မြင်တွေ့ကာ သူ၏ရင်ထဲမှ မဖော်ပြနိုင်သော ဝေဒနာတစ်ရပ်ကို ပြင်းထန်စွာ ခံစားနေရသည်။ မျက်လုံးအစုံ၌ မျက်ရည်များ စီးကျနေသည်။ အချစ်သည် မျက်ရည်ပင်လော။

…. ….

## အခန်း ( ၂၉ )

ချန်းလီ၏စိတ်ထဲတွင် ပိုင်ဖုန်းဂေဟာကို ရောက်ရှိနေသည်။ ပိုင်ဖုန်းဂေဟာနှင့်ပိုင်ဖုန်းကို စိတ်ဝင်စားနေခြင်းဖြစ်သည်။ ယခုလောက်ဆိုလျှင် ပိုင်ဖုန်းပြန်ရောက်နေပြီလားဟု မှန်းဆကြည့်နေသည်။ တည်းခိုခန်းတွင် ကူးချင်နှင့်

လီဝါကို ခဏထားခဲ့ပြီး ပိုင်ဖုန်းဂေဟာကိုသွားရင်ကောင်းလေမလားဟု စဉ်းစားသည်။

နောက်ဆုံးတော့ ချန်းလီသည် ပိုင်ဖုန်းဂေဟာသို့ တစ်ယောက်တည်း ထွက်လာခဲ့သည်။ အချိန်ကား နံနက်ပိုင်းပင်ဖြစ်သည်။

ချန်းလီ ခြံထဲသို့ဝင်လိုက်သည်နှင့် ခြံစောင့်က....

'ခင်ဗျား ပိုင်ဖုန်းသခင်လေးရဲ့မိတ်ဆွေမဟုတ်လား'

'ပိုင်ဖုန်းသခင်လေး မရောက်သေးဘူးဗျ'

'အစ်ကိုလျှမ်းကော ရှိလား'

'မရှိဘူး'

ပိုင်ဖုန်းမရှိသေးလျှင်တော့နောက်ကြောင်းပြန်လှည့်တာကောင်းမည်ဟု စဉ်းစားပြီး ခြံစောင့်ကို နှုတ်ဆက်ကာ ပြန်လှည့်ခဲ့သည်။ မြင်းကို ခပ်မှန်မှန်ကလေး နှင်လာခဲ့သည်။ ပိုင်ဖုန်းဂေဟာနှင့် အတော်ဝေးဝေးသို့ ရောက်သောအခါ ရုတ်တရက် အဝါရောင်အလင်းတန်းတစ်ခုကို ချန်းလီ ရိပ်ခနဲတွေ့မြင်လိုက်ရသည်။

ချန်းလီသည် မြင်းပေါ်မှ အချိန်မီ ခုန်ဆင်းလိုက်ရသည်။

အဝါရောင်အလင်းတန်းမှာ နဂါးပတ်အဆိပ်အပ် တစ်ချောင်းဖြစ်ကြောင်း ချန်းလီကောင်းစွာသိသည်။ ထိုအလင်းတန်းသည် ချန်းလီကိုမထိဘဲ မြင်းကိုထိမှန်ကာ မြင်းသည် ဝုန်းခနဲ လဲကျသေဆုံးသွားလေတော့သည်။





'ဟိတ်....သတ္တိရှိရင် ထွက်ခဲ့စမ်း'

'ခင်ဗျားဘယ်သူလဲ၊ နဂါးပတ်အဆိပ်အပ်ရှင်လား'

'ဟား....ဟား....ဟား.... ငါ အဆိပ်အပ်ရှင် ဖြစ်တယ်လို့ ဘယ်သူကပြောသလဲ'

'ဘယ်သူမှမပြောလို့သေချာအောင်ကျုပ်ကမေးနေတာ'

မျက်နှာဖုံးနှင့်လူသည် ဓားတစ်လက်ကို ဓားအိမ်မှ လျင်မြန်စွာ ချွတ်လိုက်သည်။ အခြေအနေမှာ တင်းမာစပြုလာသည်။

မျက်နှာဖုံးနှင့်လူသည် ရှေ့တစ်လှမ်း တက်လာပြန်၏။ ထိုအခါ ချန်းလီသည် ဓားကို ဓားအိမ်မှ လျင်မြန်စွာ ချွတ်လိုက်သည်။ အခြေအနေမှာ တင်းမာစပြုလာသည်။

'ခင်ဗျား အဆိပ်အပ်ရှင်ဆိုရင် ကျုပ်တစ်ခုမေးချင်တယ်'

'မင်းကငါ့ကိုဘာမေးချင်လို့လဲ'

ချန်းလီ ခေတ္တငြိမ်သွားသည်။ အဘယ်ကြောင့်ဆိုသော် မျက်နှာဖုံးစွပ်ထားသောသူ၏လေသံကို တစ်နေရာ၌ကြားဖူးသည်ဟုထင်ကာ စဉ်းစားနေသောကြောင့်ဖြစ်သည်။

'မင်းကငါ့ကို ဘာမေးချင်လို့လဲ မေးလေ'

'ခင်ဗျား ဆရာစင်းချန်ကို သိလား'

'ဘယ်က ဆရာစင်းချန်လဲ ငါမသိဘူး'

'ဆရာစင်းချန်ဆိုတာ ကိုးသချိုင်း ဓားသိုင်းဆရာလေ၊ နပါးပတ်အဆိပ်သင့်ပြီး သေဆုံးခဲ့တဲ့ ပုဂ္ဂိုလ်ပေါ့'

'အေး... ငါသိတယ်၊ အဲဒါဘာဖြစ်လဲ'

'ကျုပ်ဆရာကိုသတ်ပြီး ကိုးသချိုင်းဓား ခိုးယူသွားတာ ခင်ဗျားလား'

'ဟုတ်တယ်၊ ငါပဲ'

'ဒီလိုဆိုရင် ကျင်တိတ်ကိုသတ်တာလဲခင်ဗျားပဲပေါ့'

'ဘယ်ကကျင်တိတ်လဲ၊ ငါမသိဘူး'

'ကျုပ်ရဲ့မိန်းကလေးမိတ်ဆွေဖြစ်တဲ့ ကူးချင်ရှဲ့အဖေလေ၊ ခင်ဗျားသူ့ကို သတ်ခဲ့တယ်မဟုတ်လား'

'အြော်....အေး၊ ဟုတ်တယ်....ငါသတ်ခဲ့တယ်'

'ဒါဆိုရင် ခင်ဗျားဟာ လူတွေကိုသတ်ပြီး တန်ဖိုးမဖြတ်နိုင်တဲ့ပစ္စည်းတွေကို ဓားပြတိုက်ယူနေတဲ့ လူဆိုး တစ်ယောက်ပေါ့'

'ဟား....ဟား....သိပ်ဟုတ်တာပေါ့'

မျက်နှာဖုံးနှင့်လူသည် ဓားကို လေထဲ၌ ဝှေ့ယမ်းလိုက်သည်။ ဟန်ပြသဘောပင်။ ချန်းလီသည် ထိုလူကိုအကဲခတ်နေသည်။ သူလှုပ်ရှားနိုင်ခဲ့သော် အဆင်သင့် ကာကွယ်ရန်ဖြစ်သည်။ ထိုလူသည် အလစ်၌လှုပ်ရှားရန်အတွက် ချန်းလီကို ချောင်းနေပေသည်။ ချန်းလီကလည်း အလစ်မပေးပေ။ ထို့နောက် ချန်းလီက ရုတ်တရက်မေးခွန်းတစ်ခုမေးလိုက်၏။

'ခင်ဗျားဘယ်သူလဲဆိုတာ ကျုပ်သိတယ်'

'ကဲ...ပြောစမ်း၊ ငါဘယ်သူလဲ'

'ခင်ဗျားဟာ သူတော်ကောင်းဟန်ဆောင်ထားတဲ့ဓားပြ သူခိုးကြီး ပိုင်ဖုန်း မဟုတ်လား'

'ဟား....ဟား....ဟား'





'ကျုပ်ပြောတာ ဘာမှားသွားလို့လဲ ပိုင်ဖုန်း'

'ကျုပ် ပိုင်ဖုန်းမဟုတ်ဘူး'

ထိုလူ၏အဖြေစကားကြောင့် ချန်းလီ တွေဝေသွား၏။

'ဒါဖြင့် ခင်ဗျားဘယ်သူလဲ'

'မင်းသိဖို့ မလိုဘူး'

'ဒါဖြင့် ခင်ဗျားရဲ့ နဂါးပတ်အဆိပ်အပ်နဲ့ ကျုပ်ကိုထုတ်ပြီး မတိုက်ရဲဘူးလား၊ သတ္တိရှိရင် ထုတ်လိုက်လေ'

'ထုတ်ဖို့မလိုဘူး မင်းကို ဓားနဲ့ပဲတိုက်မယ်'

ချန်းလီ ခေတ္တစဉ်းစားလိုက်ပြန်သည်။ ထို့နောက်ဆရာစင်းချန်၏စကားသံက ခေါင်းထဲဝင်ရောက်လာပြန်သည်။

'ငါ့ကိုလုပ်ကြံသွားတဲ့လူဟာ သိုင်းသမား တစ်ယောက်မဟုတ်ဘူး၊ အင်မတန် ကောက်ကျစ်စဉ်းလဲပြီး ယုတ်မာပက်စက်တဲ့ လူယုတ်မာတစ်ယောက်ပဲ၊ မိန်းမလို မိန်းမရနည်းနဲ့ ငါ့ကို လုပ်ကြံသွားတယ်၊ တကယ်တော့သူငါ့ကိုမနိုင်ပါဘူး'

ဆရာစင်းချန်၏စကားသံက ချန်းလီ၏နားထဲ၌ ပဲ့တင်ထပ်စေသည် ချန်းလီသည် အံကိုတစ်ချက် ကြိတ်လိုက်ပြီး...

'နဂါးပတ်အဆိပ်အပ်ရှင်ဟာ မင်းမဟုတ်ဘူး'

'မင်းက ဘာလို့ဒီလိုပြောနိုင်တာလဲ'

'ဘာဖြစ်လို့လဲဆိုတော့ မင်းက သိုင်းတတ်နေလို့ပဲ'

'မင်းဆိုလိုတာက နဂါးပတ်အဆိပ်အပ်ရှင်ကသိုင်းမတတ်ဘူးဆိုတဲ့ သဘောလား'

'ဟုတ်တယ်'

မင်းအထင်တွေမှားသွားပြီ မိတ်ဆွေ'

'ငါ့အထင်တွေ လုံးဝမမှားဘူး၊ မင်း ဘယ်သူလဲဆိုတာ မှန်မှန်ပြောစမ်း၊

ချန်းလီစကားဆုံးသည်နှင့် ထိုလူသည် ရုတ်တရက် လှုပ်ရှားလာလေသည်။ ချန်းလီသည် သူ၏ဓားချက်ကို လျင်မြန်စွာ နောက်တစ်လှမ်းဆုတ်၍ ရှောင်လိုက်သည်။ သူ၏ ဓားချက်မှာ အလွန်ပြင်းထန်သော်လည်း ချန်းလီကိုမူ ထိအောင် မတိုက်ခိုက်နိုင်ခဲ့ပေ။

သူ၏ဓားချက် လွဲချော်သွားခဲ့သည်နှင့် ချန်းလီက ဗျိုင်းဖြူငါးဖမ်း သိုင်းကွက်က ရုတ်တရက် လှုပ်ရှားလိုက်၏။

ထိုလူသည် ချန်းလီ၏ဓားချက်ကို ဆီးခံလိုက်သော်လည်း ပြင်းထန်သော ဓားချက်ကို ဟန့်တားနိုင်စွမ်း မရှိခဲ့ပေ။ ထိုအခါ လက်ထဲမှဓား လွတ်ကျသွားသည်။ သူ၏လွတ်ကျသွားသောဓားကို ခြေထောက်ဖြင့် ခပ်ထုတ်လိုက်သည်။ ထိုစဉ် အခြားသစ်ပင်မှ မျက်နှာဖုံးစွပ် လူတစ်ယောက် ထွက်လာပြန်သည်။ ထိုလူသည် ချန်းလီကန်ထုတ်လိုက်သော ဓားကို လေထဲမှဖမ်းယူလိုက်သည်။

ဒုတိယလူကိုရင်ဆိုင်လိုက်သည်နှင့် ပထမလူကို သတိ တစ်ချက်လွတ်သွားသည်။ ချက်ချင်းသတိရသည်နှင့် လှည့်ကြည့်ရာ ပထမလူသည် ကိုယ်ဖော့သိုင်းကွက်ဖြင့် ထွက်ပြေးသွားသည်။





ထိုစဉ် ဒုတိယလူသည် ဓားနှစ်လက်ကို လက်တွင် မြဲမြံစွာ ဆုပ်ကိုင်ရင်း ချန်းလီအနားသို့ လျှောက်လာသည်။

'မင်း ဘယ်သူလဲ'

ချန်းလီ၏အမေးကို ထိုသူမဖြေပါ။ ရုတ်တရက် ထိုလူသည် ဓားနှစ်လက်ကိုဝှေ့ယမ်းပြီး ချန်းလီကို တိုက်ခိုက်လိုက်သည်။

'ဒန်....ဒလန်'

ဓားစကြာသည် ရုတ်တရက် ရပ်တန့်သွားသည်။

'မိတ်ဆွေက ဘယ်သူလဲ၊ နဂါးပတ်အဆိပ်အပ်ရှင် မဟုတ်ဘူး၊ ကျုပ်သိတယ်၊ ကျုပ်ကိုမလိမ်နဲ့'

ထိုလူသည် ချန်းလီ၏အမေးကို မဖြေဘဲ ဓားနှစ်လက်ကို ဝှေ့ယမ်းကာ ခုန်ဝင်လာသည်။

ချန်းလီနောက်သို့ ခြေလှမ်းလေးငါးလှမ်းဆုတ်သွားပြီး မြေပြင်ပေါ်မှ အဆင်သင့်တွေ့ရသော ကျောက်ခဲတစ်လုံးကို ခြေဦးဖြင့်ကော်၍ ကန်ထုတ်လိုက်သည်။ ထိုကျောက်ခဲသည် ဝှစ်ခနဲမြည်ကာ တဝှီဝှီလည်ပတ်နေသော ဓားစကြာစက်ဝိုင်း အတွင်း တန်းတန်းမတ်မတ် ဝင်သွားသည်။

ဓားသည် ကျောက်ခဲနှင့် ပြင်းထန်စွာ ထိတွေ့သွားပြီး ရပ်တန့်သွားသည်။ ထိုစဉ် နောက်ထပ်ကျောက်ခဲတစ်လုံးကို ဝုန်းခနဲ ကန်လွှတ်လိုက်ပြန်၏။

ထိုကျောက်ခဲသည်လည်း ထိုလူ၏သွေးကြောတစ်ခုကို ထိမှန်လေရာ ထိုလူသည် တောင့်တောင့်ကြီး ဖြစ်၍သွားလျက်

လက်ထဲမှ ဓားနှစ်လက်ပါ မြေပေါ်သို့တစ်ဖုတ်ဖုတ်လွတ်ကျသွားလေသည်။ ထိုနောက် ချန်းလီသည် ဟိုလူ၏မျက်နှာဖုံးကို ဆွဲချွတ်လိုက်လေတော့သည်။

'အလို'

ချန်းလီသည် အလွန်ပင်အံ့ဩ၍ အသံပင်လွှတ်သွားသည်။ ထိုလူမှာ သူလုံးဝမထင်မှတ်သော လူတစ်ယောက် ဖြစ်သည်။ ထိုလူကား ပိုင်ဖုန်း၏ဘယ်လက်ရုံးဖြစ်သည့် ဝမ်တာဖြစ်၏။

'ဩြော်....ခင်ဗျားကို၊ နဂါးပတ်အဆိပ်အပ်ရှင်ကတော့ မင်းမဟုတ်ဘူး၊ ပိုင်ဖုန်းမဟုတ်လား၊ အခု ပိုင်ဖုန်းဘယ်မှာလဲ'

'ဒီမှာ'

ထိုသို့ပြောပြီးသစ်ပင်အကွယ်မှ မျက်နှာဖုံးစွပ်နှင့် တတိယလူတစ်ယောက် ထွက်လာပြန်သည်။

'ခင်ဗျားပိုင်ဖုန်းမဟုတ်ပါဘူး၊ ကျုပ်ကိုလာပြီး မညာနဲ့'

ချန်းလီက ပြောလိုက်ပြန်သည်။

'ဒါဖြင့် ကျုပ်က ဘယ်သူလဲ၊ ကျုပ်ကိုမိတ်ဆွေကဘယ်သူလို့ ထင်နေလို့လဲ'

'ခင်ဗျားက ပိုင်ဖုန်းရဲ့ညာလက်ရုံး ပိုင်ရန်ပဲဖြစ်မှာပေါ့၊ ကျုပ်ပြောတာ မှန်တယ်မဟုတ်လား'

မျက်နှာဖုံးရှင်သည် နှုတ်ဆိတ်သွားသည်။

'ဟုတ်တယ်မဟုတ်လား၊အခုချက်ချင်းအဖြေပေါ်အောင် ကျုပ်လုပ်ပြမယ်'





ချန်းလီသည် ပြောပြောဆိုဆိုဖြင့် ထိုလူကို တိုက်ခိုက်ရန် ပြင်ဆင်လိုက်သည်။ ထိုစဉ်မှာပင် ထိုလူ၏လက်တွင်းမှ အဝါရောင်အလင်းတန်းတစ်ခု ရုတ်သရက်လင်းလာကာ ပြေးထွက်လာလေ၏။

ချန်းလီ မရှောင်ပါ။ ထိုအလင်းတန်းသည် ချန်းလီကို ဦးတည်လာခြင်းမဟုတ်သောကြောင့်ဖြစ်ပါသည်။

'အား...'

ချန်းလီ လှည့်မကြည့်ဘဲ သိလိုက်သည်။ လဲကျသွားသူမှာ ဝမ်တာပင်ဖြစ်နေသောကြောင့်ပင်တည်း။

'ဝှစ်....ဝှစ်'

အဝါရောင်အလင်းတန်းနှစ်ခုက ချန်းလီဆီသို့ တန်းတန်းမတ်မတ်ပြေးဝင်လာ၏။ ချန်းလီ အသာအယာ ရှောင်တိမ်းလိုက်သည်။ အဆိပ်အပ်ရှင်သည် ထိုသို့ တိုက်ခိုက်ပြီးနောက် လှစ်ခနဲပြေးထွက်သွားသည်။ ချန်းလီမှာ ရုတ်တရက် ဟန်ချက် ပျက်သွားသည်။ သို့သော် မိမိကိုယ်ကို ပြန်ထိန်းရင်း ချက်ချင်းပင် ထိုသူနောက်သို့ အကင်းလိုက်သည်။ ထိုမျက်နှာဖုံးရှင်သည် တောအုပ်အတွင်းသို့ဝင်ရောက်ပျောက်ကွယ်သွားသည်။ ချန်းလီသည် သူ၏စိတ်ထဲတွင် မကျေမနပ်ဖြစ်နေ၏။ တောအုပ်အတွင်းသို့ လိုက်လံရှာဖွေသော်လည်း မတွေ့ရပေ။ နောက်ဆုံးတွင် ချန်းလီသည် စိတ်လျှော့ကာ တောအုပ်အတွင်းမှ ပြန်ထွက်လာခဲ့လေသည်။ လမ်းပေါ်သို့ ပြန်ရောက်

သောအခါ ဝမ်တကိုတွေ့ရသည်။ ဝမ်တကား အဆိပ်သင့်ကာ သေဆုံးနေပေပြီ။ တည်းခိုခန်းသို့ ချန်းလီ ပြန်ရောက်လာခဲ့သည်။ ကူးချင်နှင့် လီဝါတို့မှာ သူ့ကို စောင့်မျှော်နေကြ၏။ သူတို့နှစ်ဦးမှာ ချန်းလီအား မျှားစွာစိုးရိမ်နေကြ၏။

'ဘာတွေများထူးခြားနေလို့လဲအစ်ကို'

ကူးချင်က မေးလိုက်သည်။

'သိပ်ထူးခြားတယ်၊ ကျွန်တော် နဂါးပတ်အဆိပ်အပ်ရှင်ကို မကြာခင် ဖော်ထုတ်နိုင်တော့မယ်'

မိန်းကလေးနှစ်ဦးမှာ ချန်းလီ၏စကားကြောင့် အံ့အားသင့်နေကြသည်။ ထို့နောက် လီဝါကမေးလိုက်ပြန်သည်။

'နဂါးပတ်အဆိပ်အပ်ရှင်က ဘယ်သူလဲအစ်ကို'

'ပိုင်ဖုန်းပေါ့'

'ရှင်....'

မိန်းကလေးနှစ်ဦးမှာ ပို၍ပင် အံ့အားသင့်ခေ၏။ ထိုစဉ် လျှိမန်းရောက်လာသည်။

'ဘာတွေများတိုင်ပင်နေကြတာလဲ'

'ဩော်....နဂါးပတ်အဆိပ်အပ်ရှင်နဲ့ပတ်သက်တဲ့ကိစ္စ ထူးခြားလို့ပါ' ဟု ချန်းလီက ပြန်ပြောလိုက်သည်။

'ဆိုစမ်းပါဦး၊ ဘာတွေများထူးခြားတာလဲ'

'ပိုင်ဖုန်းလေ၊ လက်စသတ်တော့ ပိုင်ဖုန်းဟာ နဂါးပတ်အဆိပ်အပ်ရှင် ဖြစ်နေတာပဲ'





'ဘာ....ဘယ်လို'

မှုခင်းတာဝန်ခံ လျှိမန်း၏ မျက်လုံးအစုံသည် ပြူးကျယ်စိုင်းစက်သွားသည်။ သူအံတော်ပင်အံ့ဩသွားသည်။

'ဘာ....ပိုင်ဖုန်းဟာ နဂါးပတ်အဆိပ်အပ်ရှင် ဟုတ်လား'

'ဟုတ်တယ် အစ်ကိုလျှိမန်း'

ထို့နောက် ချန်းလီသည် လျှိမန်းအား စေ့စေ့ကအဖြစ်အပျက်ကို ပြောပြလိုက်လေသည်။

'ဒါဆိုရင် ဒီကိစ္စ လွယ်လွယ်လေးပဲ'

'ဘယ်လိုလွယ်တာလဲ အစ်ကိုလျှိမန်း'

'သူ့ကို သွားဖမ်းလိုက်ရုံပဲပေါ့'

'လွယ်ပါ့မလား အစ်ကိုလျှိမန်း'

'ဘာလို့ မလွယ်ရမှာလဲ'

'သူ့မှာ အဖွဲ့တွေ သိပ်များတယ်၊ ကျွန်တော်တို့ လေးယောက်တည်းနဲ့ သူ့ကိုဝင်ဖမ်းလို့ ဖြစ်ပါ့မလား'

'လွယ်ပါတယ်၊ ဒီလိုလုပ်ပါ၊ ငါက ဒေသအုပ်ချုပ်ရေးမှူးရုံးကိုသွားပြီး အကူအညီတောင်းမယ်၊ မင်းတို့သုံးယောက်က မင်းတို့နည်း မင်းတို့ဟန်နဲ့ ပိုင်ဖုန်းဂေဟာထဲ ဝင်နိုင်အောင် ကြိုးစား၊ ကဲ....ဘယ်လိုသဘောရသလဲ'

ချန်းလီသည် မိန်းကလေးနှစ်ယောက်ကို လှမ်းကြည့်၏။

'အစ်ကိုလျှိမန်းရဲ့ အစီအစဉ်အတိုင်း ကျွန်တော်ကြိုးစားမယ်' ဟု ပြောလိုက်လေသည်။

ထိုညသည် လမိုက်ရက်ဖြစ်သည်။ ထိုအချိန်တွင် ချန်းလီတို့ သုံးယောက်သားသည် ပိုင်ဖုန်းဂေဟာသို့ တိတ်တဆိတ် ဝင်ရောက်လာကြသည်။ ဂေဟာ၏ တစ်ခုသော အဆောက်အအုံရှေ့တွင် လူလေးငါးယောက်ခန့်ကို ချန်းလီ တွေ့မြင်လိုက်ရသည်။ ထိုအဆောက်အအုံမှာ လွန်ခဲ့သောတစ်ပတ်ခန့်က ချန်းလီ သတိပြုမိခဲ့သော အဆောက်အအုံတစ်လုံးဖြစ်သည်။

ထိုစဉ်က ယင်းအထဲသို့ အခေါင်းတလားတစ်လုံးကို သွင်းသွားသော အဆောက်အအုံဖြစ်လေသည်။ ယခုလည်း မီးတုတ်ကိုင် လူတို့သည် အခေါင်းတစ်လုံးကို သယ်မလာပြီး ထိုအဆောက်အအုံတွင်းသို့ သွင်းနေကြသည်။ ချန်းလီနှင့် မိန်းကလေးနှစ်ဦးတို့သည် ထိုမြင်ကွင်းကို ကြည့်ပြီး များစွာ စိတ်လှုပ်ရှားနေကြသည်။ ထိုစဉ် ပိုင်ဖုန်းဂေဟာမှ ကျယ်လောင်စူးရှသော အော်သံတစ်ခုကို ကြားလိုက်ရသည်။

'အား....'

ဝရံတာပေါ်မှ လူတစ်ယောက် ဦးစိုက် ကျလာသည်။ မီးတုတ်ကိုင်လူများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ ချန်းလီတို့သည် မှောင်ရိပ်ခိုကာ အကဲခတ်ကြည့်နေကြသည်။ ထိုစဉ် ဝတ်ရုံနက်ကြီးကို တစ်ကိုယ်လုံးခြုံထားသော ပုဂ္ဂိုလ်တစ်ဦး ရောက်လာသည်။ မီးတုတ်ကိုင်များက ထိုဝတ်ရုံနက် ပုဂ္ဂိုလ်အား ဦးညွှတ်ကာ အရိုအသေပေးလိုက်ကြသည်။ ထိုလူမှာ နဂါးပတ် အဆိပ်အပ်ချုပ်ဖြစ်ပေလိမ့်မည်။ ထိုပုဂ္ဂိုလ်





သည် သူလူများကို ခြေဟန်လက်ဟန်ဖြင့် တစ်စုံတစ်ရာ ညွှန်ကြားနေသည်။

တစ်ခဏအကြာတွင် မီးတုတ်ကိုင်တို့သည် ဝရံတာပေါ်မှ ကျလာသူကို ဝိုင်းဝန်းမချီပြီးနောက် ထိုနေရာမှထွက်ခွာသွားကြလေသည်။ ဝရံတာပေါ်မှ ကျသေသွားသူမှာ ပိုင်ဖုန်း၏ ညာလက်ရုံး ပိုင်ရန်ပင် ဖြစ်ပေသည်။ ဝတ်ရုံနက်ကို ခြုံထားသော မျက်နှာဖုံးနှင့်လူသည် ဘေးဘိဝဲယာကို တစ်ချက်လှမ်းကြည့်ပြီး ထွက်ခွာသွားလေသည်။

ထိုစဉ်တွင် မီးတုတ်ကိုင်လူတစ်စုသည် အဆောက်အအုံငယ်များတွင် ပျားပန်းခတ်မျှ ရှုပ်ထွေးနေကြသည်။ အလောင်းနှစ်လောင်းကို အဆောက်အအုံအတွင်းသို့ သွင်းလိုက်ကြပြီးနောက် ပြန်ထွက်လာကြသည်။ မီးတုတ်ကိုင် အစောင့်တစ်ဦးသာ ကျန်ရစ်ခဲ့လေသည်။ ထိုနောက် ချန်းလီသည် လေသံအုပ်အုပ်ဖြင့် မိန်းကလေးနှစ်ယောက်ကို ပြောလိုက်သည်။

'ညီမတို့ ငြိမ်ငြိမ်လေးနေကြ၊ ကျွန်တော် အဲဒီနေရာကို သွားမယ်၊ အကြောင်းတစ်စုံတစ်ရာထူးခြားရင် ကျွန်တော့်ကို အချက်ပေး၊ ကျွန်တော် ချက်ချင်း ပြန်ထွက်လာခဲ့မယ်'

ထိုအခါ လီဝါနှင့်ကူးချင်က သတိထားပါဟုမှာကြား၏။ မီးတုတ်ကိုင်အစောင့်နှင့် သူတို့မှာ အတန်ငယ်ဝေးသည်။

အစောင့်မှာ ချန်းလီရှိရာဘက်သို့ မကြာမကြာလှည့်ကြည့်နေ၏။ ထိုလူ၏မျက်လုံးအစုံက အစောင့်ပီပီ အခြေအနေကို

လှေလာကာ ရန်သူကို ရှာဖွေနေခြင်းဖြစ်သည်။ ချန်းလီသည် သူ၏စိတ်ထဲတွင် ထိုအဆောက်အအုံကို မကျေမနပ်ဖြစ်ကာ နေ၏။ အဘယ့်ကြောင့်ဆိုသော် ယခင်က ထိုအဆောက်အအုံအတွင်းတွင် ခေါင်းတလားတစ်ခုကို ရှာဖွေစဉ်က မတွေ့ခဲ့ရခြင်းကြောင့်ဖြစ်၏။ ယခုလည်း ခေါင်းတလားနှစ်ခုကို ထိုအဆောက်အအုံအတွင်းသို့ သွင်းခဲ့ကြပြန်သည်။ အခေါင်းတလား တစ်လုံးမှာ ပိုင်ရန်၏အခေါင်းဖြစ်ပြီး ကျန်တစ်လုံးမှာ မည်သူဖြစ်နိုင်သနည်း။ ချန်းလီ၏အတွေးထဲသို့ အလင်းရောင်တစ်ခု လှစ်ခနဲဝင်လာသည်။ ဝမ်တ၏အခေါင်းတလားပင်ဖြစ်မည်ဟု ထင်မြင်မိလိုက်သောကြောင့်ပင်။

ချန်းလီသည် အစောင့်လစ်သည်နှင့် ခုန်လွှားလိုက်၏။ အစောင့်သည် ချန်းလီ၏ လှုပ်ရှားမှုကို လုံးဝ သတိမပြုမိဘဲ တခြားဘက်သို့ ကျောခိုင်းသွားသည်။ ချန်းလီ၏ခန္ဓာကိုယ်သည် လေထဲသို့ ပျံဝဲသွားပြီး အစောင့်၏ ပခုံးနှစ်ဘက်ပေါ်သို့ ကျရောက်လာသည်။ ခြေထောက်နှစ်ဘက်မှလည်း ဘယ်ခြေမနှင့် ညာခြေမကို လျင်မြန်စွာ လှုပ်ရှား၍ ပခုံးပေါ်မှ သွေးကြောနှစ်ခုကို ပိတ်လိုက်သည်။ အစောင့်မှာ တောင့်တောင့်ကြီးဖြစ်သွား၏။ ချန်းလီသည် ပခုံးပေါ်မှ ခုန်ဆင်းလိုက်ပြီး အစောင့်ကိုင်ထားသောမီးတုတ်ကို လက်ပြောင်းယူလိုက်သည်။ ထို့နောက် အစောင့်ကို ဇွဲ့ခနဲ မယူလိုက်ပြီး မှောင်ရိပ်တစ်ခုနေရာတွင် လုံခြုံစွာ သိမ်းထားလိုက်သည်။





အစောင့်၏ခါးကြားမှ သော့တွဲကိုဖြုတ်ယူကာ အဆောက်အဦးဆီသို့ လျှောက်လာခဲ့သည်။ ပြီးနောက် တံခါးကိုဖွင့်ကာ အဆောက်အဦးထဲသို့ ပြေးဝင်သွားလေသည်။

အဆောက်အဦးအတွင်းမှာ ယခင်အတိုင်း ဟာလာဟင်းလင်းဖြစ်နေ၏။ ယခုလည်း ခေါင်းတလားနှစ်ခုမှာ ပျောက်ခြင်းမလှ ပျောက်နေပြန်သည်။ ချန်းလီနားမလည်နိုင်အောင်ဖြစ်နေသည်။ ချန်းလီ အခန်းတစ်ခုလုံးကို စေ့စေ့စပ်စပ် အကဲခတ်လိုက်သည်။ နံရံ မျက်နှာကျက်နှင့် ကြမ်းပြင်များကို စေ့စေ့စပ်စပ် လေ့လာသည်။ သို့သော် တစ်စုံတစ်ရာ ထူးခြားမှု မတွေ့ရပေ။ စိတ်ပျက်လက်ပျက်ဖြင့် တစ်ခန်းလုံးကို လိုက်ကြည့်လေသည်။ ထို့နောက် ကြမ်းပြင်အပေါ်တွင် ဆေးရောင်ဖြင့် အကွက်ဖော်ထားသော ကြာပန်းများအနက် တစ်ခုသောပန်းမှာ အနည်းငယ်ကြီးနေသရောင် ထင်ရလေသည်။ တစ်ခန်းလုံး ထူးခြားမှုဆို၍ ထိုကြာပန်းသာလျှင်ဖြစ်၏။ ထိုကြာပန်းသည် ကြမ်းပြင်ထက် အနည်းငယ် ခုံးထနေသည်။ ထိုနောက် ထိုကြာပန်းကို လက်ဖြင့်ထိမိရာ အနည်းငယ် လှုပ်ရမ်းသွားသည်ကို သတိပြုမိလေသည်။ နောက်တစ်ခါ လက်ဖြင့်ကိုင်၍ လှုပ်ရှားလိုက်ရာ ကြာပန်း အကွက်ဖော်ထားသောနေရာမှ လျှို့ဝှက်တံခါးတစ်ခု ရုတ်တရက်ဖြစ်ပေါ်လာသည်။ ထိုပွင့်သွားသောတံခါးမှ မြေအောက်ခန်းသို့ဆင်းသောလှေကားအတိုင်း မီးတုတ်ကိုင်ကာ ဆင်း

လာခဲ့သည်။ ထိုမြေအောက်ခန်းတွင် အခန်းသုံးခန်းကို တွေ့မြင်ရသည်။ ချန်းလီသည် အခန်းတစ်ခန်းကိုဖွင့်ရန်ကြိုးစားလေသည်။ သော့တွဲဖြင့် အခန်းကို ဖွင့်လိုက်ရာ မီးတုတ်၏ အလင်းရောင်အောက်တွင် အခေါင်းတလားသုံးခုကို တွေ့လိုက်ရသည်။ညှီစို့စို့ ပုပ်ဟောင်ဟောင်အနံ့ အသက်တို့လည်း ထွက်ပေါ်နေသည်၊ ထို့နောက် အခေါင်းတလားတစ်လုံးကို ဓားဖြင့်ကလန့်၍ ဖွင့်လိုက်သည်။

ပွင့်သွားသောအခါ အလောင်းတစ်လောင်းကို တွေ့လိုက်ရသောကြောင့် ချန်းလီ အံ့ဩ၍သွားလေသည်။ ထိုအလောင်းကောင်မှာ အိမ်ရှင်ပိုင်ဖုန်း ဖြစ်နေသောကြောင့် ပေတည်း။

'ဟင်....ပိုင်ဖုန်း ခရီးသွားတယ်ဆိုပြီး ဘယ့်နှယ်ကြောင့် အခေါင်းထဲဝင်သေနေတာလဲ၊ ငါထင်တဲ့ နဂါးပတ်အဆိပ်အပ်ရှင်က သူ...သူမဟုတ်ဘူး၊ ငါ့အထင်တွေ အလွဲလွဲအချော်ချော် ဖြစ်နေပါလား'

ထိုစဉ် သံကြိုးနှင့်ကြမ်းပြင် ထိခိုက်သံတစ်ခုထွက်ပေါ်လာသည်။

'ချွင်'

ထိုအသံမှာ တစ်ဖက်ခန်းမှ မထင်မှတ်ဘဲထွက်ပေါ်လာခြင်းဖြစ်သည်။ ထိုအခန်းသို့ ချန်းလီကူးသွားသည်။ ပြီးနောက် အပြင်ဘက်မှနေ၍ လှမ်းမေးလိုက်သည်။





'အထဲမှာ ဘယ်သူလဲ'

'လျှန်ဖုံးလား'

အတွင်းမှပုဂ္ဂိုလ်ကလည်း ချန်းလီအား ပြန်မေးလိုက်၏။ လျှန်ဖုံးမှာ အမည်နာမတစ်ခုဖြစ်သည်။ ပိုင်ဖုန်းဂေဟာနှင့် ပတ်သက်နေမည်ဟု ချန်းလီတွေးမိသည်။ သို့သော်လျှန်ဖုံးကို ချန်းလီမသိပါ။

'ကျုပ် လျှန်ဖုံးမဟုတ်ဘူး ချန်းလီပါ၊ ခင်ဗျားက ဘယ်သူလဲ'

'လျှံမန်း'

ချန်းလီ အံ့သြသွားသည်။ ကိုယ့်မျက်စိကိုယ်ပင် မယုံနိုင်အောင် ဖြစ်သွားသည်။

'အစ်ကိုလျှံမန်း ဘယ်လိုလုပ်ပြီး ဒီအထဲကို ရောက်နေလဲ'

'ကျုပ်ကိုကယ်ပါ....ကျုပ်ကိုကယ်ပါ'

အခန်းတွင်းမှထွက်လာသော လျှံမန်း၏အသံမှာ ဟိန်းနေသည်။ အထိတ်တလန့်ဖြစ်နေပုံလည်းရသည်။

'လျှန်ဖုံးဆိုတာ ဘယ်သူလဲ'

ချန်းလီက သိလိုဇောဖြင့် တံခါးကို ချက်ချင်းမဖွင့်သေးဘဲမေးလိုက်သည်။

'တံခါးသာအရင်ဖွင့်ပါ ပြီးမှကျုပ်ရှင်းပြမယ်'

လျှံမန်းက အလောတကြီး အကူအညီတောင်းလိုက်၏။ ချန်းလီသည် တံခါးသော့ကိုရှာဖွေကာ ဖွင့်ပေးလိုက်သည်။

တက်လမ်း စာပေ

‘အစ်ကိုလျံမန်း ဘယ်လိုဖြစ်တာလဲဗျာ’

ချန်းလီက လျံမန်းအား မေးမြန်းလိုက်သည်။

ထို့နောက် လျံမန်းက ချန်းလီအား....

‘မင်းက ဘယ်သူလဲကွ’

‘ဗျာ....အစ်ကိုလျံမန်း ကျွန်တော့်ကို မမှတ်မိဘူးလား’

လျံမန်းအမေးကြောင့် ချန်းလီမှာ အူကြောင်ကြောင် ဖြစ်သွားရသည်။

လျံမန်း၏ ခြေထောက်နှစ်ဖက်တွင် သံကြိုးဖြင့် ခတ်ထားလေသည်။

‘ငါအမှန်ပြောတာ၊ ငါမင်းကိုမသိဘူး၊ ဒါပေမယ့် မင်းက ငါ့ကိုကယ်တင်နိုင်မယ့် လူတစ်ယောက်မှန်းတော့ ငါသိတယ်၊ ငါဟာ လျံမန်းအစစ်ပဲညီလေး၊ ငါ့ကို နဂါးပတ်အဆိပ်အပ်ရှင် လျှန်ဖိုးကဖမ်းပြီး ဒီမြေအောက်ခန်းထဲမှာ ချုပ်ထားတာ သုံးလရှိသွားပြီ’

‘ဗျာ’

‘ဒါဆိုရင် အပြင်မှာရှိနေတဲ့ လျံမန်းက....’

‘အတုပေါ့ကွာ၊ ဒီကောင်က မန်ချူးဘက်တော်သား မျိုးဖျက်သစ္စာဖောက်တစ်ယောက်ပဲ၊ ငါသူ့ကိုစုံစမ်းဖို့အလာမှာ ငါ့ကိုအခုလို သူတို့ဖမ်းတာကို ခံလိုက်ရတာပဲ’

‘အပြင်ကလျံမန်းနဲ့ ခင်ဗျားက ရုပ်အတော်တူနေတာပဲ’

ချန်းလီမှာ နားမလည်နိုင်စွာဖြင့်မေးလိုက်သည်။





‘သူက ငါ့မျက်နှာအတုနဲ့ မျက်နှာဖုံးစွပ်ပြီး လှုပ်ရှားနေတာကို မင်းဘယ်လိုလုပ်ပြီး သိနိုင်မှာလဲ၊ ငါ့ခြေထောက်က သံကြိုးတွေကို ဖြေပေးပါ၊ ဒီကောင်ကို အချိန်မီဖမ်းဆီးပြီး နေပြည်တော်ကို ပို့ရမယ်’

‘လျံမန်း မင်းငါ့ကိုပို့ဖို့မလိုတော့ပါဘူးကွာ၊ မင်းအခုပဲ သေရတော့မှာပါ၊ ဟား....ဟား....ဟား’

ရုတ်တရက် ရယ်မောသံနှင့်အတူ လျံမန်းအတု လျှန်ဖိုးသည် အခန်းတွင်းသို့ခုန်ဝင်လာပြီး နဂါးပတ်အဆိပ်အပ်ဖြင့် လှမ်းပစ်လိုက်သည်။ အဝါရောင်အလင်းတန်းတစ်ခု လျံမန်းဆီသို့ ပြေးဝင်သွား၏။

ချန်းလီသည် ရုတ်တရက် လျင်မြန်စွာဖြင့် ထိုအဆိပ်အပ် လက်နက်ကို လေထဲမှဖမ်းယူပြီး လျှန်ဖိုးထံသို့ပြန်၍ပစ်ပေါက် လိုက်သည်။

နဂါးပတ်အဆိပ်အပ်သည် လျှန်ဖိုး၏ရင်အုံကို ထိမှန်ပြီး ဒန်ဟုမြည်ကာ ကြမ်းပေါ်သို့ ကျသွားလေသည်။

‘ဟား....ဟား....ဟား’

လျှန်ဖိုးသည် လှိုက်သံပါအောင် ရယ်မောလိုက်သည်။

‘ငါက အဆိပ်အပ်ပြီးဟယ်၊ အဆိပ်သင့်လို့ မသေနိုင်ဘူး၊ ဟား....ဟား....ဟား....ဟောဒီမှာကြည့်’

ထိုသို့ပြောပြီး သူ၏အင်္ကျီရင်ဖုံးကိုဖွင့်ပြလိုက်ရာ အဆိပ်ကာ သံချပ်အင်္ကျီပါးကို ချန်းလီ မြင်တွေ့လိုက်ရပေသည်။

'မင်းတို့နှစ်ကောက် ဒီအခန်းထဲက မထွက်နိုင်အောင် တိုက်ပိတ်ပစ်မယ်ကွ ဟား....ဟား...ဟား'

ဟု ပြောရင်း အခန်းထဲမှ လှစ်ခနဲပြေးထွက်သွားတော့၏။

ချန်းလီသည် မင်တက်မိနေရာမှ ရုတ်တရက် သတိဝင်လာကာ သူနောက်ကို အချိန်မီပြေးလိုက်ရန် ဟန်ပြင်စဉ်မှာပင်-

'ညီလေး၊ အစ်ကို့ခြေထောက်က သံကြိုးတွေကို ဖြေပေးပါကွာ'

ပြောသံကြားသဖြင့် သံကြိုးများကိုဖြုတ်ပေးလိုက်လေသည်။ ထို့နောက် နှစ်ယောက်သား မြေတိုက်ခန်းထဲမှ ပြေးတက်လာကြသည်။ အပေါ်သို့ရောက်သောအခါ ထွက်ပေါက်တံခါး ပိတ်နေသဖြင့်နှစ်ယောက်သား ကြိုးစားဖွင့်၏။

သို့သော် တံခါးက ပွင့်၍မသွားပေ။ ထိုစဉ် နောက်ဘက် နံရံက တဖြည်းဖြည်းရွေ့လျားနေသည်ကို ချန်းလီ သတိထားမိလိုက်သည်။

'အစ်ကိုလျှမန်း၊အနောက်ဘက်နံရံကိုကြည့်စမ်း၊တဖြည်းဖြည်း ကျွန်တော်တို့ဆီကို ရွေ့လာနေတယ်'

'ဟာ....ဟုတ်တယ်ညီလေး'

'တို့ ဒီအတိုင်းနေလို့မဖြစ်ဘူး၊ ကြာရင် အဲဒီနံရံကြီးက ကျွန်တော်တို့ကို ဖိသတ်သွားလိမ့်မယ်'

'အဲဒီတော့ ညီလေး ဘယ့်နှယ်လုပ်မလဲ၊ ကြံစမ်းပါဦးငါ့ညီရာ'





'အစ်ကိုလျှမန်းက နံရံကိုတွန်းထား၊ ကျွန်တော်က လျှို့ဝှက် ခလုတ်တွေကို တွေ့လိုတွေ့ငြား ရှာကြည့်မယ်'

နံရံကို လျှမန်း ကွန်းထားသော်လည်း အချိုးနိုးပင်။ နံရံအားကို [illegible] သွားနိုင်စွမ်း မရှိချေ။ သူ၏ ကိုယ်ကသာ နံရံနှင့်အတူ ရွေ့လျားနေသည်။ချန်းလီသည်ကြမ်းပြင်ပေါ်မှ ကြာပန်းကွက်များကို တစ်ခုပြီးတစ်ခု လက်ဖြင့် ပွတ်သပ်ကြည့်သည်။ ခလုတ်နှင့်တူတာ ဘာတစ်ခုမှ မတွေ့ရသေးချေ။

လျှမန်း၏ မျက်နှာပေါ်တွင် ချွေးသီးချွေးပေါက်များ သီးထလာသည်။ ထောင့်ခံထားသော ခြေထောက်နှစ်ဘက်မှာလည်း တဆတ်ဆတ်တုန်နေသည်။

'ညီလေး မတွေ့သေးဘူးလားကွ၊ လုပ်ပါဦးကွာ'

ချန်းလီမှာ လျှမန်း၏စကားကို ခွန်းတုံ့မပြန်နိုင်ပါ။ ယခုအချိန်သည် သေရေးရှင်ရေးတမျှ အရေးကြီးနေချိန်ပင် ဖြစ်လေသည်။ နံရံသည် တဖြည်းဖြည်း အရှောက်အဦးတစ်ဝက်ကျော်ကျော်ကို ရောက်လာနေသည်။ နံရံသည် ကြာပန်းအကွက်များ တချို့တဝက် ဖြတ်စပြုလာသည်။ သည်တော့မှ ချန်းလီလည်း ကြိုးစားမှုကို လျှော့ပြီး နှစ်ယောက်သား နံရံကို ကြားကန် တွန်းထားကြသည်။ သို့သော် နံရံကြီးကား ရပ်တန့်မသွားပေ။ တဖြည်းဖြည်း အဆောက်အဦး၏ သုံးချိုးနှစ်ချိုးကို ဖြတ်ကျော်ချဉ်းကပ်စပြုလာချေပြီ။ ချန်းလီ စိတ်ဓာတ် မလျှော့သေးပေ၊ နံရံကို လက်တစ်ဘက်နှင့် တွန်းပြီး

အခြားလက်တစ်ဘက်က ရွှေ့လျားချဉ်းကပ်လာနေသည့် နံရံကို စိတ်ရှိလက်ရှိ တောင်ဖြိုလက်သီးဖြင့်တအားထိုးလိုက်၏။

ထိုစဉ် နံရံသည် 'ဝုန်း'ခနဲမြည်ပြီး အပေါက်ကြီး တစ်ပေါက် ဖြစ်ပေါ်လာသည်။ ထိုအပေါက်ကြီးမှ ကြည့်လိုက်သောအခါ မြင်ကွင်းအဆုံးတွင် အုတ်နံရကို တွေ့ရ၏။

'အစ်ကိုလျှံမန်း၊ ဒါနံရံမဟုတ်ဘူးဗျ၊ အင်မတန်ခိုင်ခံ့တဲ့ နံရံအတုပဲ'

'ဟေ....ဟုတ်လား'

'ဟုတ်တယ်၊ ဒီနံရံအတုကြီးက တမင် ဖန်တီးထားတာ၊ ဝင်ပေါက်ထွက်ပေါက်တံခါးနဲ့ ညပ်ပြီးသေအောင်လို့ စီစဉ်ထားတာ၊ ကျွန်တော်တို့အနားခံပြီး ဒီနံရံတုကြီးကို ဖြိုပစ်လိုက်ရင် အသက်မသေနိုင်တော့ဘူးပေါ့၊ ကျွန်တော်တို့နှစ်ယောက်အားနဲ့ ဒီနံရံတုကြီးကို ဖျက်ဆီးကြရအောင်'

ချန်းလီက ထိုသို့အကြံဉာဏ်ပေးပြီးနောက် နှစ်ယောက်သား နံရံကို လက်သီးဖြင့် ဝိုင်းထိုးကြသည်။ ချန်းလီမှာ အားကောင်းသူမို့ သိပ်မခံရသော်လည်း လျှံမန်း၏လက်သီးနှစ်ဘက်စလုံးမှာ သွေးချင်းချင်းနီလျက်ရှိ၏။ လက်သီးချက်ပေါင်း သုံးဆယ်ကျော်တွင် လူတစ်ကိုယ်စာ ဝင်ပေါက် တစ်ပေါက် ဖြစ်လာသည်။

'ကဲ....အစ်ကိုလျှံမန်း မြန်မြန်ဝင်'

လျှံမန်းသည် လူတစ်ကိုယ်စာဝင်ပေါက်မှခေါင်းလျှိုကာ





ဝင်လိုက်သည် ထို့နောက် ချန်းလီပါ ဝင်လိုက်သည်။ နံရံအတုနှင့် တံခါးမကြီးတို့ ပြင်းထန်စွာ ထိတွေ့သွားလေ၏။

'ဂျိမ်း....'

ထိုနှစ်ခုပွတ်တိုက်သံမှာ အလွန်ထိတ်လန့်ချောက်ချားဖွယ်ကောင်းသည်။ ယခုမှပင် ချန်းလီတို့ အသက်ရှူချောင်သွားတော့သည်။ ထိုစဉ် ရုတ်တရက် တံခါးမကြီးသည် ပွင့်လာပြီး လူတစ်ယောက် ခုန်ဝင်လာသည်။ ထိုသူမှာကား ကူးချင်ပင်ဖြစ်၏။ ကူးချင်သည် နံရံအတုပေါက်မှ ခုန်ဝင်လာပြီးနောက် ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲ ပစ်လဲကျသွားသည်။

'ကူးချင်....ကူးချင်'

ချန်းလီသည် အနားသို့ ကမန်းကတန်း ပြေးသွားသည်။ ထို့နောက် လီဝါပါ ချန်းလီရှိရာသို့ ရောက်လာသည်။

'အစ်ကိုချန်းလီ....ကျွန်မ....ကျွန်မ....'

ကူးချင်သည် ထိုမျှသာပြောနိုင်ပြီး ကိုယ်တစ်ချက် လှုပ်ခါသွားပြီးနောက် ဇက်ကျိုးကျသွားလေတော့သည်။

ကူးချင်ကား သေဆုံးသွားချေပြီတည်း။

'အစ်ကို....အစ်ကို.... မမကူးချင်ကို မကယ်နိုင်တော့ဘူးလား၊ သူ... သူ....နဂါးပတ်အဆိပ်အပ်နဲ့ အပစ်ခံရလို့သေတာ'

လီဝါ တုန်ရင်သောအသံဖြင့်အမောတကောပြေးလာ၏။

'ဟင်.... နဂါးပတ်အဆိပ်အပ်ရှင်က အခု ဘယ်မှာလဲ လီဝါ အစ်ကို့ကို ပြောစမ်း'

'မမကူးချင်ကို အဆိပ်အပ်နဲ့ပစ်ပြီး အခုပဲထွက်ပြေးပြီ'

ချန်းလီမှာ ဘာမှမပြောတော့ဘဲ ကူးချင်ကို ပွေ့ချီရန် ငုံ့နေရာမှ ရုတ်တရက် ခုန်၍ ဝင်းတံခါးမဆီသို့ တစ်ဟုန်ထိုး ပြေးလိုက်သွားတော့သည်။

'ဟေ့ လူသတ်ကောင်၊ မင်းပြေးလို့ လွတ်မယ်ထင်သလား ရပ်လိုက်စမ်း'

ရှေ့မှပြေးနေသော နဂါးပတ်အဆိပ်အပ်ရှင် လျန်ဖုံးမှာ တွံခနဲရပ်၍ နောက်သို့ လှည့်ကြည့်လိုက်သည်။ ချန်းလီကို လွတ်အောင် သူ မပြေးနိုင်။ လျန်ဖုံးကား သိုင်းပညာ ကျွမ်းကျင်ရာတ်မြောက်ထားသူမဟုတ်။

လျန်ဖုံးသည် ဘာမှပြန်မပြောဘဲ အိတ်ထဲမှ အဆိပ်အပ် ကိုဆွဲထုတ်၍ ချန်းလီဆီသို့ ပစ်လွှတ်လိုက်သည်။ မထိပေ။ ချန်းလီက သတိရှိပြီးသား၊ အသာအယာပင် ဘေးသို့ တိမ်း ရှောင်လိုက်သည်။

ဒီလူသတ်ကောင်ကို လက်ရဖမ်းပြီး ဆုံးမရမည်။

ဆရာ့အတွက်၊ ကူးချင်အဖေအတွက် လျန်ဖုံးကို သူမညှာ နိုင်တော့။

ထိုနောက် ချန်းလီသည် လွှားခနဲခုန်၍ လျန်ဖုံးကို ပြေး ကန်လိုက်သည်။ ရှေ့မှ လျန်ဖုံးပြေးရင်း အဆိပ်အပ်နောက် တစ်ချောင်းထုတ်ကာပစ်လိုက်ပြန်သည်။ လေထဲမှာမူချန်းလီ ရုတ်တရက် ရှောင်တိမ်းချိန်မရလိုက်၊ အဆိပ်အပ်ထိမိရင် ဖြေ





ဆေးမရှိပေ။ တော်သေးသည်။ လျန်ဖုံး ပြေးရင်းပစ်ရသည် မို့ ပစ်ကွင်းကို ချိန်သားမကိုက်၊ ညာဘက်ပေါင်အနားမှ ကပ်၍ လေထဲသို့ လွတ်ထွက်သွားသည်။

ချန်းလီခြေကန်ချက်ကလည်း လျန်ဖုံးအပြေးနှင့်မို့ မထိ မိလိုက်ချေ။ မြေပေါ်အကျတွင် လက်တစ်ဖက်ကလှုပ်ရှား လိုက်သည်။

ချန်းလီ၏ လက်သီးချက်သည် လျန်ဖုံး၏ ဘယ်ပခုံးကို ထိထိမိမိ မထိလိုက်သော်လည်း လျန်ဖုံးမှာ တစ်ဖက်သို့ ယိုင် သွားတော့သည်။

ချန်းလီမှာ ဒေါသမထိန်းနိုင်တော့ဘဲ ညာခြေဖြင့် ပတ် ဝိုက်၍ ကန်လိုက်သည်။ ဒေါသစိတ်ဖြင့် စိတ်လှုပ်ရှားနေ သဖြင့် လျန်ဖုံး၏ မျက်နှာဆီသို့မရောက်ပေ။

လျန်ဖုံး၏ ဘယ်ပခုံးကိုသာထိမိပြီး လျန်ဖုံး၏ကိုယ် တစ် ပတ်လည်ထွက်သွားသည်။ ကိုယ်တစ်ပတ်လည်သွားသည့်ကြား မှပင် လျန်ဖုံး လက်တစ်ဖက်က အဆိပ်အပ်ကို ဆွဲထုတ်ရန် ကြိုးစားနေသည်။

ချန်းလီဘယ်ခြေက ထိုလက်ကိုပတ်၍ ခုတ်ထုတ်လိုက်၏။ ထိုနောက် အိပ်ထဲသို့နှိုက်သောလက် အပြင်သို့ ရောက်လာ သည်။ ချန်းလီ ဘယ်ခြေအသိမ်း ညာခြေကတစ်ဆက်တည်း လျန်ဖုံး၏မျက်နှာဆီသို့ ရောက်လာသည်။

'အား'

လျှန်ဖုံး၏မျက်နှာတွင် သွေးများရဲသွားသည်။

လျှန်ဖုံး ဆက်မလှုပ်ရှားနိုင်တော့ဘဲ နောက်သို့ယိုင်လဲကျသွားသည်။ ချန်းလီမှာ ဒေါသအထွတ်အထိပ်သို့ ရောက်ရှိနေပေပြီ။ လဲကျနေသော လျှန်ဖုံး၏မျက်နှာပေါ်သို့ တက်နင်းမည်အပြု။

'ဟေ့....ညီလေး မလုပ်နဲ့တော့၊ ဒီကောင့်ကိုအရှင်ဖမ်းရမယ်'

နောက်မှရောက်လာသော လျှံမန်းက လှမ်းအော်ရင်း ချန်းလီကို ဖမ်းဆွဲထားလိုက်လေသည်။ ပက်လက်လဲနေသော လျှန်ဖုံးကို ကုပ်မှကိုင်ကာ လက်ပြန်ကြိုး တုပ်လိုက်သည်။ ပြီးမှ လျှံမန်းသည် နဂါးပတ်အဆိပ်အပ်ရှင်၏ မျက်နှာပေါ်မှ သားရေမျက်နှာဖုံးအတုကြီးကို ဆွဲခွာလိုက်ရာ မူလပင်ကိုယ်ရုပ်သွင်ဖြစ်သည့် အလွန် ကြောက်စရာကောင်းသော လျှန်ဖုံး၏ရုပ်က ပေါ်လာသည်။

'ဒီကောင် ရာဇဝတ်မှုတွေ အတော်များများ ကျူးလွန်ခဲ့တဲ့ လူတစ်ယောက်ပဲ၊ နောက်ပြီး မန်ချူးသစ္စာတော်ခံ တစ်ယောက်လဲဖြစ်တယ်၊ သိုင်းသမားတွေရဲ့ အထွတ်အမြတ်ထားတဲ့ တန်ဖိုးရှိတဲ့ လက်နက်တွေကို လုယက်တိုက်ခိုက်ပြီး မန်ချူးနယ်ခွဲသမားတွေကို ရောင်းချနေတဲ့ ရာဇဝတ်သား တစ်ယောက်ပဲညီလေး သူ့ကိုနေပြည်တော်က အလိုရှိနေတာ ကြာပြီ'





လျှံမန်းက ချန်းလီအား လျှန်ဖုံးအကြောင်းနှင့် ပတ်သက်ပြီး အနည်းငယ် ရှင်းပြသည်။

'ဒါထက် ပိုင်ဖုန်းက ဘယ်သူလဲ'

'ပိုင်ဖုန်းဆိုတဲ့ကောင်က သူ့ရဲ့ဘဏ္ဍာထိန်းလေ၊ ပိုင်ရန်နဲ့ ဝမ်တကကော့ သူ့ရဲ့လက်ရုံးကြီးတွေပေါ့ကွာ၊ သူ့အကြောင်း သူ့ကိစ္စတွေ ပေါ်မှာစိုးလို့၊ အထူးသဖြင့် သူကျူးလွန်ခဲ့တဲ့ ဖြစ်မှုတွေကို ထုတ်ဖော်မှာစိုးလို့ နှုတ်ပိတ်ခဲ့တဲ့ကောင်ပေါ့ အင်မတန် ယုတ်မာရက်စက်တဲ့ လူဆိုးတစ်ယောက်ပဲညီလေး'

'ဟုတ်တယ်....ကျွန်တော့် ဆရာကိုလဲ သူပဲသတ်တာ၊ ကိုးသချိုင်း သံမဏ်ကိုလဲ ခိုးယူသွားလို့ ကျွန်တော် သူ့ကိုရှာဖို့ ထင်ဟိုင်ကိုထွက်လာခဲ့တာပဲ'

'ရာဇဝတ်ဘေးဆိုတာ ပြေးမလွတ်ပါဘူးကွာ၊ နောက်ဆုံး ရာဇဝတ်သားတွေရဲ့ သွားရာလမ်းဟာ ဒါပဲပေါ့'

ချန်းလီသည် ခေါင်းတဆတ်ဆတ်ညိတ်ကာ နားထောင်နေသည်။

လျှံမန်းက ဆက်ပြောသည်။

'ဒါပေမယ့် မပူပါနဲ့ကွာ၊ သိုင်းသမားတွေရဲ့တန်ဖိုးရှိတဲ့ လက်နက်တွေ ဘယ်မှမရောက်သေးဘူး၊ မြေအောက်ခန်းထဲ

မှာပဲရှိနေသေးတယ်၊ ဒီကောင်က မန်ချူးတွေကို ရောင်းစားဖို့ ကြိုးစားနေတာကြာပြီ၊ မင်း သတိမထားမိလို့ပါ၊ မြေအောက်ခန်းမှာ အခန်းသုံးခန်းရှိတယ်၊ အလယ်ကအခန်းဟာ သိုင်းပညာရှင်တွေရဲ့ လက်နက်ခန်းပဲ'

'ဩော်....ဟုတ်ကဲ့'

'တို့ ဆိုင်ရာကနေပြီး အမြန်ဆုံး စီစဉ်ပေးပါမယ်'

'ဟုတ်ကဲ့....အစ်ကိုလျှံမန်း၊ ကျေးဇူးတင်ပါတယ်ခင်ဗျာ'

....❁....

## အခန်း (၃၀)

မုန်တိုင်း၏အရှိန်ကား တဖြည်းဖြည်း လျော့ပါး ကွယ်ပျောက်သွားလေပြီ။ လေပြည်လေညင်း ကလေးများသာ တဖြည်းဖြည်း တိုက်ခတ်လျက်ရှိနေချေသည်။ ပတ်ဝန်းကျင်ကား သာယာလျက်ရှိသည်။ အထူးသဖြင့် ထင်ဟိုင်မြို့သည် ယခုမှပင် ပို၍သာယာစည်ပင်လျက်ရှိသည်။

မည်သို့ပင်ဖြစ်စေ ချန်းလီမှာတော့ ထင်ဟိုင်မြို့ကြီးကို ကျောခိုင်းရပေတော့မည်။ ညီမလေးလီဝါနှင့် ပတ်သက်ပြီး ချန်းလီတွင် တာဝန်ရှိနေသေးသည်။ ထိုတာဝန်မှာ သူကို အိမ်ပြန်ပို့ပေးရဦးမည်မဟုတ်ပါလား။ ထိုတာဝန်ပြီးမှချန်းလီ ဆက်လုပ်စရာရှိတာကို ဆက်လုပ်ရမည်ဖြစ်သည်။





'လီဝါ....ညီမလေးကို အစ်ကိုအိမ်ပြန်ပို့ပေးမယ်'

'ညီမကိုအိမ်ပြန်ပို့ပြီး အစ်ကိုက ဘယ်ကိုသွားဦးမလို့လဲ'

'အစ်ကို တိဘက်ကို ဆက်သွားရဦးမယ်'

'ဘာလုပ်ဖို့လဲ'

'ဆရာကြီးချိမာဆီကို သွားမလို့ပေါ့'

'အို'

'မငိုပါနဲ့ကွာ၊ အစ်ကို့ဆရာက မှာထားခဲ့တယ် ဆရာကြီးချိမာဆီ မရောက်ရောက်အောင် သွားပါတဲ့'

'ဒါဆို ညီမလဲလိုက်မယ်'

'ညီမလိုက်လို့ မဖြစ်ပါဘူး'

'ဖြစ်ပါတယ်'

'ဖြစ်တယ်ဟုတ်လား'

ထိုအခါ လီဝါကခေါင်းညိတ်လိုက်သည်။

'ညီမအိမ်က စိုးရိပ်နေမှာပေါ့လီဝါ'

'မစိုးရိမ်ပါဘူး'

'ဒါဆိုရင်တော့ လီဝါတို့အဖေဆီကို စာတစ်စောင် ရေးပို့ရလိမ့်မယ်'

'ဘာစာရေးမှာလဲ အစ်ကို'

'ညီမလေးလီဝါကို အစ်ကိုခိုးသွားတယ်ဆိုတဲ့အကြောင်းလေ'

'သွား....မကောင်းဘူး'

6 JUN 2001



'ဗုန်း....ဗုန်း'
'ဟား....ဟား....ဟား'

လီဝါသည်ချန်းလီ၏ ကျောပြင်ကို ခပ်ဆတ်ဆတ်ကလေး ထုပစ်လိုက်လေသည်။ ထိုအချိန်တွင် သစ်ပင်ထက်ဆီမှ ကျေးငှက်ကလေးများသည် တစ်ပင်မှတစ်ပင်ကူးရင်း တကျီကျီ အော်မြည်လျက်ရှိသည်။ အသူရိန်နေမင်းကြီးကား တဖြည်းဖြည်း တောက်ပလျက်ရှိနေချေတော့သည်။

(ပြီးပါပြီ)

လက်နက်သားကောင်၊ သိုင်းထွဋ်ခေါင်

ဘုန်းကြွယ်

လွင်စာပေ
အမှတ် ၁၅/၁၃၈၊

တက်လမ်း စာပေ